မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၃၅ ]** ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက် ( ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၂၃/၂၀၁၉**

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များတွင် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးဖွေအား | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| (၂) | ဦးကျော်မင်း (ခ) ဦးဖိုးမင်း | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၂၄/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

**တိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊

ပုဒ်မခွဲ (ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါ်မိုးမိုးစုကြည် ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၂၅/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ရှိ ဝန်ကြီးများကို ယှဉ်တွဲပါ ဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည် -

(၁) ဦးမြင့်ဆွေ — အလုပ်သမားရေးရာဝန်ကြီးဌာန
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(၂) ဦးဝဏ္ဏကျော် — စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
မွန်ပြည်နယ်အစိုးရအဖွဲ့

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၂၆/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

**တိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးမြင့်အောင် ကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၈၁/၂၀၁၉

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၈ ရက်)

### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန တိုးချဲ့ဖွဲ့စည်းခြင်း

သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး၏ သဘောတူညီချက်အရ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့တွင် **လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန** ကို တိုးချဲ့ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၁၉

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း

သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး၏ သဘောတူညီချက်အရ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ရှိ အောက်ပါဝန်ကြီးဌာနများကို ယှဉ်တွဲပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ | လက်ရှိ ဝန်ကြီးဌာန | ပြင်ဆင်ဖွဲ့စည်းသည့် ဝန်ကြီးဌာန |
|---|---|---|
| (၁) မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အလုပ်သမားရေးရာ ဝန်ကြီးဌာန |
| (၂) မွန်ပြည်နယ် အစိုးရအဖွဲ့ | စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၁၉

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန တိုးချဲ့ဖွဲ့စည်းခြင်း

သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး၏ သဘောတူညီချက်အရ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ဧရာဝတီတိုင်းဒေသကြီး

အစိုးရအဖွဲ့တို့တွင် **လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန** ကို တိုးချဲ့ ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်)

## အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇။ )

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) **အလုပ်သမား**ဆိုသည်မှာ အလုပ်ရှင်ထံ ကာယအား၊ ဉာဏအား အသုံးပြု၍ အခကြေးငွေ ရယူပြီး လုပ်ကိုင်သူကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်သင်၊ အစမ်းခန့်နှင့် အငြင်းပွားမှု ဖြစ်ပွားနေစဉ်အတွင်း အလုပ်မှရပ်စဲခံရသူ သို့မဟုတ် အလုပ်ထုတ်ခံရသူ အလုပ်သမား များလည်းပါဝင်သည်။ သို့ရာတွင် နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်၏ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်အဖွဲ့အစည်းများ မပါဝင်။"

(ခ) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) **အလုပ်ရှင်**ဆိုသည်မှာ မိမိ၏လုပ်ငန်းအတွက် လုပ်အားကိုရရှိရန် အလုပ်သမားအား အခကြေးငွေပေးရန် တာဝန်ရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် လုပ်ငန်းအမွေ ဆက်ခံသူ သို့မဟုတ် ၎င်း၏တရားဝင်ကိုယ်စားလှယ်၊ အခွင့်ရကိုယ်စားလှယ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ တည်ထောင်သောကုမ္ပဏီဖြစ်ပါက လုပ်ငန်းကို ကြီးကြပ်အုပ်ချုပ်မည့် အကြီးအကဲနှင့် ဒါရိုက်တာဘုတ်အဖွဲ့ဝင်များလည်းပါဝင်သည်။"

(ဂ) ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲငယ် (၆) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၆) ဝန်ကြီးဌာနက မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည်ဟု အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် လုပ်ငန်းများ။"

(ဃ) ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဈ) **သပိတ်မှောက်ခြင်း**ဆိုသည်မှာ အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှုတစ်ခုခုတွင် ညှိနှိုင်း၍မရနိုင်သည့် အခြေအနေ၌ လူမှုရေး သို့မဟုတ် အလုပ်အကိုင်ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ အလုပ်သမားအချို့ကဖြစ်စေ၊ အားလုံးကဖြစ်စေ၊ လုပ်ငန်းခွင်နှင့်သက်ဆိုင်သည့် အလုပ်သမားအဖွဲ့အစည်းများကဖြစ်စေ၊ ဆုံးဖြတ်၍ အလုပ်ရပ်ဆိုင်းခြင်း၊ အလုပ်လုပ်ကိုင်ရန်ဖြစ်စေ၊ အလုပ်ဆက်လက်လုပ်ကိုင်ရန်ဖြစ်စေ၊ ငြင်းဆန်ခြင်း၊ အလုပ်နှောင့်နှေးစေရန်ပြုလုပ်ခြင်း သို့မဟုတ် အလုပ်သမားအများစုသဘောတူညီမှုဖြင့် ထုတ်လုပ်မှုကိုဖြစ်စေ၊ ဝန်ဆောင်မှုကိုဖြစ်စေ ထိခိုက်ကျဆင်းစေသည့် စုပေါင်းလုပ်ဆောင်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်သမားများ၏ အသက် သို့မဟုတ် ကျန်းမာရေးအပေါ် ရုတ်တရက်ပြင်းထန်စွာ အန္တရာယ်ကျရောက်မည်ဟု ယုတ္တိတန်စွာ ယုံကြည်သည့် အကြောင်းကြောင့် လုပ်ငန်းခွင်မှ ထွက်ခွာသွားနိုင်သော ယင်းတို့၏အခွင့်အရေးကို ကျင့်သုံးခြင်း မပါဝင်။"

(င) ပုဒ်မခွဲ (ဋ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဋ) **စုပေါင်းတောင်းဆိုဆွေးနွေးညှိနှိုင်းမှု**ဆိုသည်မှာ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်သမားများ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများအကြား အလုပ်လုပ်ကိုင်မှုအခြေအနေနှင့် စည်းကမ်းချက်များ၊ ယင်းတို့၏ အလုပ်သမားရေးရာ ဆက်ဆံမှုများ သို့မဟုတ် အငြင်းပွားမှုမဖြစ်ပွားစေရန် ကာကွယ်မှုနှင့် ဖြေရှင်းမှုများကို စုပေါင်းဆွေးနွေးညှိနှိုင်းပြီး စုပေါင်းသဘောတူညီချက်ချမှတ်နိုင်ရန် ဆောင်ရွက်သည့်လုပ်ငန်းစဉ်ကို ဆိုသည်။"

(စ) ပုဒ်မခွဲ (ဌ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဌ) **စုပေါင်းသဘောတူညီချက်**ဆိုသည်မှာ စုပေါင်းတောင်းဆို ဆွေးနွေးညှိနှိုင်းမှုအရ အလုပ်သမားများ၏လုပ်ငန်းခွင်နှင့် အလုပ်လုပ်ကိုင်မှုအခြေအနေများ သတ်မှတ်ခြင်း၊ အလုပ်ရှင်များနှင့် အလုပ်သမားများ၊ ယင်းတို့၏ သက်ဆိုင်ရာအဖွဲ့အစည်းများအကြားတွင် ဆက်ဆံမှုဆိုင်ရာစည်းကမ်းချက်များ သတ်မှတ်ခြင်း၊ အလုပ်သမားအဖွဲ့အစည်းများ၏ တရားဝင်ရပ်တည်မှုကို အသိအမှတ်ပြုဆောင်ရွက်ခြင်းနှင့် အလုပ်သမားများအတွက် လူမှုကာကွယ်စောင့်ရှောက်မှု အာမခံချက်များကို မြှင့်တင်ခြင်းတို့အပါအဝင် အလုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ စာဖြင့်ချုပ်ဆိုသည့် နှစ်ဖက်သဘောတူညီချက်ကို ဆိုသည်။"

(ဆ) ပုဒ်မခွဲ (ဍ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဍ) **အငြင်းပွားမှု**ဆိုသည်မှာ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်အဖွဲ့အစည်းနှင့် အလုပ်သမား သို့မဟုတ် အလုပ်သမားများ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများ၏ အလုပ်ခန့်ထားခြင်း၊ အလုပ်လုပ်ကိုင်ခြင်း၊ အလုပ်ရပ်စဲခြင်းတို့နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ လုပ်သက်ဆု၊ လုပ်အားဆုနှင့် စရိတ်အပါအဝင် အလုပ်လုပ်ကိုင်မှု သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ အလုပ်နှင့်သက်ဆိုင်သည့် ထိခိုက်နစ်နာမှုများ၊ လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်ဒဏ်ရာရရှိမှုများ၊ သေဆုံးမှုများ သို့မဟုတ် လုပ်ငန်းခွင်ကြောင့်ဖြစ်ပေါ်သောရောဂါများအတွက် လျော်ကြေးနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ အလုပ်သမားများ၏ နားရက်၊ ခွင့်ကိစ္စအပါအဝင် အလုပ်သမားရေးရာ အခြားကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ အလုပ်သမားအများစု၏ ရသင့်ရထိုက်သော

အကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များနှင့်သော်လည်းကောင်း အလုပ်ရှင်တစ်ဦး သို့မဟုတ် အလုပ်ရှင်များ သို့မဟုတ် ယင်းတို့အားကိုယ်စားပြုသည့် အလုပ်ရှင်အဖွဲ့အစည်းနှင့် အလုပ်သမားတစ်ဦး သို့မဟုတ် အလုပ်သမားများ သို့မဟုတ် ယင်းတို့အားကိုယ်စားပြုသည့် အလုပ်သမားအဖွဲ့အစည်းတို့အကြား ဖြစ်ပွားသော အငြင်းပွားမှု သို့မဟုတ် သဘောထားကွဲလွဲမှုကို ဆိုသည်။"

(ဇ) ပုဒ်မခွဲ (ပ) နှင့် (ဏ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ပ) **အခွင့်အရေးဆိုင်ရာ အငြင်းပွားမှု**ဆိုသည်မှာ အလုပ်ရှင် သို့မဟုတ် အလုပ်သမားများ၏ အလုပ်သမားဥပဒေပါ ရပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုကို ဆိုသည်။

(ဏ) **အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှု**ဆိုသည်မှာ စုပေါင်းသဘောတူညီချက်နှင့် စပ်လျဉ်းသော အငြင်းပွားမှု၊ အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များနှင့် အကျုံးဝင်မှု မရှိသော်လည်း အလုပ်သမားအများစု၏ ရသင့်ရထိုက်သော အကျိုးစီးပွားနှင့် သက်ဆိုင်သည့် အငြင်းပွားမှုများနှင့် လုပ်ငန်းခွင်ဆက်ဆံရေးနှင့်စပ်လျဉ်းသော အငြင်းပွားမှုများကို ဆိုသည်။"

(ဈ) ပုဒ်မခွဲ (ဖ) နှင့် (ဗ) တို့တွင်ပါရှိသော "အလုပ်သမားဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

(ည) ပုဒ်မခွဲ (ဗ) ၏ နောက်တွင် ပုဒ်မခွဲ (ဘ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဘ) **ဦးစီးဌာန**ဆိုသည်မှာ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနကို ဆိုသည်။"

၃။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (က) ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) အလုပ်သမားအဖွဲ့အစည်းရှိလျှင် စုပေါင်းတောင်းဆိုဆွေးနွေးညှိနှိုင်းမှု ပြုလုပ်နိုင်ရေးအတွက် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီကို သတ်မှတ်ချက်နှင့်အညီ သတ်မှတ်ကာလအတွင်း အောက်ပါအတိုင်း ဖွဲ့စည်းရမည် -"

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(၁) အလုပ်သမားအဖွဲ့အစည်းတစ်ခုချင်းက အဆိုပြုသည့် အလုပ်သမားကိုယ်စားလှယ်သုံးဦးစီ၊"

(ဂ) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) အလုပ်သမားအဖွဲ့အစည်းမရှိလျှင် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီကို သတ်မှတ်ချက်နှင့်အညီ သတ်မှတ်ကာလအတွင်း အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) အလုပ်သမားများက ရွေးချယ်ပေးသော အလုပ်သမားကိုယ်စားလှယ် သုံးဦး၊

(၂) အလုပ်ရှင်ကိုယ်စားလှယ် သုံးဦး။"

၄။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ညှိနှိုင်းရေးကော်မတီ၏သက်တမ်းသည် နှစ်နှစ်ဖြစ်သည်။"

၅။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆။ (က) အလုပ်သမား သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းဘက်ကဖြစ်စေ၊ အလုပ်ရှင်ဘက်ကဖြစ်စေ ၎င်းတို့၏နစ်နာချက်ကို ညှိနှိုင်းရေးကော်မတီသို့ ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်ဖြင့် တောင်းဆိုတိုင်ကြားလာပါက ညှိနှိုင်းရေးကော်မတီသည် တောင်းဆိုချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ဆွေးနွေးညှိနှိုင်းဖြေရှင်းရမည်။"

၆။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇။ အလုပ်သမား ၃၀ ဦး မပြည့်သဖြင့် ညှိနှိုင်းရေးကော်မတီဖွဲ့စည်းခြင်း မရှိသည့်လုပ်ငန်းတွင် နစ်နာချက်ကို အလုပ်ရှင်ထံတောင်းဆိုပါက အလုပ်ရှင်သည် အလုပ်သမားများ သို့မဟုတ် ယင်းတို့၏ ကိုယ်စားလှယ်များနှင့် တောင်းဆိုချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ဆွေးနွေးညှိနှိုင်း ဖြေရှင်းပြီး ဖြေရှင်းမှုမှတ်တမ်းရေးသားထားရှိ၍ သက်ဆိုင်ရာညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က တောင်းခံသည့် အခါ ယင်းမှတ်တမ်းကို ပေးပို့ရမည်။"

၇။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ ပုဒ်မ ၆ သို့မဟုတ် ပုဒ်မ ၇ အရ ဆွေးနွေးညှိနှိုင်းရာတွင် -

(က) ပြေငြိမ်းမှုရရှိပါက အလုပ်ရှင်နှင့် အလုပ်သမားများသည် စုပေါင်းသဘောတူညီချက် ချုပ်ဆိုပြီး သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ မိတ္တူပေးပို့ရမည်။

(ခ) ပြေငြိမ်းမှုမရရှိသည့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ဖျန်ဖြေရေးကို ဆက်လက်ခံယူလိုပါက အလုပ်ရှင် သို့မဟုတ် အလုပ်သမားသည် သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြား နိုင်သည်။

(ဂ) စုပေါင်းသဘောတူညီချက်ကို လိုက်နာမှုမရှိပါက နစ်နာသူသည် သက်ဆိုင်ရာညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားနိုင်သည်။

(ဃ) စုပေါင်းသဘောတူညီချက်၏ သက်တမ်းကာလမှာ တစ်နှစ်ဖြစ်ရမည်။ အဆိုပါ သက်တမ်း ကာလအတွင်း သဘောတူညီထားသည့်အချက်နှင့်စပ်လျဉ်း၍ ထပ်မံတောင်းဆိုခြင်း မပြုရ။"

၈။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၀။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်များတွင် အငြင်းပွားမှုညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | |
|---|---|
| (၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသူ တစ်ဦး၊ | ဥက္ကဋ္ဌ |
| (၂) အခြေခံနှင့် မြို့နယ်အလုပ်ရှင်အဖွဲ့အစည်းများက ရွေးချယ်ပေးသော အခြေခံနှင့် မြို့နယ်အဆင့်အလုပ်ရှင်အဖွဲ့အစည်းဝင် ကိုယ်စားလှယ် သုံးဦး၊ | အဖွဲ့ဝင် |
| (၃) အခြေခံနှင့် မြို့နယ်အလုပ်သမားအဖွဲ့အစည်းများက ရွေးချယ်ပေးသော အခြေခံနှင့် မြို့နယ်အဆင့်အလုပ်သမားအဖွဲ့အစည်းဝင် ကိုယ်စားလှယ် သုံးဦး၊ | အဖွဲ့ဝင် |
| (၄) သက်ဆိုင်ရာ မြို့နယ်အဆင့် အစိုးရဌာနဆိုင်ရာ ကိုယ်စားလှယ် တစ်ဦး၊ | အဖွဲ့ဝင် |
| (၅) ဝန်ကြီးဌာနကတာဝန်ပေးအပ်ခြင်းခံရသူ တစ်ဦး။ | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို စက်ရုံ၊ အလုပ်ရုံများ၊ အလုပ်သမားဦးရေနှင့် အငြင်းပွားမှုများပြားသော မြို့နယ်များတွင် လိုအပ်ပါက တစ်ဖွဲ့ ထက်ပို၍ ဖွဲ့စည်းနိုင်သည်။"

၉။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ သက်တမ်းသည် သုံးနှစ်ဖြစ်သည်။"

၁၀။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၂။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် -

(က) တိုင်ကြားလာသည့် သို့မဟုတ် လက်ခံရရှိသည့် အငြင်းပွားမှုအား ပြေငြိမ်းစေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ကာလအတွင်း ဖျန်ဖြေဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အခွင့်အရေးဆိုင်ရာ အငြင်းပွားမှု သို့မဟုတ် အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုအမျိုးအစား ခွဲခြားသတ်မှတ်၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ယင်းအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် အကျုံးမဝင်သည့် အငြင်းပွားမှုများ၊ အခွင့်အရေးဆိုင်ရာ အငြင်းပွားမှုများနှင့် အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီ၏ စုပေါင်းသဘောတူညီချက်ကို လိုက်နာမှုမရှိ၍ တိုင်ကြားလာသည့်အချက်များသည် တည်ဆဲအလုပ်သမားဥပဒေပါ ရပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များဖြစ်ပါက သက်ဆိုင်ရာဦးစီးဌာနများ၊ စီရင်ပိုင်ခွင့်ရှိသောတရားရုံးသို့ လွှဲပြောင်းထားနိုင်ရန် သက်ဆိုင်ရာအလုပ်ရှင်၊ အလုပ်သမားများထံ အသိပေးရမည်။"

၁၁။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၃။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီသည် ပုဒ်မ ၁၀ အရ ဖွဲ့စည်းသည့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ပြင်ဆင်ဖွဲ့စည်းခြင်း၊ အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းအပါအဝင် အခြားလိုအပ်သည့် ကိစ္စရပ်များအား ဆောင်ရွက်ရမည်။"

၁၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၄။ မြန်မာနိုင်ငံအတွင်း တည်ထောင်ထားရှိသည့် အထူးစီးပွားရေးဇုန်တွင် အငြင်းပွားမှုများ ညှိနှိုင်းဖြေရှင်းရေးအတွက် သီးခြားဥပဒေပြဋ္ဌာန်းချက်မရှိလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီသည် ပုဒ်မ ၁၀ ပါအတိုင်း အထူးညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းရမည်။"

၁၃။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၆။ ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေတွင် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | |
|---|---|
| (က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်ခြင်းခံရသူ တစ်ဦး၊ | ဥက္ကဋ္ဌ |
| (ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ မြို့နယ်နှင့် အခြေခံအလုပ်ရှင်အဖွဲ့အစည်းဝင်များက အဆိုပါအဖွဲ့အစည်းဝင်များထဲမှ ဆန္ဒမဲဖြင့် ရွေးချယ်သော ကိုယ်စားလှယ် ငါးဦး၊ | အဖွဲ့ဝင် |
| (ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ မြို့နယ်နှင့် အခြေခံအလုပ်သမားအဖွဲ့အစည်းဝင်များက အဆိုပါအဖွဲ့အစည်းဝင်များထဲမှ ဆန္ဒမဲဖြင့် ရွေးချယ်သော ကိုယ်စားလှယ် ငါးဦး၊ | အဖွဲ့ဝင် |
| (ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အစိုးရဌာနဆိုင်ရာ ကိုယ်စားလှယ် သုံးဦး၊ | အဖွဲ့ဝင် |
| (င) ဝန်ကြီးဌာနက တာဝန်ပေးအပ်ခြင်းခံရသူ တစ်ဦး။ | အတွင်းရေးမှူး" |

၁၄။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ခုံသမာဓိအဖွဲ့၏ သက်တမ်းသည် သုံးနှစ်ဖြစ်သည်။"

၁၅။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၉။ ဝန်ကြီးဌာနသည် ဥပဒေရေးရာကျွမ်းကျင်သူများနှင့် အလုပ်သမားရေးရာကျွမ်းကျင်သူများထဲမှ ကိုယ်ကျင့်တရားကောင်းမွန်သည့် ပုဂ္ဂိုလ် ၁၅ ဦး ပါဝင်သော အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိကောင်စီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ဝန်ကြီးဌာနက ရွေးချယ်သော ပုဂ္ဂိုလ် ငါးဦး၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိ အလုပ်ရှင်အဖွဲ့ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် မြို့နယ်အလုပ်ရှင်အဖွဲ့အစည်းများက ပူးပေါင်းရွေးချယ်သော ပုဂ္ဂိုလ် ငါးဦး၊

(ဂ) မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိ အလုပ်သမားအဖွဲ့အစည်းများ၊ မြို့နယ်အလုပ်သမား အဖွဲ့အစည်းများက ပူးပေါင်းရွေးချယ်သော ပုဂ္ဂိုလ် ငါးဦး။"

၁၆။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၉ ၏နောက်တွင် ပုဒ်မ ၁၉-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၉-က။ ပုဒ်မ ၁၉ အရ ဖွဲ့စည်းသည့် ခုံသမာဓိကောင်စီဝင်များထဲမှ အလှည့်ကျ သဘာပတိတစ်ဦးကို အဖွဲ့ဝင်များ၏ဆန္ဒမဲဖြင့် ဝန်ကြီးဌာနကရွေးချယ်သော ပုဂ္ဂိုလ်များထဲမှ ရွေးချယ်ရမည်။"

၁၇။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ခုံသမာဓိကောင်စီ၏ သက်တမ်းသည် သုံးနှစ်ဖြစ်သည်။"

၁၈။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) လက်ခံရရှိသည့် အငြင်းပွားမှုအား ကြားနာစစ်ဆေးရန် ပုဒ်မ ၁၉ ပါ ပုဂ္ဂိုလ်များအနက်မှ ကိုယ်စားပြုအဖွဲ့အစည်းတစ်ခုစီမှ ပုဂ္ဂိုလ်တစ်ဦးစီပါဝင်သော သုံးဦးပါ ခုံအဖွဲ့ကို သတ်မှတ်ချက်နှင့်အညီ ဖွဲ့စည်းပေးခြင်းနှင့် စစ်ဆေးဆုံးဖြတ်စေခြင်း၊"

၁၉။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၂။ (က) ဝန်ကြီးဌာနသည် ခုံသမာဓိကောင်စီကဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို တည်ဆဲ အလုပ်သမားဥပဒေများနှင့်အညီ သတ်မှတ်ရမည်။"

၂၀။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၃။ အလုပ်ရှင် သို့မဟုတ် အလုပ်သမားတစ်ဖက်ဖက်သည် အခွင့်အရေးဆိုင်ရာ အငြင်းပွားမှုနှင့် စပ်လျဉ်း၍ မကျေနပ်သူကိုယ်တိုင်ဖြစ်စေ၊ တရားဝင်လွှဲအပ်ထားသော ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သက်ဆိုင်ရာဦးစီးဌာနများ သို့မဟုတ် စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ လျှောက်ထားနိုင်သည်။"

၂၁။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၄။ အငြင်းပွားမှုနှင့်စပ်လျဉ်း၍ အလုပ်ရှင် သို့မဟုတ် အလုပ်သမားတစ်ဖက်ဘက်၏ တိုင်ကြားချက်အရဖြစ်စေ၊ ဝန်ကြီးဌာန၏အကြောင်းကြားချက်အရဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အကြောင်းကြားချက်အရဖြစ်စေ၊ အခြားနည်းလမ်းတစ်ခုခုအရဖြစ်စေ သိရှိသည့် သို့မဟုတ် လက်ခံရရှိသည့် အကျိုးစီးပွားဆိုင်ရာအငြင်းပွားမှုကို သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အငြင်းပွားမှုနှင့်စပ်လျဉ်း၍ သိရှိသည့် သို့မဟုတ် လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ပြေငြိမ်းစေရန် ဖျန်ဖြေပေးခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ ဖျန်ဖြေရာတွင် ပြေငြိမ်းမှုရရှိပါက ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်တွင် နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုစေခြင်း၊

(ဂ) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်တွင် ချုပ်ဆိုသည့် နှစ်ဖက်သဘောတူစာချုပ်ဖောက်ဖျက်လျှင် ဦးစီးဌာနမှ တာဝန်ပေးအပ်သည့် အရာရှိကဖောက်ဖျက်သည့်ဘက်ကို တရားစွဲရမည်။"

၂၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၂၅ တွင် ပါရှိသော "စုပေါင်းအငြင်းပွားမှုကို" ဆိုသည့်စကားရပ်ကို "အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုကို" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၃။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၂၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၆။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် ဖျန်ဖြေရေးဆောင်ရွက်ရာတွင် ပြေငြိမ်းမှုမရသည့်အချက်များအပေါ် သုံးသပ်အကြံပြုချက်ပါဝင်သော အသေးစိတ် အစီရင်ခံစာနှင့်အတူ အမှုတွဲအား တရားဝင်ရုံးပိတ်ရက်များမပါ နှစ်ရက်အတွင်း သက်ဆိုင်ရာခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရမည်။"

၂၄။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၇။ သက်ဆိုင်ရာခုံသမာဓိအဖွဲ့သည် ပုဒ်မ ၂၆ အရ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က လွှဲအပ်သော အကျိုးစီးပွားဆိုင်ရာအငြင်းပွားမှုအား လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ဆုံးဖြတ်ချက်ချမှတ်ရမည်ဖြစ်ပြီး တရားဝင်ရုံးပိတ်ရက်များမပါ နှစ်ရက်အတွင်း သက်ဆိုင်ရာအငြင်းပွားသူများထံ ဆုံးဖြတ်ချက်ပေးပို့ရမည်။ မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အများပြည်သူဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းနှင့်သက်ဆိုင်သည့် ဆုံးဖြတ်ချက်ဖြစ်ပါက ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့ မိတ္တူပေးပို့ရမည်။"

၂၅။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၈။ မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းနှင့်သက်ဆိုင်သည့် ဆုံးဖြတ်ချက်မှတစ်ပါး ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို မကျေနပ်ပါက အငြင်းပွားသူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဘက်မှ လျှောက်ထားခြင်း၊

(ခ) အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ်မှောက်ခြင်းကို သက်ဆိုင်ရာဥပဒေအရပြုလုပ်ခြင်း။"

၂၆။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၃၁၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) အရ လျှောက်ထားသည့် အငြင်းပွားမှုကို လက်ခံရရှိသည့်နေ့ရက်မှ ၁၄ ရက်အတွင်း ဆုံးဖြတ်ချက်ချမှတ်ရမည်။"

၂၇။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၃၂၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ပုဒ်မ ၂၉ အရ လျှောက်ထားသည့် အငြင်းပွားမှုကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ဆုံးဖြတ်ချက်ချမှတ်ရမည်။"

၂၈။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၃၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၃။ ခုံသမာဓိကောင်စီသည် ပုဒ်မ ၃၂၊ ပုဒ်မခွဲ (က) အရ ခုံအဖွဲ့က ချမှတ်သော ဆုံးဖြတ်ချက်မိတ္တူကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ အပါအဝင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များထံပေးပို့ရမည်။"

၂၉။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၃၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၄။ ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို နှစ်ဖက်အငြင်းပွားသူများက သဘောတူလျှင် သို့မဟုတ် အငြင်းပွားသူတစ်ဖက်ဘက်က သတ်မှတ်ကာလအတွင်း ခုံသမာဓိကောင်စီသို့ တင်ပြလျှောက်ထားခြင်း မရှိလျှင် ယင်းဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့မှစ၍ အတည်ဖြစ်သည်။"

၃၀။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၃၆ တွင် ပါရှိသော "သုံးလကျော်လွန်ပါက" ဆိုသည့်စကားရပ်ကို "ရက်ပေါင်း ၉၀ ကျော်လွန်ပါက" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၁။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၈။ မည်သည့်အလုပ်ရှင် သို့မဟုတ် အလုပ်သမားမျှ တောင်းဆိုတိုင်ကြားချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းဖြေရှင်းရန် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ချိန်းဆိုသည့်နေ့ရက်၊ အချိန်တွင် ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ တက်ရောက်ရန်ပျက်ကွက်ခြင်း မရှိစေရ။"

၃၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၃၈ ၏နောက်တွင် ပုဒ်မ ၃၈-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၃၈-က။ မည်သည့်အလုပ်ရှင် သို့မဟုတ် အလုပ်သမားမျှ ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းရန်ပျက်ကွက်ခြင်း မရှိစေရ။ ထိုသို့ဖွဲ့စည်းရန် ပျက်ကွက်ခြင်းကြောင့် သက်ဆိုင်ရာ တရားရုံးမှ ပြစ်မှုထင်ရှားစီရင်သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ဖွဲ့စည်းရန် ထပ်မံပျက်ကွက်ခြင်း မရှိစေရ။"

၃၃။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၃၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၉။ မည်သည့်အလုပ်ရှင်မျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က အငြင်းပွားမှုစစ်ဆေးနေစဉ် ထိုအငြင်းပွားမှုမစမီ တစ်ဆက်တည်းအချိန်ကချမှတ်ထားသော အလုပ်သမားများနှင့်သက်ဆိုင်သည့် ဝန်ထမ်းစည်းကမ်းများကို ယင်းအလုပ်သမားများ၏ အကျိုးထိခိုက်စေရန် ရုတ်တရက်ပြောင်းလဲခြင်း မပြုရ သို့မဟုတ် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ အလုပ်ပိတ်ခြင်း မပြုရ။"

၃၄။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၃၉ ၏နောက်တွင် ပုဒ်မ ၃၉-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၃၉-က။ မည်သည့်အလုပ်သမားမျှ အငြင်းပွားမှုဖြေရှင်းနေစဉ် ကုန်ထုတ်လုပ်မှု ကျဆင်းစေရန် ဆောင်ရွက်ခြင်း သို့မဟုတ် ကျန်ရှိသော အခြားအလုပ်သမားများ၏ အကျိုးစီးပွားပျက်စီးစေရန် ဆောင်ရွက်ခြင်း မပြုရ။"

၃၅။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၃။ မည်သည့်အလုပ်ရှင် သို့မဟုတ် အလုပ်သမားမျှ အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့ ရှေ့မှောက်တွင်ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်ပါ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် သို့မဟုတ် ဆောင်ရွက်ရန်ပျက်ကွက်ခြင်း မရှိစေရ။"

၃၆။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၅ ၏နောက်တွင် ပုဒ်မ ၄၅-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"၄၅-က။ မည်သူမျှ ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဖောက်ဖျက်ခြင်း မပြုရ။"

၃၇။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၆။ (က) မည်သည့်အလုပ်ရှင် သို့မဟုတ် အလုပ်သမားမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် သုံးသိန်းမှ အများဆုံး ကျပ် တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

(ခ) မည်သည့်အလုပ်ရှင် သို့မဟုတ် အလုပ်သမားမဆို ပုဒ်မ ၃၈-က ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် သုံးသိန်းမှ အများဆုံး ကျပ် တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

(ဂ) မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၃၉ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ် သိန်း ၃၀ အထိ ငွေဒဏ်ချမှတ်ရမည်။

(ဃ) မည်သည့်အလုပ်သမားမဆို ပုဒ်မ ၃၉-က ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ် သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

(င) မည်သူမဆို ပုဒ်မ ၄၅-က ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ် နှစ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။"

၃၈။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၆ ၏နောက်တွင် ပုဒ်မ ၄၆-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၄၆-က။ (က) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်သဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ် သိန်း ၃၀ အထိ ငွေဒဏ်ချမှတ်ရမည်။

(ခ) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ခ) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံ ကျူးလွန်သဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် တစ်ဆယ် သိန်းမှ အများဆုံး ကျပ် သိန်း ၃၀ အထိ ငွေဒဏ်ချမှတ်ရမည်။

(ဂ) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ဂ) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံ ကျူးလွန်သဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် သိန်း ၃၀ မှ အများဆုံး ကျပ် သိန်း ၁၀၀ အထိ ငွေဒဏ်ချမှတ်ရမည်။

(ဃ) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ဃ) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်သဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် သုံးသိန်းမှ အများဆုံး ကျပ် တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

(င) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (င) အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံ ကျူးလွန်သဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် နှစ်သိန်းမှ အများဆုံး ကျပ် ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။"

၃၉။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၇။ မည်သူမဆို ပုဒ်မ ၄၀၊ ပုဒ်မ ၄၁ နှင့် ပုဒ်မ ၄၂ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် သိန်း ၂၀ အောက်မနည်းသော ငွေဒဏ်ချမှတ်ရမည်။"

၄၀။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၈။ မည်သူမဆို ပုဒ်မ ၄၄ နှင့် ပုဒ်မ ၄၅ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် တစ်ဆယ်သိန်း အောက်မနည်းသော ငွေဒဏ်ချမှတ်ရမည်။"

၄၁။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၈-က ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၈-က။ (က) အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ရှေ့မှောက်တွင် စာချုပ်ချုပ်ဆိုသူ၊ မည်သည့်အလုပ်ရှင် သို့မဟုတ် အလုပ်သမားမဆို ပုဒ်မ ၄၃ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် သိန်း ၅၀ မှ အများဆုံး ကျပ် သိန်း ၁၀၀ အထိ ငွေဒဏ်ချမှတ်ရမည့်အပြင် အလုပ်သမားရရန်ရှိသည့် ငွေကြေးအကျိုးခံစားခွင့်ကို အလုပ်သမားအားပေးချေရန် အမိန့်ချမှတ်ရမည်။

(ခ) ပုဒ်မ ၃၇ ပါ လိုက်နာရန်တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၄၃-က ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် သိန်း ၁၀၀ မှ အများဆုံး ကျပ် သိန်း ၃၀၀ အထိ ငွေဒဏ်ချမှတ်ရမည့်အပြင် အလုပ်သမားရရန်ရှိသည့် ငွေကြေးအကျိုးခံစားခွင့်ကို အလုပ်သမားအားပေးချေရန် အမိန့်ချမှတ်ရမည်။"

၄၂။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၉ ၏နောက်တွင် ပုဒ်မ ၄၉-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၄၉-က။ ခုံသမာဓိကောင်စီ သို့မဟုတ် သက်ဆိုင်ရာ ခုံသမာဓိအဖွဲ့တွင်ပါဝင်သော အဖွဲ့ဝင်တစ်ဦးဦးအား သတ်မှတ်ထားသည့် အရည်အချင်းပျက်ယွင်းကြောင်း စစ်ဆေးတွေ့ရှိလျှင် ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထိုသူအား အဖွဲ့ဝင်အဖြစ်မှ ရပ်စဲရမည်။"

၄၃။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၅၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၀။ ညှိနှိုင်းရေးကော်မတီ၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီတို့သည် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ ရွေးချယ်တင်မြှောက်ပွဲကျင်းပရမည်ဖြစ်ပြီး သက်တမ်းပြည့်သည့်နေ့တွင် ရွေးချယ်တင်မြှောက်ခံရသောအဖွဲ့များကို တာဝန်လွှဲပြောင်းပေးအပ်ရမည်။ သို့သော် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီတို့၏ သက်တမ်းကုန်ဆုံးပြီးဖြစ်သော်လည်း ဤဥပဒေနှင့်အညီ အသစ်ပြန်လည်ဖွဲ့စည်းပြီးသည့် အချိန်အထိ မိမိ၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။"

၄၄။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၅၀ ၏နောက်တွင် ပုဒ်မ ၅၀-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၅၀-က။ ဤဥပဒေအရ အသစ်ပြန်လည်ဖွဲ့စည်းသော ညှိနှိုင်းရေးကော်မတီ၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့သည် သက်တမ်းကုန်ဆုံးသည့် ညှိနှိုင်းရေးကော်မတီ၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့၏ လုပ်ငန်းမပြီးပြတ်သော စုပေါင်းတောင်းဆိုဆွေးနွေးညှိနှိုင်းမှုနှင့် အငြင်းပွားမှုများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။"

၄၅။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၅၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၁။ အလုပ်ရှင်တစ်ဦးဦးသည် အငြင်းပွားမှုကို ဖြေရှင်းနေစဉ်အတွင်း လုံလောက်သောအကြောင်းမရှိဘဲ အလုပ်သမား၏ အကျိုးခံစားခွင့် လျော့နည်းစေရန် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုခု ကျူးလွန်လျှင် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ကဆုံးဖြတ်သည့် ငွေကြေးခံစားခွင့်ကို အပြည့်အဝ ပေးဆောင်ရမည်။ ယင်းငွေကို ဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် ဦးစီးဌာနမှအရာရှိက မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။"

၄၆။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၅၁ ၏နောက်တွင် ပုဒ်မ ၅၁-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၅၁-က။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်တွင် ချုပ်ဆိုသည့် နှစ်ဖက်သဘောတူစာချုပ်နှင့် ခုံသမာဓိ အဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့တို့၏ ဆုံးဖြတ်ချက်များအား လိုက်နာရန်ပျက်ကွက်လျှင်သော် လည်းကောင်း၊ ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင်သော်လည်းကောင်း၊ ငွေကြေးခံစားခွင့်ပေးရန် ပျက်ကွက်သောကာလ ရက်ပေါင်း ၃၀ ကျော်လွန်လျှင်သော်လည်းကောင်း သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ဝန်ကြီးဌာနမှ တာဝန်ပေးသော အရာရှိကဖြစ်စေ၊ နစ်နာသူကဖြစ်စေ တရားစွဲဆိုရမည်။"

၄၇။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၅၄-က ကို ပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၄ ရက်)

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈။)**

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

## အခန်း (၂)
## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့နှင့်စပ်လျဉ်း၍ ဇယား (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၈) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေ သုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၃)
## ငွေချေးယူခြင်း

၄။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပုဒ်မ ၁၂ တွင် ဖော်ပြထားသည့် ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူရရှိသည့် ငွေပမာဏအပြင် နောက်ထပ် ကျပ် သန်း ငါးသိန်း တိုးမြှင့်လျာထားလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**ဇယား (၁)**
**(ကျပ်သန်းပေါင်း)**

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေ အတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၃ | ပြည်ထောင်စုလွှတ်တော် | ပြည်ထောင်စုလွှတ်တော်နာယက သို့မဟုတ် ပြည်ထောင်စုလွှတ်တော်နာယက က တာဝန်ပေးသူ | | ၆. ၂၀၀ | | | | | | | ၆. ၂၀၀ |
| ၂ | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ | ၁၂၁. ၂၆၄ | | | | | | | | ၁၂၁. ၂၆၄ |
| ၃ | ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | ၂၅. ၈၀၀ | | | | | ၂၅. ၈၀၀ |
| ၄ | ၉ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသူ | ၁၁၈. ၉၆၉ | | | | | | | | ၁၁၈. ၉၆၉ |
| ၅ | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | | ၉၆. ၉၅၅ | | | | | ၉၆. ၉၅၅ |
| ၆ | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တာဝန်ပေးသူ | ၉၀. ၃၅၃ | | | ၈. ၄၈၀ | | | | | ၉၈. ၈၃၃ |
| | | **ပေါင်း** | | **၃၃၀. ၅၈၆** | **၆. ၂၀၀** | | **၁၃၁. ၂၃၅** | | | | | **၄၆၈. ၀၂၂** |

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား (၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေ အတွက် ပေးဆပ်ငွေ | အဖွဲ့အစည်း များတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | နိုင်ငံခြားရေး | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၆,၃၆၆. ၈၆၀ | | ၁,၃၄၄. ၀၀၀ | ၆၂. ၂၃၆ | | | | | ၇,၇၇၃. ၀၉၆ |
| ၂ | ၃ | ပြည်ထဲရေး | ၎င်း | ၅,၀၃၈. ၉၈၅ | ၃၅၀. ၆၇၆ | ၇. ၇၅၀ | ၈,၂၉၆. ၀၄၃ | | | | | ၁၃,၆၉၃. ၄၅၄ |
| ၃ | ၄ | ကာကွယ်ရေး | ၎င်း | ၁၅၉,၉၀၃. ၇၂၃ | ၉၃၀. ၀၆၆ | | ၁၂၉,၀၇၁. ၆၉၃ | | ၂,၂၅၂. ၃၃၈ | | | ၂၉၂,၁၅၇. ၈၂၀ |
| ၄ | ၅ | နယ်စပ်ရေးရာ | ၎င်း | | | ၂,၂၄၇. ၅၀၀ | ၁,၀၆၄. ၃၄၆ | | | | | ၃,၃၁၁. ၈၄၆ |
| ၅ | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | ၎င်း | | | | ၅. ၉၈၅ | | | | | ၅. ၉၈၅ |
| ၆ | ၇ | ပြန်ကြားရေး | ၎င်း | ၂၅၅. ၂၇၅ | | ၃. ၃၂၃ | ၁. ၃၁၀ | | | | | ၂၅၉. ၉၀၈ |
| ၇ | ၈ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၎င်း | ၁၆. ၇၅၀ | | | ၁၇. ၉၉၄ | | | | | ၃၄. ၇၄၄ |
| ၈ | ၉ | သာသနာရေးနှင့် ယဉ်ကျေးမှု | ၎င်း | ၄၈၇. ၄၀၂ | | | ၂၄. ၇၀၂ | | | | | ၅၁၂. ၁၀၄ |
| ၉ | ၁၀ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၎င်း | ၆,၀၂၃. ၅၅၂ | ၃,၁၅၆. ၀၁၆ | ၂,၈၅၆. ၉၁၇ | ၂၇,၄၆၆. ၄၂၆ | | ၁၂,၈၅၂. ၃၆၀ | | | ၅၂,၃၅၅. ၂၇၂ |
| ၁၀ | ၁၁ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ၎င်း | ၃,၇၅၉. ၈၅၁ | ၂,၃၅၂. ၆၃၉ | ၄၇. ၃၁၂ | ၂၆,၅၅၀. ၂၃၀ | | ၆၃၃. ၁၁၈ | | | ၃၃,၃၄၃. ၃၅၀ |
| ၁၁ | ၁၂ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၎င်း | ၁,၂၃၈. ၅၇၅ | | | ၁,၆၃၇. ၈၄၁ | | | | | ၂,၈၇၆. ၄၁၆ |
| ၁၂ | ၁၃ | လျှပ်စစ်နှင့် စွမ်းအင် | ၎င်း | ၁,၅၁၀. ၈၇၂ | ၁,၃၄၈. ၀၉၀ | ၀. ၉၅၀ | ၅၃,၅၂၉. ၁၆၀ | | ၄,၈၇၈. ၅၅၃ | | | ၆၁,၂၆၇. ၆၂၅ |
| ၁၃ | ၁၄ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၎င်း | ၈၆၀. ၁၀၈ | | | | | | | | ၈၆၀. ၁၀၈ |
| ၁၄ | ၁၅ | စက်မှု | ၎င်း | ၁၅၇. ၃၆၁ | | | ၁,၃၂၂. ၃၅၂ | | | | | ၁,၄၇၉. ၇၁၃ |
| ၁၅ | ၁၆ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး | ၎င်း | ၂၅၃. ၄၇၈ | | | ၇. ၉၈၀ | | | | | ၂၆၁. ၄၅၈ |
| ၁၆ | ၁၇ | ပညာရေး | ၎င်း | ၄၃,၇၃၇. ၇၉၅ | ၁၂၃. ၃၈၉ | ၁၁. ၉၉၂ | ၆၁,၆၈၇. ၄၅၉ | | | | | ၁၀၅,၅၆၀. ၆၃၅ |
| ၁၇ | ၁၈ | ကျန်းမာရေးနှင့် အားကစား | ၎င်း | ၁၂,၄၂၉. ၈၆၄ | | | ၃၄,၅၃၀. ၄၀၁ | | | | | ၄၆,၉၆၀. ၂၆၅ |
| ၁၈ | ၁၉ | စီမံကိန်းနှင့် ဘဏ္ဍာရေး | ၎င်း | ၁၃၃,၈၉၄. ၇၃၇ | ၉၅,၅၉၀. ၂၅၂ | ၁၀,၉၅၁. ၁၈၇ | ၇၅၇. ၃၀၀ | ၄၆,၆၂၅. ၁၄၂ | ၁၁,၁၀၅. ၈၀၆ | ၁၃,၀၀၇. ၄၇၇ | | ၃၁၁,၉၃၁. ၉၀၁ |
| ၁၉ | | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး | ၎င်း | ၈၁၂. ၈၄၈ | | ၂၂. ၇၉၀ | ၃၈၆. ၄၇၀ | | | | | ၁,၂၂၂. ၁၀၈ |
| ၂၀ | ၂၀ | ဆောက်လုပ်ရေး | ၎င်း | ၂၄၄. ၁၈၄ | | ၀. ၉၃၀ | ၂၄. ၉၆၇. ၉၁၀ | | | | | ၂၅,၂၁၃. ၀၂၄ |
| ၂၁ | ၂၁ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၎င်း | ၁၂,၅၀၇. ၀၇၇ | | ၁,၇၉၀. ၇၃၁ | ၅,၆၂၂. ၀၃၀ | | | | | ၁၉. ၉၂၀. ၈၃၈ |
| ၂၂ | ၂၂ | ဟိုတယ်နှင့် ခရီးသွားလာရေး | ၎င်း | ၂,၇၁၃. ၁၂၀ | | ၃၂. ၉၈၈ | ၁၅၀. ၇၄၅ | | | | | ၂,၈၉၆. ၈၅၃ |
| ၂၃ | ၂၃ | တိုင်းရင်းသားလူမျိုးများရေးရာ | ၎င်း | | | | ၅. ၄၅၀ | | | | | ၅. ၄၅၀ |
| ၂၄ | | တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ လိုငွေဖြည့်ဆည်းခြင်းအတွက် ထောက်ပံ့ငွေ | ၎င်း | | | ၇၈,၉၅၃. ၅၉၆ | | | | | | ၇၈,၉၅၃. ၅၉၆ |
| | | **ပေါင်း** | | **၃၉၂,၂၁၂. ၄၁၇** | **၁၀၃,၈၅၁. ၁၂၈** | **၉၈,၂၇၂. ၉၆၆** | **၃၇၇,၁၆၆. ၀၆၃** | **၄၆,၆၂၅. ၁၄၂** | **၃၁,၇၂၂. ၃၇၆** | **၁၃,၀၀၇. ၄၇၇** | | **၁,၀၆၂,၈၅၇. ၅၆၉** |

# နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ သုံးငွေများ | | | | | | မိမိဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်မည့်သုံးငွေများ (လုပ်ငန်းသုံးရင်းနှီးငွေ) | | | | | | စုစုပေါင်း |
| | | | | သာမန်သုံးငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | သုံးငွေပေါင်း | သာမန်သုံးငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | သုံးငွေပေါင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀(၅ မှ ၉ ထိ) | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆(၁၁ မှ ၁၅ ထိ) | ၁၇ (၁၀+၁၆) |
| ၁ | ၁ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတကတာဝန်ပေးသူ | | | | | | | ၁,၈၄၁. ၂၃၁ | | | | | ၁,၈၄၁. ၂၃၁ | ၁,၈၄၁. ၂၃၁ |
| ၂ | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | ၎င်း | ၂၅၉၂. ၀၅၉ | ၅,၈၉၄. ၉၃၅ | | | | ၈,၄၈၆. ၉၉၄ | ၁၂,၈၂၁. ၇၆၅ | | | ၉၄၇. ၄၅၇ | ၃,၀၀၀. ၀၀၀ | ၁၆,၇၆၉. ၂၂၂ | ၂၅,၂၅၆. ၂၁၆ |
| ၃ | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁. ၁၇၈ | | | | | ၁. ၁၇၈ | ၁၂၃,၁၅၅. ၀၈၆ | | | | | ၁၂၃,၁၅၅. ၀၈၆ | ၁၂၃,၁၅၆. ၂၆၄ |
| ၄ | ၄ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၀၂,၃၈၈. ၅၇၆ | ၅၁,၁၂၄. ၇၃၉ | | ၉,၀၅၃. ၆၆၂ | | ၁၆၂,၅၆၆. ၉၇၇ | ၅၂၆,၆၉၁. ၈၃၅ | ၆၇၁. ၄၄၆ | | ၂၆,၁၂၉. ၆၈၆ | | ၅၅၃,၄၉၂. ၉၆၇ | ၇၁၆,၀၅၉. ၉၄၄ |
| ၅ | ၅ | စက်မှုဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၂,၂၃၄. ၃၈၉ | ၁၃,၁၉၃. ၂၂၁ | | ၂၁,၆၅၄. ၄၇၄ | | ၃၇,၀၈၂. ၀၈၄ | ၁၀,၀၀၈. ၃၃၂ | | | | | ၁၀,၀၀၈. ၃၃၂ | ၄၇,၀၉၀. ၄၁၆ |
| ၆ | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၅၁,၂၅၁. ၂၃၉ | ၁,၈၇၄. ၄၁၄ | ၃၂,၈၅၅. ၄၆၀ | | ၅၃,၀၆၄. ၃၉၀ | ၂၃၉,၀၄၅. ၅၀၃ | | | | | | | ၂၃၉,၀၄၅. ၅၀၃ |
| | | ပေါင်း | | ၂၅၈,၄၆၇. ၄၄၁ | ၇၂,၀၈၇. ၃၀၉ | ၃၂,၈၅၅. ၄၆၀ | ၃၀,၇၀၈. ၁၃၆ | ၅၃,၀၆၄. ၃၉၀ | ၄၄၇,၁၈၂. ၇၃၆ | ၆၇၄,၅၁၈. ၂၄၉ | ၆၇၁. ၄၄၆ | | ၂၇,၀၇၇. ၁၄၃ | ၃,၀၀၀. ၀၀၀ | ၇၀၅,၂၆၆. ၈၃၈ | ၁,၁၅၂,၄၄၉. ၅၇၄ |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၅၇,၅၈၁.၆၈၁ | | | ၄၉,၃၃၃.၃၇၉ | ၁၅,၅၀၀.၀၀၀ | ၁,၇၄၁.၈၅၉ | | | ၁၂၄,၁၅၆.၉၁၉ |
| ၂ | ၂ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၎င်း | ၉၉,၃၃၂.၈၈၈ | | | ၆,၈၄၇.၄၁၃ | | | | | ၁၀၆,၁၈၀.၃၀၁ |
| ၃ | ၃ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၎င်း | ၄၀,၄၀၂.၈၄၁ | | | ၆,၇၇၆.၄၁၃ | | | | | ၄၇,၁၇၉.၂၅၄ |
| | | ပေါင်း | | ၁၉၇,၃၁၇.၄၁၀ | | | ၆၂,၉၅၇.၂၀၅ | ၁၅,၅၀၀.၀၀၀ | ၁,၇၄၁.၈၅၉ | | | ၂၇၇,၅၁၆.၄၇၄ |

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၄၀. ၉၃၄ | | | | | | | | ၄၀. ၉၃၄ |
| | | ပေါင်း | | ၄၀. ၉၃၄ | | | | | | | | ၄၀. ၉၃၄ |

## နေပြည်တော်ကောင်စီ

ဇယား (၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | | ၅၉၈၆. ၁၃၇ | | | | | ၅၉၈၆. ၁၃၇ |
| | | **ပေါင်း** | | | | | **၅၉၈၆. ၁၃၇** | | | | | **၅၉၈၆. ၁၃၇** |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား (၇)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၃၇.၅၄၂ | | ၃၅၀.၇၅၄ | ၃၉၂.၁၂၅ | | | | | ၈၈၀.၄၂၀ |
| | | **ပေါင်း** | | **၁၃၇.၅၄၂** | | **၃၅၀.၇၅၄** | **၃၉၂.၁၂၅** | | | | | **၈၈၀.၄၂၀** |

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား (၈)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၀၅,၁၀၄. ၉၈၉ | | | ၁,၉၈၈. ၃၂၂ | | | | | ၁၀၇,၀၉၃. ၃၁၁ |
| | | ပေါင်း | | **၁၀၅,၁၀၄. ၉၈၉** | | | **၁,၉၈၈. ၃၂၂** | | | | | **၁၀၇,၀၉၃. ၃၁၁** |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်)

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၉။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊

ညွှန်ကြားရေးမှူးချုပ်၊

ပြည်ထောင်စုလွှတ်တော်ရုံး။

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၉။)

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနကို ဆိုသည်။"

၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၉၉ ခြေဆင်းတွင်ပါရှိသော "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန" ဆိုသည့် စကားရပ်ကို "ဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်)

**စကားရပ်ပြောင်းလဲသတ်မှတ်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **စကားရပ်ပြောင်းလဲသတ်မှတ် သည့် ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊

ညွှန်ကြားရေးမှူးချုပ်၊

ပြည်ထောင်စုလွှတ်တော်ရုံး။

# စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေ (မူကြမ်း)

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)

၁၃၈၁ ခုနှစ်၊ လ ရက်

(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ (က) ဤဥပဒေကို **စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အာဏာတည်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၂။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသော "ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း ပြောင်းလဲသတ်မှတ်ရမည်။

၃။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်သက်ဆိုင်သော "ပြည်ထဲရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန" ဟု ပြင်ဆင်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်)

### အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ၂၀  ခုနှစ်၊ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ (မူကြမ်း)

## (၂၀  ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)

၁၃  ခုနှစ်၊ လ ရက်

(၂၀  ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို  **ခုနှစ်၊ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **မှတ်တမ်း**ဆိုသည်မှာ အစိုးရဌာနတစ်ခုခု၊ အစိုးရအဖွဲ့အစည်းတစ်ခုခု၊ အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက ဆောင်ရွက်သည့် သို့မဟုတ် ရေးသားပြုစုထားသည့် သို့မဟုတ် လက်ခံရရှိထားသည့် ကမ္ပည်းစာ၊ ပေစာ၊ ပုရပိုက်စာ၊ စာရွက်စာတမ်း၊ စာအုပ်စာတမ်း၊ ပုံနှိပ်စာပေ၊ လက်ရေးစာပေ၊ မြေပုံများ၊ ဓာတ်ပုံများ၊ မိုက်ကရိုဖလင်များ၊ ရုပ်သံမှတ်တမ်းများ၊ မင်စာ၊ ကျောက်စာများမှကူးယူထားသော အထောက်အထားများ၊ အီလက်ထရောနစ်နည်းပညာဖြင့် ဆောင်ရွက်ထားသော မှတ်တမ်းများနှင့် အခြားမည်သည့်ပုံစံနှင့်မဆို မှတ်တမ်းတင်ထားသော အချက်အလက်မှတ်တမ်းများကို ဆိုသည်။

(ဃ) **မော်ကွန်း**ဆိုသည်မှာ ပုဒ်မခွဲ (ဂ) ပါ မှတ်တမ်းများအနက် မြန်မာနိုင်ငံ၏ အမျိုးသားရေးတန်ဖိုး သို့မဟုတ် သမိုင်းဆိုင်ရာတန်ဖိုးရှိသည့် အထောက်အထားများနှင့် အချက်အလက်များပါရှိသဖြင့် နှစ်ကာလကြာမြင့်စွာ ထိန်းသိမ်းထားသင့်သည့်မှတ်တမ်းကို ဆိုသည်။

(င) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(စ) **ကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းများ ကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

(ဆ) **ဦးစီးဌာန**ဆိုသည်မှာ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနကို ဆိုသည်။

(ဇ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဈ) **အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း**ဆိုသည်မှာ နိုင်ငံတော်အတွင်း တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများနှင့် အစိုးရအဖွဲ့အစည်းများကို ဆိုသည်။ ဤဥပဒေအလို့ငှာ ယင်းစကားရပ်တွင် အဆိုပါ ဌာန၊ အဖွဲ့အစည်းများ၏ လက်အောက်ခံဖြစ်သော သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ရုံးများလည်း ပါဝင်သည်။

(ည) **အခြားအဖွဲ့အစည်း**ဆိုသည်မှာ အစိုးရဌာနမဟုတ်သည့် **အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့ တစ်ရပ်ရပ်** ကို ဆိုသည်။

(ဋ) **အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်**ဆိုသည်မှာ သက်သေအထောက်အထားအဖြစ် ရည်ညွှန်းကိုးကားနိုင်ရေးအတွက် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် မှတ်တမ်းနှင့် မော်ကွန်းများကို ထိန်းသိမ်းထားရှိသောနေရာကို ဆိုသည်။

(ဌ) **မှတ်တမ်းများစိစစ်ခွဲခြားခြင်းဇယား**ဆိုသည်မှာ မော်ကွန်းတန်ဖိုးပါဝင်ပြီး ထာဝစဉ်ဆက်လက်ထိန်းသိမ်းထားရှိရန်လိုအပ်သည့် မှတ်တမ်းအမျိုးအစားများနှင့် ဆက်လက်ထိန်းသိမ်းရန်မလိုအပ်သည့် မှတ်တမ်းအမျိုးအစားများကို စနစ်တကျစိစစ်၍ ခွဲခြားဖော်ပြသောဇယားကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ မှတ်တမ်းနှင့် မော်ကွန်းများကို ဦးစီးဌာနသို့ သတ်မှတ်အချိန်အတွင်း နည်းလမ်းတကျ လွှဲပြောင်းပေးရန်၊

(ခ) အခြားအဖွဲ့အစည်းများနှင့် အများပြည်သူတို့၏ လက်ဝယ်တွင်ရှိသော တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် မှတ်တမ်းများနှင့် ရှားပါးအမွေအနှစ်အထောက်အထားများကို နိုင်ငံတော်၏ အရေးအရာကိစ္စရပ်များတွင် အသုံးပြုနိုင်ရေးအတွက် ရှာဖွေစုဆောင်းရန်နှင့် လွှဲပြောင်းရယူရန်၊

(ဂ) နိုင်ငံတော်၏အမွေအနှစ် အထောက်အထားများဖြစ်သည့် မှတ်တမ်းနှင့် မော်ကွန်းများကို တစ်နေရာတည်းတွင် စုစည်းထိန်းသိမ်းထားခြင်းဖြင့် ပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်ရန်၊

(ဃ) မှတ်တမ်း မော်ကွန်းများကို စနစ်တကျ ထိန်းသိမ်းထားခြင်းဖြင့် နိုင်ငံတော်၏ အရေးအရာကိစ္စရပ်များနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် သက်သေအထောက်အထားအဖြစ် အသုံးပြုရန်။

## အခန်း (၃)
## ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော ကြီးကြပ်ရေးအဖွဲ့ကို ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင် စုစုပေါင်း အနည်းဆုံး ၅ ဦး၊ အများဆုံး ၁၅ ဦးအထိ ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | လုပ်ငန်းသဘောသဘာဝအရ ဆက်စပ်နေသည့်<br>အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင် |
| (၃) | အခြားအဖွဲ့အစည်းများမှ နိုင်ငံသားပညာရှင်များ | အဖွဲ့ဝင် |
| (၄) | အခြားသင့်လျော်သော နိုင်ငံသားများ | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကြီးကြပ်ရေးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေများနှင့်စရိတ်များကို သတ်မှတ်ပေးရမည်။

## အခန်း (၄)
## ကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မှတ်တမ်းနှင့် မော်ကွန်းများကို စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းခြင်းတို့အတွက် မူဝါဒများကိုချမှတ်ခြင်း၊

(ခ) ဦးစီးဌာနက စိစစ်ပြီး၍ မော်ကွန်းအဖြစ် သတ်မှတ်သင့်ကြောင်း တင်ပြလာသည့်မှတ်တမ်းများကို အတည်ပြုခြင်း၊

(ဂ) သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခုက လုပ်ငန်းလိုအပ်ချက်အရ မူရင်းမှတ်တမ်း သို့မဟုတ် မော်ကွန်းကို ပြန်လည်လွှဲပြောင်းပေးရန် တောင်းခံမှုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ခြင်း၊

(ဃ) ပြည်ပနိုင်ငံ သို့မဟုတ် အခြားအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး၏လက်ဝယ်တွင်ရှိသော မှတ်တမ်း သို့မဟုတ် မော်ကွန်းတစ်ရပ်ရပ်သည် နိုင်ငံတော်အတွက် လိုအပ်လျှင် လွှဲပြောင်းရယူရန် သို့မဟုတ် ဝယ်ယူရန် ဆောင်ရွက်သင့်ကြောင်း ဦးစီးဌာနက တင်ပြလာလျှင် လမ်းညွှန်မှုပေးခြင်း၊

(င) ကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအနက် မှတ်တမ်းနှင့် မော်ကွန်းထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်အား တာဝန်ပေးအပ်ခြင်း၊

(စ) လုံခြုံမှုသက်တမ်းရှိ မှတ်တမ်းများနှင့် မော်ကွန်းများကို အများပြည်သူ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက လေ့လာကြည့်ရှုခွင့်ပြုရန် ဦးစီးဌာနမှ တင်ပြလာလျှင် လမ်းညွှန်မှုပေးခြင်း၊

(ဆ) မော်ကွန်းတစ်ရပ်ရပ်ကို ပြည်ပသို့ ယူဆောင်ခွင့်ပြုရန် သင့် မသင့် ကိစ္စနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ခြင်း၊

(ဇ) မော်ကွန်းများကို လုံခြုံစွာ မပျက်မစီး ထိန်းသိမ်းထားခြင်း ရှိ မရှိ အခါအားလျော်စွာ စစ်ဆေးခြင်း၊

(ဈ) မှတ်တမ်းနှင့် မော်ကွန်းများ စီမံခန့်ခွဲခြင်း၊ ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်ခြင်း။

## အခန်း (၅)

## ညွှန်ကြားရေးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေအရ ဦးစီးဌာနသို့ မှတ်တမ်းများ သတ်မှတ်ချိန်အတွင်း လွှဲပြောင်းပေးနိုင်ရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ လက်ခံရယူခြင်း၊

(ခ) အခြားအဖွဲ့အစည်းများနှင့် အများပြည်သူ၏လက်ဝယ်ရှိ တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် မှတ်တမ်းများ မဆုံးရှုံးစေရေးအတွက် လွှဲပြောင်းရယူနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံတော်က ပါဝင်ချုပ်ဆိုသည့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာချုပ်ဆိုသည့် စာချုပ်များ၊ နှစ်နိုင်ငံစာချုပ်များ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအချင်းချင်းချုပ်ဆိုသည့် စာချုပ်များ၊ သဘောတူညီချက်များ၊ နားလည်မှုစာချွန်လွှာများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ပုံနှိပ်ထုတ်ဝေသော ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲစာစောင်၊ အစီရင်ခံစာနှင့် ပြန်တမ်းစသည်တို့ကို လွှဲပြောင်းလက်ခံရယူရန်နှင့် ထိန်းသိမ်းထားရန် ဆောင်ရွက်ခြင်း၊

(ဃ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ မှတ်တမ်းထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းများ စနစ်တကျဖြစ်စေရေးအတွက် နည်းစနစ်များ ကူညီထောက်ပံ့ပေးရန် ဆောင်ရွက်ခြင်း၊

(င) မှတ်တမ်းနှင့် မော်ကွန်းများ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ စံသတ်မှတ်ချက်များနှင့်အညီ လိုက်နာရမည့် အချက်များကို သတ်မှတ်ခြင်း၊

(စ) ဤဥပဒေအရ သက်ဆိုင်ရာတို့က လွှဲပြောင်းပေးသော မှတ်တမ်းနှင့် မော်ကွန်းများအားလုံးကို အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်တွင်ဖြစ်စေ၊ လိုအပ်ပါက အခြားလုံခြုံသည့်နေရာများတွင်ဖြစ်စေ ထိန်းသိမ်းထားရှိရန် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ဦးစီးဌာနတွင် ထိန်းသိမ်းထားရှိသည့် မှတ်တမ်းများမှ မော်ကွန်းဖြစ်လာနိုင်သည့် မှတ်တမ်းများကို စိစစ်၍ ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

(ဇ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများရှိ မှတ်တမ်းများ စိစစ်ခွဲခြားခြင်းဇယားပါ ဖျက်ဆီးရမည့် မှတ်တမ်းများကို စိစစ်ခြင်း၊ ဖျက်ဆီးခြင်း၊

(ဈ) ဦးစီးဌာနတွင် ထိန်းသိမ်းထားရှိသော မှတ်တမ်းနှင့် မော်ကွန်းများကို နိုင်ငံတကာမော်ကွန်းတိုက်များ၏ စံသတ်မှတ်ချက်များနှင့်အညီ နည်းပညာရပ်များကို အသုံးပြု၍ ထိန်းသိမ်းရန်ဆောင်ရွက်ခြင်း၊

(ည) လုံခြုံမှုသက်တမ်းရှိ မှတ်တမ်းများနှင့် မော်ကွန်းများကို အများပြည်သူ၊ အခြားအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက လေ့လာကြည့်ရှုခွင့်ပြုရန် တင်ပြလာသည့်ကိစ္စကို ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဋ) မှတ်တမ်းများ လွှဲပြောင်းပေးသော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ မူရင်းမှတ်တမ်းများ ပြန်လည်လွှဲပြောင်းပေးအပ်ရန် တောင်းခံလာပါက ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ခြင်း၊

(ဋ) မှတ်တမ်းများ၊ မော်ကွန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ အကျိုးစီးပွားနှင့် လုံခြုံရေးအတွက် ကြီးကြပ်ရေးအဖွဲ့နှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်း။

၇။ ညွှန်ကြားရေးမှူးချုပ်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု၏ လက်ဝယ်ရှိ နိုင်ငံ့အမွေအနှစ် ရှားပါးအထောက်အထားများကို လက်ခံရယူခြင်း၊ ဝယ်ယူခြင်းတို့ကို ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်ခြင်း၊ လိုအပ်ပါက ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ခြင်း၊

(ခ) မှတ်တမ်းများနှင့် မော်ကွန်းများ ဖတ်ရှုခွင့်၊ ကူးယူခွင့်တို့နှင့်စပ်လျဉ်း၍ အခကြေးငွေသတ်မှတ်ခြင်း၊

(ဂ) ဦးစီးဌာနရှိ ကူးယူခွင့်ရှိသော မှတ်တမ်း သို့မဟုတ် မော်ကွန်းတစ်ရပ်ရပ်ကို မိတ္တူကူးယူခွင့်ပြုရန် လျှောက်ထားလာလျှင် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းစေပြီးမှ ကူးယူခွင့်ပြုခြင်း၊

(ဃ) လုံခြုံမှုအဆင့် သတ်မှတ်ချက်မရှိသော မှတ်တမ်းများနှင့် မော်ကွန်းများအား သတ်မှတ်ချက်များနှင့်အညီ လေ့လာကြည့်ရှုခွင့်ပြုခြင်း၊

(င) လုံခြုံမှုအဆင့်ရှိသော မှတ်တမ်းနှင့် မော်ကွန်းများအား စိစစ်၍ အခါအားလျော်စွာ ဖတ်ရှုကိုးကားခွင့်ပြုနိုင်ခြင်း၊ လိုအပ်ပါက ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် ရယူဆောင်ရွက်ခြင်း၊

(စ) ဦးစီးဌာနက ထိန်းသိမ်းထားရှိပြီးဖြစ်သည့် မှတ်တမ်းများအနက် ဆက်လက်ထိန်းသိမ်းရန် မလိုအပ်သော မှတ်တမ်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ သဘောတူညီချက်ဖြင့် ဖျက်ဆီးခြင်း၊

(ဆ) မှတ်တမ်းနှင့် မော်ကွန်းများ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်း၏ အရေးပါမှုကို အများပြည်သူ သိရှိနားလည်နိုင်စေရန် သင်တန်းများနှင့် အသိပညာပေးလုပ်ငန်းများကို လိုအပ်သလို ဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတကာ မော်ကွန်းတိုက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း။

## အခန်း (၆)

## မှတ်တမ်းများ လွှဲပြောင်းပေးခြင်း၊ လုံခြုံမှုအဆင့်နှင့် သက်တမ်းသတ်မှတ်ခြင်း

၈။ မှတ်တမ်းများလွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ကြီးကြပ်ရေးအဖွဲ့သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ မှတ်တမ်းများကို ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်နိုင်ရေး ညွှန်ကြားချက်များ ထုတ်ပြန်ပေးနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

(ခ) ဦးစီးဌာနသည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ မှတ်တမ်းများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် လွှဲပြောင်းရယူရန် ဆောင်ရွက်ရမည်။

(ဂ) ဦးစီးဌာနသည် အခြားအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်တစ်ဦးဦးမှ ဆောင်ရွက်သော တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် မှတ်တမ်းများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် လွှဲပြောင်းရယူရန် ညှိနှိုင်းဆောင်ရွက်ရမည်။

၉။ (က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် မိမိတို့ဌာန၊ အဖွဲ့အစည်းများရှိ မှတ်တမ်းများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) မိမိဌာန၊ အဖွဲ့အစည်း၌ ၁၀ နှစ်အထိ ထားရှိပြီးသည့် မှတ်တမ်းများအနက် မှတ်တမ်းစိစစ်ခွဲခြားခြင်း ဇယားပါ သတ်မှတ်ချက်အတိုင်း ဆက်လက်ထိန်းသိမ်းရန် လိုအပ်မည့် မှတ်တမ်းများကို ဖျက်ဆီးခြင်းမပြုဘဲ ဦးစီးဌာနသို့ လွှဲပြောင်းပေးရန်၊

(၂) မိမိဌာန၊ အဖွဲ့အစည်း၌ ထားရှိမှု ၁၀ နှစ် မပြည့်သေးသည့် မှတ်တမ်းများကို ဦးစီးဌာနသို့ လွှဲပြောင်းပေးလိုပါက လွှဲပြောင်းပေးရန်၊

(၃) အီလက်ထရောနစ် နည်းပညာဖြင့် ဖန်တီးထားသောမှတ်တမ်းများကို အသုံးပြုခြင်းမရှိတော့ပါက ဦးစီးဌာနသို့ ဆောလျင်စွာ လွှဲပြောင်းပေးရန်၊

(၄) မိမိဌာန၊ အဖွဲ့အစည်းတွင် ထားရှိမှု ၁၀ နှစ် ပြည့်ပြီးသော်လည်း ဆက်လက်သုံးစွဲနေသည့် မှတ်တမ်းများအနက် ဦးစီးဌာန၏ စိစစ်ဆေးချက်အရ မော်ကွန်းဖြစ်လာနိုင်မည့် မှတ်တမ်းများကို ဦးစီးဌာနက စစ်ဆေးညွှန်ကြားသည့်အတိုင်း ထိန်းသိမ်းထားရှိပြီး အသုံးပြုခြင်းမရှိတော့ပါက ယင်းမှတ်တမ်းများကို ဦးစီးဌာနသို့ လွှဲပြောင်းပေးရန်၊

(၅) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ချုပ်ဆိုသည့် စာချုပ်စာတမ်း၊ သဘောတူညီချက်၊ နားလည်မှုစာချွန်လွှာ စသည်တို့ကို လက်မှတ်ရေးထိုးပြီးသည့် နေ့ရက်မှ ၁ လအတွင်း မူရင်းသို့မဟုတ် မိတ္တူတစ်စုံအား ဦးစီးဌာနသို့ လွှဲပြောင်းပေးရန်၊ အကယ်၍ မိတ္တူအား လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ပါက စာချုပ်ပါလုပ်ငန်းများ ပြီးဆုံးသည့်အချိန်တွင် မူရင်းကို လွှဲပြောင်းပေးရန်၊

(၆) နိုင်ငံတော်အဆင့်အခမ်းအနားများ၊ နိုင်ငံပိုင်သတင်းဌာန၏ နေ့စဉ်သတင်းထုတ်ပြန်မှု ရုပ်သံမှတ်တမ်းများ၊ ပုံနှိပ်ထုတ်ဝေသည့် စာအုပ်စာတမ်းများ၊ ပြန်တမ်းများ၊ သတင်းစာများ အနည်းဆုံးသုံးစုံစီကို ထုတ်ဝေသည့်နေ့ရက်မှ သုံးလအတွင်း သတ်မှတ်ချက်များနှင့်အညီ မှတ်တမ်းတင်ထိန်းသိမ်းထားရှိရန် ဦးစီးဌာနသို့ ပေးပို့ရန်။

( ခ ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် ပုဒ်မခွဲ (က) (၄) အရ မော်ကွန်းဖြစ်လာနိုင်မည့် မှတ်တမ်းများကို ဦးစီးဌာနသို့ မိတ္တူပေးပို့ရမည်။ မူရင်းမှတ်တမ်းအား ဦးစီးဌာနသို့ လွှဲပြောင်းမှု မရှိပါက ဤဥပဒေအရ သက်သေခံအထောက်အထားမဖြစ်လျှင် ဦးစီးဌာန၌ တာဝန်မရှိကြောင်း သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက သဘောတူလက်ခံပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၀။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် ပုဒ်မ ၉ အရ မှတ်တမ်းများကို ဦးစီးဌာနသို့ လွှဲပြောင်းပေးသည့်အခါ ယင်းမှတ်တမ်းများ၏ လုံခြုံမှုအဆင့် လျှော့ချရန် ရှိ မရှိ ပြန်လည်စိစစ်ပြီး အောက်ပါအတိုင်း ခွဲခြားသတ်မှတ်၍ ပေးပို့ရမည် -

(က) ထိပ်တန်းလျှို့ဝှက်အဆင့်မှတ်တမ်းများ၊

( ခ ) လျှို့ဝှက်အဆင့်မှတ်တမ်းများ၊

( ဂ ) အတွင်းရေးအဆင့်မှတ်တမ်းများ၊

(ဃ) ကန့်သတ်အဆင့်မှတ်တမ်းများ။

၁၁။ မော်ကွန်းများ၏ လုံခြုံမှုအဆင့်သက်တမ်းသည် သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးသည့် နေ့ရက်မှစ၍ အောက်ပါအတိုင်းဖြစ်သည် -

(က) ထိပ်တန်းလျှို့ဝှက်အဆင့် မော်ကွန်းဖြစ်လျှင် နှစ်ပေါင်း ၃၀၊

( ခ ) လျှို့ဝှက်အဆင့် မော်ကွန်းဖြစ်လျှင် ၂၅ နှစ်၊

( ဂ ) အတွင်းရေးအဆင့် မော်ကွန်းဖြစ်လျှင် နှစ်ပေါင်း ၂၀၊

(ဃ) ကန့်သတ်အဆင့် မော်ကွန်းဖြစ်လျှင် ၅ နှစ်။

## **အခန်း (၇)**

## **မှတ်တမ်းနှင့် မော်ကွန်းများအား ကြည့်ရှုခွင့်နှင့် အသုံးပြုခြင်းဆိုင်ရာကိစ္စရပ်များ**

၁၂။ မှတ်တမ်းနှင့် မော်ကွန်းများအား ကြည့်ရှုခွင့်နှင့် အသုံးပြုခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဦးစီးဌာနသည် မှတ်တမ်းနှင့် မော်ကွန်းများ၏ လုံခြုံမှုသက်တမ်း သတ်မှတ်ချက်ကုန်ဆုံးသော်လည်း လိုအပ်ပါက ဖတ်ရှုကိုးကားခွင့်မပြုဘဲ ထားနိုင်သည်။

( ခ ) ဦးစီးဌာနတွင်ရှိသော မှတ်တမ်းနှင့် မော်ကွန်းများအား ရည်ညွှန်းကိုးကားရေးအတွက် မိတ္တူကူးယူခြင်း၊ ကောက်နုတ်ချက် ထုတ်နုတ်အသုံးပြုခြင်းတို့ကို ဆောင်ရွက်ခွင့်ပြုရန် သတ်မှတ်ထားသည့်ပုံစံဖြင့် လျှောက်ထားလာလျှင် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်း၏ကိုယ်စား တာဝန်ခံအရာရှိသည် ဤဥပဒေအရ ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးနိုင်သည်။

၁၃။ လုံခြုံမှုအဆင့်အတန်း သတ်မှတ်ထားသည့် မှတ်တမ်းနှင့် မော်ကွန်းများကို ဖတ်ရှုလေ့လာရန်၊ သုတေသနပြုလုပ်ရန် သို့မဟုတ် အကိုးအကားပြုလုပ်ရန် ဌာနဆိုင်ရာ သုတေသီများက တောင်းခံပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအကြီးအကဲ၏ ထောက်ခံစာပါရှိလျှင် ညွှန်ကြားရေးမှူးချုပ်သည် ထိုသူအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။

၁၄။ မည်သူမဆို ဦးစီးဌာနရှိ မှတ်တမ်းနှင့် မော်ကွန်းများကို အောက်ပါအချက်များနှင့် ညီညွတ်လျှင် ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် မိတ္တူကူးယူခြင်း အသုံးပြုနိုင်သည် -

(က) ညွှန်ကြားရေးမှူးချုပ်၏ သဘောတူညီချက်ရရှိပြီး ဖြစ်ရမည်။

(ခ) သတ်မှတ်ထားသော ကျသင့်သည့် အခကြေးငွေများကို ပေးဆောင်ပြီး ဖြစ်ရမည်။

(ဂ) ပုံနှိပ်ထုတ်ဝေခြင်းအတွက် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပါမည်ဟု ကတိခံဝန်ချက်ပါရှိရမည်။

၁၅။ ဦးစီးဌာနတွင်ရှိသော မှတ်တမ်းမော်ကွန်းများကို တရားရုံးများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများတွင် သက်သေခံအထောက်အထားအဖြစ် အသုံးပြုပါက ယင်းအထောက်အထားများသည် မိတ္တူမှန်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်၏လက်မှတ်၊ ရုံးတံဆိပ်အထောက်အထားများ သို့မဟုတ် ယင်း၏ကိုယ်စား တာဝန်ခံအရာရှိ၏ လက်မှတ်၊ အမည်၊ ရာထူးနှင့် ရုံးတံဆိပ်များ ပါရှိရမည်။

## အခန်း (၈)
## တားမြစ်ချက်များ

၁၆။ မည်သူမျှ ညွှန်ကြားရေးမှူးချုပ်၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲ လုံခြုံမှုအဆင့်နှင့် သက်တမ်းမကုန်ဆုံးသေးသော မှတ်တမ်းနှင့် မော်ကွန်းတစ်ရပ်ရပ်ကို လေ့လာကြည့်ရှုခြင်း သို့မဟုတ် မိတ္တူကူးယူခြင်း မပြုရ။

၁၇။ မည်သူမျှ ဤဥပဒေအရ တရားဝင်ခွင့်ပြုချက်မရရှိဘဲ မှတ်တမ်းနှင့် မော်ကွန်းတစ်ရပ်ရပ်ကို ဦးစီးဌာန၏ ပြင်ပသို့ ယူဆောင်ခြင်း မပြုရ။

၁၈။ မည်သူမျှ မော်ကွန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ ဦးစီးဌာန၏ စစ်ဆေးချက်အရ မော်ကွန်းဖြစ်လာနိုင်သည့် မှတ်တမ်းတစ်ရပ်ရပ်ကိုဖြစ်စေ ဖျက်ဆီးခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ တစ်နည်းနည်းဖြင့် ပျက်ပြယ်စေခြင်း သို့မဟုတ် ခွင့်ပြုချက်မရရှိဘဲ မူလထိန်းသိမ်းထားရှိရာနေရာမှ ရွှေ့ပြောင်းခြင်း မပြုရ။

၁၉။ မည်သူမျှ ဤဥပဒေအရ တရားဝင်ခွင့်ပြုချက်မရရှိဘဲ မှတ်တမ်းနှင့် မော်ကွန်းတစ်ရပ်ရပ်ကို မည်သည့်နည်းဖြင့်မဆို ပြည်ပသို့ ထုတ်ယူခြင်း သို့မဟုတ် ရောက်ရှိစေခြင်း မပြုရ။

၂၀။ မည်သူမျှ ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

## အခန်း (၉)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၁။ မည်သူမဆို ပုဒ်မ ၁၆ နှင့် ၁၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၂။ မည်သူမဆို ပုဒ်မ ၁၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၃။ မည်သူမဆို ပုဒ်မ ၁၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၄။ မည်သူမဆို ပုဒ်မ ၂၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကိုငွေဒဏ် ကျပ် ငါးသောင်း ချမှတ်ရမည်။

၂၅။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ကျူးလွန်ရန် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်း ထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

## အခန်း (၁၀)

## အထွေထွေ

၂၆။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခု၏ ဝန်ထမ်းတစ်ဦးဦးသည် ဤဥပဒေပြဋ္ဌာန်းချက်ပါ မှတ်တမ်းများကို လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် စိစစ်ခြင်းကိုဟန့်တားကြောင်း၊ တားမြစ်ပိတ်ပင်ကြောင်း၊ နှောင့်ယှက်ကြောင်း၊ နှောင့်နှေးကြန့်ကြာစေရန် ပြုလုပ်ကြောင်း သို့မဟုတ် လွှဲပြောင်းပေးရန် ပျက်ကွက်ကြောင်း ဦးစီးဌာနက ယင်းအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ တာဝန်ရှိသူအကြီးအကဲအား တင်ပြလာလျှင် ထိုသူအား နိုင်ငံ့ဝန်ထမ်းဥပဒေဖြင့် လိုအပ်သလို အရေးယူရမည်။

၂၇။ ဦးစီးဌာနသည် အခြားအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက ပုံနှိပ်ထုတ်ဝေသော စာအုပ် စာတမ်းများတွင် အမျိုးသားရေးတန်ဖိုး သို့မဟုတ် သမိုင်းဆိုင်ရာတန်ဖိုး ပါရှိပါက ထိန်းသိမ်းထားရှိရန် စာအုပ်အမျိုးအစားအလိုက် သုံးအုပ်စီကို ဦးစီးဌာနသို့ ပေးလှူရန် တောင်းခံနိုင်သည်။

၂၈။ ဦးစီးဌာနတွင် ထိန်းသိမ်းထားရှိသော မှတ်တမ်းနှင့် မော်ကွန်းစာတွဲများ၏ သက်တမ်းကာလသည် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်များနှင့်အညီဖြစ်ရမည်။

၂၉။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကြီးကြပ်ရေးအဖွဲ့ဝင်များ၏ စရိတ်နှင့် ချီးမြှင့်ငွေများကို ဝန်ကြီးဌာန၏ ဘဏ္ဍာငွေမှ ကျခံရမည်။

၃၀။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ် ၁၈/၁၉၉၀) အရ ထုတ်ပြန်ခဲ့သော အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေ ထုတ်ပြန်ပြီး နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ မထုတ်ပြန်မီ ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးဆောင်ရွက်နိုင်သည်။

၃၁။ ကြီးကြပ်ရေးအဖွဲ့သည် ထိပ်တန်းလျှို့ဝှက်အဆင့် သို့မဟုတ် လျှို့ဝှက်အဆင့်ရှိသော မှတ်တမ်းနှင့် မော်ကွန်းများကို နိုင်ငံတော်နှင့် အများပြည်သူအကျိုးငှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာ ဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်း များကို ထုတ်ပြန်နိုင်သည်။

(ခ) ကြီးကြပ်ရေးအဖွဲ့နှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၃၃။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ် ၁၈/၁၉၉၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၁၉ ခုနှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအမှတ် (၁)

| ဦးနေမျိုးအောင် | နှင့် | ဦးသန်းထိုက်အောင် |
|---|---|---|
| (အယူခံလျှောက်ထားသူ) | | (အယူခံလျှောက်ထားခံရသူ) |

အယူခံလျှောက်ထားသူအတွက် - တရားလွှတ်တော်ရှေ့နေ ဒေါ်ဇင်မာဦး

အယူခံလျှောက်ထားခံရသူအတွက် - (၁) တရားလွှတ်တော်ရှေ့နေ ဦးဖေတင်

- (၂) တရားလွှတ်တော်ရှေ့နေ ဦးမောင်မောင်

ရုံးတော်သဟာယ - ပြည်ထောင်စုရှေ့နေချုပ် (ကိုယ်စား) ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးသူရသင်းဇော်

## ၃၀. ၅. ၂၀၁၉ ရက်နေ့က ရွေးကောက်ပွဲခုံအဖွဲ့ (၁) ၏ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၁/၂၀၁၈) တွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အပေါ် အယူခံမှုတင်သွင်းခြင်း

### စီရင်ချက်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၄ ရက်

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးနေမျိုးအောင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးသန်းထိုက်အောင်တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ဦးနေမျိုးအောင်က ခိုင်လုံမဲ (၅၁၄) မဲရရှိပြီး ဦးသန်းထိုက်အောင်က ခိုင်လုံမဲ (၃၅၆) မဲ ရရှိသဖြင့် ဦးနေမျိုးအောင်က ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။

ထိုသို့ ရွေးကောက်တင်မြှောက်ခံရခြင်းအပေါ် ဦးသန်းထိုက်အောင်က ဦးနေမျိုးအောင် ရွေးကောက်တင်မြှောက်ခံရခြင်းမှာ တရားမဲ့ပြုကျင့်မှုများကြောင့်ဖြစ်ကြောင်း အကြောင်းပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၁/၂၀၁၈) ဖွင့်လှစ်၍ ရွေးကောက်ပွဲခုံအဖွဲ့ (၁) က စုံစမ်းစစ်ဆေးခဲ့သည်။ အဆိုပါခုံအဖွဲ့က ၃၀-၅-၂၀၁၉ ရက်နေ့တွင် ဦးနေမျိုးအောင်ကို ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းသည် တရားမဝင်ပျက်ပြယ်ကြောင်းနှင့် ဦးသန်းထိုက်အောင်သည် ခိုင်လုံမဲအများဆုံး ရရှိသူဖြစ်ပြီး တရားဝင်ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

အဆိုပါ ဆုံးဖြတ်ချက်အပေါ် ဦးနေမျိုးအောင်က ကျေနပ်ခြင်းမရှိသဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄ (က) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဤအယူခံမှုကို တင်သွင်းလာခြင်းဖြစ်သည်။

မူလကန့်ကွက်လွှာအမှုရှိ ဦးသန်းထိုက်အောင်၏ ရွေးကောက်ပွဲကန့်ကွက်လွှာတွင် လျှောက်ထားခံရသူ ဦးနေမျိုးအောင်၏ ရွေးကောက်ပွဲကိုယ်စားလှယ် ဒေါ်တိုးတိုးလွင်နှင့် ရွှေပြည်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးလင်းအောင်အောင်တို့သည် တိုင်းဒေသကြီးလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ နှင့် ပုဒ်မ ၁၀၊ ၁၁၊ ၅၈ နှင့် ၇၁ ပါ ပြဋ္ဌာန်းချက်များကိုကျူးလွန်ခဲ့ကြောင်း၊ ဦးနေမျိုးအောင်၊ ဒေါ်တိုးတိုးလွင်နှင့် ဦးလင်းအောင်အောင် တို့သည် မဲဆန္ဒရှင်ပြည်သူများအား အတိုးနည်းငွေချေးခြင်းဖြင့်မဲထည့်ရန် မဲဆွယ်စည်းရုံးခြင်းမှာ လာဘ်ပေးလာဘ်ယူမှုပြုလုပ်ခြင်းဖြစ်၍ တရားမဲ့ပြုကျင့်ရာရောက်ကြောင်း၊ နိုင်ငံပိုင်မြေပေါ်တွင် ဆောက်လုပ်ထားသောဆိပ်ကမ်းမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရုံးအဖြစ် အသုံးပြုသည့်နေရာတွင် ငွေချေးခြင်းသည် မတရား ဩဇာလွှမ်းမိုးသည့်အပြင် လာဘ်ပေးလာဘ်ယူမှုကို ကျူးလွန်ရာရောက်နေသဖြင့် တရားမဲ့ပြုကျင့်ရာရောက်ကြောင်း၊ ဦးနေမျိုးအောင်သည် မဲဆွယ်စည်းရုံးသောဗီနိုင်းကို အဆိုပါမဲဆန္ဒနယ်အတွင်း လေးခုစိုက်ထူခဲ့ရာ အဆိုပါဗီနိုင်းများတွင် ပုံနှိပ်သူ၊ ထုတ်ဝေသူ၊ နေရပ်လိပ်စာအမည်မပါသည့်အပြင်

အမှတ်စဉ်ဖော်ပြချက်မပါရှိသော ပိုစတာ၊ ဗီနိုင်းကို စိုက်ထူထားခြင်းဖြင့် တရားမဲ့ပြုကျင့်ရာရောက်ကြောင်း၊ ဦးနေမျိုးအောင် ရွေးကောက်ပွဲအနိုင်ရရှိရန် ဦးလင်းအောင်အောင်သည် ချေးငွေအာမခံချက်များကို ဦးနေမျိုးအောင်နှင့် ဒေါ်တိုးတိုးလွင်တို့၏ ခွင့်ပြုချက်ဖြင့်ပြုလုပ်ခြင်းသည် ဦးနေမျိုးအောင်ကို ဆန္ဒမဲပေးရန်ပြုလုပ်ရာ ရောက်သည့်အပြင် ဆန္ဒမဲပေးရန် လာဘ်လာဘလက်ခံရန် သဘောတူရာရောက်သဖြင့် တရားမဲ့ပြုကျင့်မှုကို ကျူးလွန်ရာရောက်ကြောင်း၊ ဓမ္မာရုံများတွင် ဆွမ်းလှူဒါန်းသည့်အပြင် **ဦးနေမျိုးအောင်နှင့်တပည့်များ ဝါတွင်းအလှူ** ဟု ဖော်ပြ၍ အစားအသောက်ကျွေးမွေးလှူဒါန်းခဲ့ခြင်းသည် ကိုးကွယ်ရာဘာသာကိုအကြောင်းပြု၍ မဲပေးကြရန် လှုံ့ဆော်ရာရောက်သဖြင့် တရားမဲ့ပြုကျင့်မှုကို ကျူးလွန်ရာရောက်ကြောင်း၊ ဥပုသ်သည်များ၊ ဝတ်အဖွဲ့ဝင်များနှင့် သီလပေးဆရာတော်တို့ကို ၃-၉-၂၀၁၈ ရက်နေ့မှ ၂၂-၁၀-၂၀၁၈ ရက်နေ့အထိ (၂၈) ကြိမ်တိတိ ဒေါ်ရီရီမြင့်နှင့် ဒေါ်ခင်စိုးတို့အမည်ဖြင့် ငွေကြေးလှူဒါန်းကျွေးမွေးဧည့်ခံခြင်းသည် ဘာသာရေးကိုအကြောင်းပြု၍ မဲဆွယ်စည်းရုံးခြင်းဖြစ်သောကြောင့် တရားမဲ့ပြုကျင့်ရာရောက်ကြောင်း၊ ဦးနေမျိုးအောင်သည် နိုင်ငံပိုင်မြေပေါ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဆောက်လုပ်ထားသောရုံးခန်း၌ စည်းရုံးရေးကာလအတွင်း ရုံးခန်းအဖြစ်အသုံးပြုရာတွင် ငှားရမ်းခ၊ လျှပ်စစ်မီတာခနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်တွင် ရေးမှတ်ရန် ပျက်ကွက်ခြင်းဖြင့် တရားမဲ့ပြုကျင့်ရာရောက်ကြောင်း၊ ဘဏ်ချလန်ဝယ်ယူရသည့် စရိတ်ငွေ ၂၀၀ ကျပ်၊ ကော်မရှင်သို့ပေးရသည့် ဓာတ်ပုံများအတွက် ကုန်ကျငွေ၊ ဒေါ်တိုးတိုးလွင်နှင့် ဦးနေမျိုးအောင်တို့သည် ခရိုင်ရွေးကောက်ပွဲကော်မရှင်သို့ (၃) ကြိမ်သွားရာတွင် အသုံးပြုသည့် ယာဉ်အမှတ် (4C/3930) အတွက် ဓာတ်ဆီခငွေကြေး၊ ဦးနေမျိုးအောင်နှင့် ဒေါ်တိုးတိုးလွင်တို့၏ ရွေးကောက်ပွဲကာလအတွင်း အသုံးပြုသည့်ဖုန်းများ၏ ဖုန်းငွေဖြည့်ကတ်၊ လိုက်ကာအစိမ်းရောင် ကုန်ကျစရိတ် စသည့် ကုန်ကျစရိတ်များကို ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း အပိုင်း (ဂ) တွင် ဖော်ပြရန် ပျက်ကွက်ခြင်းတို့သည်လည်း တရားမဲ့ပြုကျင့်မှုကို ကျူးလွန်ရာရောက်ကြောင်း၊ မဲဆန္ဒရှင်များကို မေထွန်းကုမ္ပဏီဖြင့် ဆက်သွယ်၍ ငွေချေးခြင်းဖြင့် ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို မတရားရယူခဲ့သဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ အရ ဆိပ်ကမ်းမြို့မ ရဲစခန်းတွင် အမှုဖွင့်လှစ်စစ်ဆေးလျက်ရှိကြောင်းဖော်ပြကာ ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်မြေအမှတ် (၂) တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် လျှောက်ထားခံရသူရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိခဲ့သောမဲများပါရှိခဲ့သော် လျှောက်ထားသူသာလျှင် ခိုင်လုံသောမဲများကို ရရှိမည်ဖြစ်ကြောင်း စသည်ဖြင့် အဆိုပြုတင်ပြသည်။

ဦးနေမျိုးအောင်က ချေပလွှာတင်သွင်းရာတွင် ချေးငွေပေးခြင်းမှာ ၎င်းနှင့်လုံးဝပတ်သက်ခြင်းမရှိကြောင်း၊ လျှောက်ထားသူ၏ ကန့်ကွက်ချက်မှာ များစွာမှားယွင်းနေကြောင်း၊ ချေးငွေထုတ်ပေးသောရက်စွဲမှာ ၂၃-၈-၂၀၁၈ ရက်နေ့ဖြစ်သဖြင့် စည်းရုံးရေးကာလဖြစ်သော ၃-၉-၂၀၁၈ မှ ၁-၁၁-၂၀၁၈ ရက်နေ့အထိ ကာလအတွင်း ကျရောက်ခြင်းမရှိသဖြင့် ကန့်ကွက်ချက်ကို ငြင်းဆိုကြောင်း၊ ဗီနိုင်းများနှင့်ပတ်သက်၍ မြို့နယ်ကော်မရှင်ရုံးအစည်းအဝေးတွင် ဆွေးနွေးကြရာ ခရိုင်အတွင်းရေးမှူးမှ ယခုဆောင်ရွက်ပြီးသောဗီနိုင်းများကို ဆက်လက်သုံးစွဲခွင့်ပြုကြောင်း တရားဝင်ညွှန်ကြားခဲ့သောကြောင့် လျှောက်ထားသူစွပ်စွဲသော အကြောင်းအရာသည် မှန်ကန်ခြင်းမရှိ၍ ငြင်းဆိုကြောင်း၊ ငွေချေးအာမခံချက်များကို ဦးနေမျိုးအောင်နှင့် ဒေါ်တိုးတိုးလွင်တို့၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ခဲ့သည်ဟု မရိုးမသားစွပ်စွဲဖော်ပြနေသောကြောင့် ဂုဏ်သိက္ခာကျဆင်းစေရန် တမင်ဆောင်ရွက်သည့်စာပိုဒ်ဖြစ်သည့်အတွက် စာပိုဒ်ကိုငြင်းဆိုကြောင်း၊ ဦးနေမျိုးအောင်သည် ဗမာလူမျိုး ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ပြီး ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူ ဖြစ်သည့်အတွက် လှူဒါန်းခြင်း၊ ကျွေးမွေးခြင်း၊ ပေးကမ်းစွန့်ကြဲခြင်းများကို ဝါသနာထုံသူဖြစ်၍ ဝတ်အဖွဲ့ဝင်များကို ကျွေးမွေးခြင်းသည် ရိုးသားစွာသမားရိုးကျဆောင်ရွက်ခြင်းဖြစ်ပြီး မဲဆွယ်စည်းရုံးရေးကာလနှင့် မမျှော်လင့်ဘဲ တိုက်ဆိုင်ခြင်းသာဖြစ်ကြောင်း၊ ထိုသို့ လှူဒါန်းကျွေးမွေးခြင်းများကို ဆောင်ရွက်ရာတွင် မဲဆွယ်စည်းရုံးခြင်းမဟုတ်ဘဲ ကုသိုလ်ရရန်သာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဦးနေမျိုးအောင်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီပိုင်သောအဆောက်အအုံတွင် ရွေးကောက်ပွဲမတိုင်မီကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲလွန်ကာလမှ ယခုအထိ ရုံးခန်းအဖြစ် အသုံးပြုနေသောကြောင့် ရွေးကောက်ပွဲအတွက် အထူးတလည် ကုန်ကျစရိတ်မရှိသောကြောင့် ထည့်သွင်းဖော်ပြရန်မလိုကြောင်း၊ ဘဏ်ချလန်ဖိုးပေးရသည်ဟု သိရှိရခြင်းမရှိသည်ကို ရိုးသားစွာဝန်ခံကြောင်း၊ ဓာတ်ပုံအတွက် ကုန်ကျစရိတ်သည်လည်း ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်းက ဆောင်ရွက်ခဲ့သော ကုန်ကျစရိတ်ဖြစ်ကြောင်း၊ ထို့ကြောင့် လျှောက်ထားသူ၏ ကန့်ကွက်ချက်သည် မှန်ကန်မှုမရှိသဖြင့် ငြင်းဆိုကြောင်း၊ မော်တော်ယာဉ်မှာ လျှောက်ထားခံရသူ ကိုယ်ပိုင်ကားဖြစ်၍ အသုံးပြုနေသောကြောင့် ကုန်ကျစရိတ်ကို ဖော်ပြရန်ခက်ခဲသဖြင့် သီးခြားဖြင့်ဓာတ်ဆီဖိုးဖော်ပြရန်မသင့်ကြောင်း၊ ဖုန်းဘေလ်ကိစ္စမှာလည်း ရွေးကောက်ပွဲကုန်ကျစရိတ် အပိုင်း (ဇ) တွင် ဆက်သွယ်ရေးဆိုင်ရာ ကုန်ကျစရိတ်စာရင်း၌ စုပေါင်း၍ (၁၇၂၀၀၀) ကျပ်ဟု ဖော်ပြထားပြီးဖြစ်ကြောင်း၊ မည်သူ့ထံသို့ မည်သည့်အချိန်တွင် မည်မျှကြာအောင်

ဆက်သွယ်ခဲ့သည့် ကုန်ကျစရိတ်ဟုဖော်ပြရန် မစွမ်းသာကြောင်း၊ လိုက်ကာအစိမ်းရောင်မှာ ရုံးခန်းအတွင်း၌ ကာထားသော လိုက်ကာကို ခေတ္တသုံးစွဲခြင်းကြောင့် ကုန်ကျစရိတ်လုံးဝမရှိသဖြင့် စာရင်းတွင် ဖော်ပြခဲ့ခြင်း မရှိပါကြောင်း၊ အဆောက်အအုံသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီပိုင်သည့် အဆောက်အအုံဖြစ်ကြောင်း၊ လျှောက်ထားသူ၏စွပ်စွဲချက်များသည် လုံးဝမှန်ကန်မှုမရှိသဖြင့် ငြင်းဆိုကြောင်း စသည်ဖြင့် ချေပထားသည်။

ရွေးကောက်ပွဲခုံအဖွဲ့ (၁) က လျှောက်ထားခံရသူ ဦးနေမျိုးအောင်သည် ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်း မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) ၌ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရရေးအတွက် တရားမဲ့ပြုကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ဦးနေမျိုးအောင်သည် တရားမဲ့ပြုကျင့်မှု များကြောင့် ရရှိသည့်မဲများမပါရှိသော် လျှောက်ထားသူ ဦးသန်းထိုက်အောင်သည်သာ ခိုင်လုံမဲအများဆုံးရရှိသူ ဖြစ်ကြောင်း၊ လျှောက်ထားသူ ဦးသန်းထိုက်အောင်သည် တောင်းဆိုသည့် သက်သာခွင့်ကိုရထိုက်ကြောင်း ဆုံးဖြတ်ခဲ့သည်။

အယူခံလျှောက်ထားသူ၏ ရှေ့နေက ၎င်း၏အမှုသည် ဦးနေမျိုးအောင်အပေါ်တွင် မူလအမှု၌ လျှောက်ထားသူ ဦးသန်းထိုက်အောင်မှ ကန့်ကွက်လွှာတင်သွင်းသဖြင့် ကန့်ကွက်လွှာအမှုအမှတ် (၁/၂၀၁၈) အဖြစ် စတင်စွဲဆိုခြင်းခံရကြောင်း၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေပုဒ်မ ၉၄ တွင် ရွေးကောက်ပွဲ ခုံအဖွဲ့သည် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်နှင့်မဆန့်ကျင်စေဘဲ တရားမကျင့်ထုံးဥပဒေအရ စစ်ဆေးရမည်ဟု ဖော်ပြထားကြောင်း၊ ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၈ တွင်လည်း သက်သေခံဥပဒေပြဋ္ဌာန်းချက်ကို ကျင့်သုံးခွင့်ရှိကြောင်း စစ်ဆေးသောရွေးကောက်ပွဲခုံအဖွဲ့ (၁) ၏ အပြင်အဆင်များလည်း တရားရုံးများ၏ အသွင်သဏ္ဌာန်အတိုင်း ဆောင်ရွက်နေပြီး လိုက်ပါဆောင်ရွက်ကြသော တရားလွှတ်တော်ရှေ့နေများသည်လည်း တရားရုံးများလက်စွဲအပိုဒ် ၁၀ နှင့်အညီ ဆောင်ရွက်နေကြောင်း၊ ခုံအဖွဲ့အင်္ဂါရပ်နှင့်သာမက တရားရုံး၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရ တူညီကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၄ (ဃ) အရ ဆောင်ရွက်သည်ဟု ထင်မြင်ကြောင်း၊ ထိုသို့ ထင်မြင်သည့်အတိုင်း တရားရုံးများ၏ ကျင့်စဉ်နှင့်အတူ အကြံပြုငြင်းချက်များကို တင်သွင်းသော်လည်း ငြင်းချက်များကို ထုတ်နုတ်ခြင်းမပြုဘဲ လျှောက်ထားခံရသူဘက်ကိုသာ အလေးပေးခဲ့သည်ကို တွေ့မြင်ကြောင်း၊ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၄၊ နည်း ၅ (၁) အရ နောက်တိုးငြင်းချက်များ တင်ပြခြင်းကိုလည်း ပလပ်ခဲ့ကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (ဆ) ဖြင့် တည်ထောင်ထားသောရုံးဟုဆိုသော်လည်း လိုက်နာ ဆောင်ရွက်ရမည့်ပုံစံမှာ တရားရုံးများဆောင်ရွက်နေသည့် ပုံစံအတိုင်းဆောင်ရွက်ရမည်ဟု ဖော်ပြထားသော်လည်း မိမိအလိုအရ အမိန့်ချခဲ့ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကန့်ကွက်လွှာများကိုစစ်ဆေးရာတွင် ယခုထက် ပို၍ပြီးပြည့်စုံသော တရားရုံးများကိုသာ လွှဲပေးသင့်ကြောင်း အကြံပြုလျှောက်လဲတင်ပြထားသည်။

ထို့အပြင် ဦးနေမျိုးအောင်က အမှန်တရားဖော်ထုတ်ရန် နောက်တိုးငြင်းချက်များကို တရားမကျင့်ထုံး ဥပဒေ အမိန့် - ၁၄၊ နည်း -၅ (၁) အရ လျှောက်ထားခဲ့သော်လည်း ရုံးတော်မှ အကျဉ်းနည်းဖြင့် ပလပ်ခဲ့ကြောင်း၊ ရွေးကောက်ပွဲခုံအဖွဲ့ (၁) ၏ ဆောင်ရွက်ချက်သည် ဥပဒေအရ မှားယွင်းနေကြောင်း၊ ရွေးကောက်ပွဲခုံအဖွဲ့ (၁) ၏ စီရင်ချက်စာမျက်နှာ (၅) တွင် ဖော်ပြထားသော ဥပဒေများ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၄၊ ပုဒ်မ ၄၀၇ (ဃ)၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၇ (င)၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၀ (ဈ)၊ ၁၁ (ဋ)၊ ၅၈ (ဂ)၊ ၆၆ (ဋ) တို့နှင့် စွဲချက်တင်ဆုံးဖြတ်ခဲ့ခြင်းမှာ မူလအမှုတွင် ဦးနေမျိုးအောင် ဆောင်ရွက်ခဲ့သောကိစ္စများနှင့် တစ်စိတ်တစ်ပိုင်းပင် မတူညီဘဲ လုံးဝကွဲပြားခြားနားနေပါလျက်နှင့် မူလရုံးမှစီရင်ချက်ချမှတ်ခဲ့ခြင်းမှာ အမှုတွဲပေါ်ပေါက်ချက် လုံးဝ မရှိဘဲ ချမှတ်ခဲ့သည့် စီရင်ချက်ဖြစ်ကြောင်း၊ ဦးနေမျိုးအောင်၏ ဆောင်ရွက်ချက်သည် ဘာသာရေးလုပ်ငန်းစဉ် အတွက် ထောက်ပံ့လှူဒါန်းမှုကို ပြုလုပ်ခြင်းမှာ ဗုဒ္ဓဘာသာဝင်တိုင်း၏ မိရိုးဖလာယဉ်ကျေးမှုအစဉ်အလာ ဖြစ်ကြောင်း၊ ယင်းအစဉ်အလာတစ်ခု ပြုလုပ်ဆောင်ရွက်ခြင်းကို ပြစ်မှုနှင့်ငြိစွန်းသည်ဟုဆုံးဖြတ်ပါက မြန်မာ နိုင်ငံတော်တွင် နောင်ဆယ်စုနှစ်အတွင်း မိရိုးဖလာယဉ်ကျေးမှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ဘာသာတရား ထောက်ပံ့မှုများ ပျောက်ကွယ်သွားမည်ဖြစ်၍ ဤစီရင်ချက်သည် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံဖြစ်သော မြန်မာ နိုင်ငံအတွက် လွန်စွာအန္တရာယ်များသော စီရင်ချက်ဖြစ်ကြောင်း၊ ဦးနေမျိုးအောင် လှူဒါန်းခဲ့သည့် မိမိကိုယ်ပိုင်ငွေကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၇၇ နှင့်အညီ တင်ပြခဲ့ကြောင်း၊ ထိုတင်ပြချက်များမှ အလှူအတန်း အတွက် ထည့်သွင်းထားသောစာရင်းပါသွားခြင်းကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (ဋ) နှင့်ငြိစွန်းသည်ဟု ဆုံးဖြတ်ခြင်းမှာ မပေါ်ပေါက်သည့် ပြစ်မှုကို အတင်းအကျပ် ဆွဲသွင်း၍ စီရင်ချက်ချမှတ်ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဥပဒေနှင့်ငြိစွန်းခြင်းမရှိခြင်းကို ဥပဒေနှင့် ငြိစွန်းသယောင် ဆုံးဖြတ်နေခြင်းမှာ မူလရုံး၏ ဥပဒေဆိုင်ရာ လေ့လာမှု၊ သုံးသပ်မှု၊ လိုက်နာကျင့်သုံးမှုတို့တွင် အလွန်တရာ အားနည်းနေသည်ကို အထင်အရှားတွေ့ရကြောင်း စသည်ဖြင့် လျှောက်ထားတင်ပြသည်။

အယူခံလျှောက်ထားခံရသူ၏ရှေ့နေက အယူခံလျှောက်ထားသူသည် အယူခံလွှာကို **အထူးအယူခံ** လွှာဟု သုံးနှုန်းဖော်ပြထားခြင်းမှာ ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများတွင်မပါရှိသော အသုံးအနှုန်းဖြစ်ကြောင်း၊ နည်းဥပဒေ ၉၄ အစား နည်းဥပဒေပုဒ်မ ၉၄ ဟု အယူခံလွှာတွင် မှားယွင်းစွာဖော်ပြထားကြောင်း၊ မူလအမှုတွင် ဦးနေမျိုးအောင်က တရားမကျင့်ထုံးဥပဒေ အမိန့် ၁၄၊ နည်း ၅ (၁) အရ နောက်တိုးငြင်းချက်ကို ၃၁-၁-၂၀၁၉ ရက်နေ့တွင် လျှောက်ထားပြီး အဆိုပါ လျှောက်ထားမှုအပေါ် ခွင့်ပြုရန် သင့် မသင့် နှစ်ဖက်လျှောက်လဲချက်ကို ၁-၂-၂၀၁၉ ရက်နေ့ နံနက် (၁၀) နာရီအချိန်တွင် ကြားနာပြီးနောက် အဆိုပါ လျှောက်ထားမှုကို ပလပ်သည့် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ နောက်တိုးငြင်းချက်ကို အကျဉ်းနည်းဖြင့်ပလပ်သည်ဟုဆိုသော အယူခံလွှာပါ ဖော်ပြချက်မှာ မှန်ကန်ခြင်းမရှိပါ၍ ခုံအဖွဲ့စီရင်ဆုံးဖြတ်မှုကို အဖြစ်မှန်အတိုင်းတင်ပြရန် ပျက်ကွက်ရာရောက်နေကြောင်း၊ ထို့အပြင် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၄၊ နည်း (၁) တွင် အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဥပဒေနှင့် စပ်လျဉ်း၍ဖြစ်စေ အရေးပါသောတင်ပြချက်တစ်ရပ်ကို အမှုသည်တစ်ဦးက အခိုင်အမာအဆိုပြု၍ တစ်ဖက် အမှုသည်တစ်ဦးကငြင်းဆိုလျှင် ငြင်းဆိုချက်များ ပေါ်ပေါက်လာသည်ဟု ပြဋ္ဌာန်းထားသဖြင့် ကော်မရှင်ဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်စေဘဲ ရုံးငြင်းချက်များကို ထုတ်ပေးခဲ့ခြင်းသာဖြစ်ကြောင်း၊ မူလခုံရုံး အနေဖြင့် စစ်ဆေးခဲ့သောအမှုမှာ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားသည့်အမှုဖြစ်၍ သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရပြီး အဆိုပါ နည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ တရားမကျင့်ထုံး ဥပဒေအမိန့်ပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်ကြူကြူနှင့် ဦးအောင်မြင့်၊ ၁၉၈၀ ပြည့်နှစ်၊ မတစ၊ စာ-၁ အမှုတွင် "တရားရုံးများသည် ငြင်းချက်ထုတ်ရာတွင် အဆိုအချေတို့အရ အငြင်းပွားသည့်အချက်တိုင်းကို ငြင်းချက်ထုတ်၍ စစ်ဆေးရန်မလို၊ အမှုတွင် ဆုံးဖြတ်ရန် လိုအပ်သော အရေးပါအရာရောက်သော၊ မထုတ်လျှင်မဖြစ်သော ငြင်းချက်များကိုသာ ထုတ်ပေး၍ အမှုများကို စစ်ဆေးရန်ဖြစ်သည်" ဟု လမ်းညွှန်ထုံးဖွဲ့ချက်နှင့်လည်း မူလခုံရုံးက ထုတ်ပေးခဲ့သော ငြင်းချက်များသည် တန်ပြန် ကန့်ကွက်လွှာမတင်သွင်းသော သာမန်ရွေးကောက်ပွဲအမှုပါ အဆိုအချေတို့နှင့် ကိုက်ညီလျက်ရှိပြီး တရားမကျင့်ထုံး ဥပဒေ အမိန့် ၁၄၊ နည်း ၅ (၁) အရ မူလရုံးလျှောက်ထားခံရသူ၏ လျှောက်ထားမှုကို ပလပ်ခဲ့သောအမိန့်မှာ ရွေးကောက်ပွဲနည်းဥပဒေ ၁၀၀ ပါ ပြဋ္ဌာန်းချက်အတိုင်း ပြင်ဆင်မှုတင်သွင်းခဲ့ခြင်းမရှိသဖြင့် သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၅ အရ အပြီးပိတ်ပင်ထားခြင်းဖြစ်သောကြောင့် လျှောက်ထားသူ၏ အယူခံအကြောင်းပြချက်ကို ခွင့်ပြုရန်မသင့်ကြောင်း၊ မူလအမှု၌ သက်သေခံများကို တင်သွင်းရာ၌ မမှန်သက်သေခံတင်သွင်းခဲ့ခြင်းအတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ နှင့်အညီ ဦးသန်းထိုက်အောင်အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ နှင့်အညီ အရေးယူပေးရန် ဦးနေမျိုးအောင်က လျှောက်ထားခဲ့သော်လည်း မူလခုံရုံးက ထည့်သွင်းစဉ်းစားခဲ့ခြင်း မပြုကြောင်း၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၉၄ ကို ထည့်သွင်းစဉ်းစားခြင်းမရှိသဖြင့် ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း အယူခံလျှောက်ထားသူ၏ လျှောက်လဲတင်ပြချက်မှာ တိုင်းဒေသကြီးလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၀၀ ပါအတိုင်း ပြင်ဆင်မှုလျှောက်ထားခွင့်ရှိပါလျက် ထိုအခွင့်အရေးကို ဦးနေမျိုးအောင်က စွန့်လွှတ်ပြီးဖြစ်၍ အယူခံတွင် တောင်းဆိုခွင့်မရှိတော့ကြောင်း၊ အယူခံလျှောက်ထားသူ ဦးနေမျိုးအောင်သည် မူလအမှုတွင် မည်သည့်ဥပဒေနှင့် အကြောင်းအရာများကို တင်ပြခဲ့ကြောင်း ၎င်း၏အယူခံလွှာတွင် တိကျပြည့်စုံစွာ ဖော်ပြထားခြင်းမရှိဘဲ ယေဘုယျသဘောဖော်ပြထားသဖြင့် အယူခံရုံးတော်အနေဖြင့် ထိုယေဘုယျ တင်ပြချက်ကို ထည့်သွင်းသုံးသပ်ခြင်း မပြုသင့်ကြောင်း၊ ယခုအယူခံလျှောက်ထားသူ၏ အယူခံအကြောင်းပြချက်တွင် မူလရုံး စီရင်ချက်ချမှတ်သူတို့မှာ နှစ်ဖက်ကြားနာပြီးနောက် ရက်အနည်းငယ်အတွင်း စီရင်ချက်နှင့်အမိန့်ကို ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိဟု ဖော်ပြပါရှိသော အယူခံအကြောင်းပြချက်ကိုလည်း ခွင့်ပြုရန်မသင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

ရုံးတော်သဟာယ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (ဥ) အရ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် ဘာသာရေး အထိမ်းအမှတ်များကို ရွေးကောက်ပွဲတွင်အသုံးပြုခြင်း သို့မဟုတ် လူမျိုးကိုဖြစ်စေ၊ ကိုးကွယ်ရာဘာသာကိုဖြစ်စေ အကြောင်းပြုမဲပေးကြရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက် လှုံ့ဆော်မှုဖြစ်ပါက တရားမဲ့ပြုကျင့်မှုဖြစ်ကြောင်း၊ မူလအမှုတွင် သက်သေထွက်ဆိုချက်များအရ လျှောက်ထားခံရသူ ဦးနေမျိုးအောင်သည် မဲဆွယ်စည်းရုံးရေးကာလဖြစ်သည့် ၃-၉-၂၀၁၈ ရက်နေ့မှ ၂၂-၁၀-၂၀၁၈ ရက်နေ့အတွင်း ဥပုသ်သည်များ၊ ဝတ်အဖွဲ့များအား ဆွမ်းနှင့် ဝတ္ထုအလှူများ၊ မျက်စိဝေဒနာရှင် များကို ခွဲစိတ်ကုသပေးခြင်းတို့ကို ဆောင်ရွက်၍ ယင်းတို့အား ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတွင် ဖော်ပြ ထားခြင်းမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်တင်မြှောက်ခံရရေး အတွက် ကိုးကွယ်ရာဘာသာကိုအကြောင်းပြု၍ မဲပေးကြရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက်

လူမှုကွန်ရက်စာမျက်နှာပေါ်တင်ခဲ့ကြောင်း ရွေးကောက်ပွဲခုံအဖွဲ့ (၁) ၏ သုံးသပ်ချက်များမှာ ဆီလျော်မှန်ကန်မှုရှိကြောင်း၊ မူလအမှုတွင် လျှောက်ထားခံရသူ ဦးနေမျိုးအောင်၏ ရွေးကောက်ပွဲကိုယ်စားလှယ် ဒေါ်တိုးတိုးလွင်၏ ထွက်ဆိုချက်အရ ဦးနေမျိုးအောင်သည် မှန်ကန်မှုမရှိသော ရွေးကောက်ပွဲကုန်ကျစရိတ် ငွေစာရင်းတင်သွင်းခဲ့ကြောင်း၊ အဆိုပါငွေစာရင်းကို တရားရုံးရှေ့မှောက်တွင် မှန်ကန်သည်ဟု ကျမ်းကျိန်ဆိုခဲ့ကြောင်း၊ ဒေါ်တိုးတိုးလွင်သည် သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ် ငွေစာရင်းများကို ရေးမှတ်ရန်ပျက်ကွက်ခဲ့သည်ဟု ပေါ်ပေါက်ကြောင်း၊ သို့ဖြစ်၍ ဦးနေမျိုးအောင်သည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (က) (၄) နှင့် (၅)၊ ၆၆ (ဃ)၊ ၆၆ (စ) ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းမှုရှိကြောင်း ရွေးကောက်ပွဲခုံအဖွဲ့ (၁) ၏ သုံးသပ်ချက်များမှာ ဥပဒေနှင့်အညီဖြစ်ကြောင်း၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (က) (၂) အရ လွှတ်တော်ကိုယ်စားလှယ်လောင်းက ဖြစ်စေ၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ၊ ယင်းတို့တစ်ဦးဦး၏ သဘောတူညီချက်ဖြင့် အခြားသူ တစ်ဦးဦးကဖြစ်စေ ရွေးကောက်မှုဆိုင်ရာအခွင့်အရေးကို အနှောင့်အယှက်ပြုလုပ်ခြင်းသည် တရားမဲ့ပြုကျင့်မှု ဖြစ်ကြောင်း၊ မူလအမှုတွင် ဦးနေမျိုးအောင်နှင့် သက်သေအချို့၏ ထွက်ဆိုချက်အရ ဆိပ်ကမ်းမြို့နယ်အတွင်းရှိ ရပ်ကွက် (၃) ရပ်ကွက်တွင် အတိုးနည်းငွေချေးခြင်းဆောင်ရွက်ခဲ့သည့် မေထွဋ်ကုမ္ပဏီသည် ငွေချေးခြင်းကို ဆိပ်ကမ်းမြို့နယ် တစ်ခုတည်းတွင်သာငွေချေးခဲ့ပြီး အခြားမည်သည့်မြို့နယ်ကိုမျှ ငွေချေးခဲ့ခြင်းမရှိကြောင်း ပေါ်ပေါက်သည့်အတွက် အဆိုပါအချက်နှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲခုံအဖွဲ့ (၁) က လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးနေမျိုးအောင်နှင့် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ် ဒေါ်တိုးတိုးလွင်တို့က အဆိုပါ ချေးငွေထုတ်ချေးခြင်း ကိစ္စ ဆောင်ရွက်ခဲ့ခြင်းမှာ အထက်ပါဥပဒေပြဋ္ဌာန်းချက်အရ တရားမဲ့ပြုကျင့်မှုကို ပြုလုပ်ခဲ့ကြောင်း သုံးသပ်ချက်သည် မှန်ကန်မှုရှိကြောင်း၊ ထို့အပြင် ဦးနေမျိုးအောင် အနေဖြင့် ပုံနှိပ်သူ၊ ထုတ်ဝေသူတို့၏ အမည်၊ နေရပ်မပါရှိသော ဗွီနိုင်းပိုစတာကို စိုက်ထူခဲ့သော်လည်း ယင်းဗွီနိုင်းပိုစတာကို ပုဒ်မ ၆၆ (ဇ) ပါအတိုင်း ဖြန့်ချိထုတ်ဝေခဲ့ကြောင်း ထင်ရှားသည့် သက်သေခံချက်မပေါ်ပေါက်၍ ဦးနေမျိုးအောင်သည် အဆိုပါ ပုဒ်မ ၆၆ (ဇ) အရ တရားမဲ့ ပြုကျင့်မှုကို ပြုလုပ်ခြင်းမရှိကြောင်း သုံးသပ်ခဲ့ခြင်းမှာ ဥပဒေနှင့်ဆီလျော်မှုတမှုရှိပါကြောင်း၊ ဆိပ်ကမ်းမြို့နယ် တစ်ခုလုံးသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မြေဖြစ်ကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရုံးမှာ မော်တင်ရပ်ကွက်တွင် တစ်ရုံးနှင့် မိသားစုရပ်ကွက်တွင် တစ်ရုံးရှိကြောင်း၊ မိသားစုရပ်ကွက်ရုံးတွင် ယခင် ဖြိုးစေတနာဆေးခန်းရှိကြောင်း၊ လျှောက်ထားခံရသူ ဦးနေမျိုးအောင်မှ ဆိပ်ကမ်းမြို့နယ်ပါတီဥက္ကဋ္ဌ လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးအနေဖြင့် မိသားစုရပ်ကွက်ရှိ နိုင်ငံပိုင်မြေကို ပါတီရုံးအဖြစ် အသုံးပြုခဲ့သည်မှာ ပေါ်ပေါက်ကြောင်း ရွေးကောက်ပွဲခုံအဖွဲ့ (၁) က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပါ ပြဋ္ဌာန်းချက်များကို ကိုးကားသုံးသပ်ပြီး အချင်းဖြစ်နေရာကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အဆောက်အအုံအဖြစ် ရွေးကောက်ပွဲမတိုင်မီကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲပြီးကာလများတွင် ပါတီလုပ်ငန်းများလာရောက် လုပ်ကိုင်ဆောင်ရွက်မှုပြုခြင်းသည် ရွေးကောက်ပွဲဆိုင်ရာအခွင့်အရေးကို မတရားရယူသုံးစွဲခြင်းဖြင့် ရွေးကောက်ပွဲ ဆိုင်ရာ အခွင့်အရေးကို အနှောင့်အယှက်ပြုရာရောက်ကြောင်း၊ သို့ဖြစ်၍ ဦးနေမျိုးအောင်သည် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (က) ပါ တရားမဲ့ပြုကျင့်မှုများကို ပြုလုပ်ရာရောက်ကြောင်း သုံးသပ်ခြင်းမှာ ဥပဒေနှင့်အညီဖြစ်ကြောင်း၊ ယခုအမှုတွင် လျှောက်ထားသူက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၈၈ (ဂ) အရ တင်သွင်းသည့် စာရင်းဇယားနှင့် အကြောင်းခြင်းရာအချက်အလက်များ၊ ခုံရုံးရှိသက်သေခံချက်များနှင့် သက်သေခံအထောက် အထားများအရ လျှောက်ထားခံရသူသည် တရားမဲ့ပြုကျင့်မှုများဖြင့် မဲအများဆုံးရရှိခဲ့သည်ဟုလည်းကောင်း၊ ထိုနည်းဖြင့်ပင် သွေးဆောင်၍ရယူခဲ့သည်ဟုလည်းကောင်း၊ ရွေးကောက်ပွဲအနိုင်အရှုံးသည် တရားမဲ့ပြုကျင့်မှုများ ကြောင့်သာ ဖြစ်ရသည်ဟုလည်းကောင်း ပေါ်ပေါက်ခြင်းကြောင့် ရွေးကောက်ပွဲခုံအဖွဲ့ (၁) က ရန်ကုန်တိုင်း ဒေသကြီး၊ ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) တွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အဖြစ် ဦးနေမျိုးအောင်အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားမဝင်ပျက်ပြယ်ကြောင်းနှင့် ဦးသန်းထိုက်အောင်သည် ခိုင်လုံမဲအများဆုံးရရှိသူဖြစ်ပြီး တရားဝင်ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ဆုံးဖြတ်သည့်အမိန့်မှာ ဥပဒေနှင့်အညီဖြစ်ကြောင်း၊ လျှောက်ထားသူ၏ ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှု အပေါ် ဥပဒေနှင့်အညီ သင့်မြတ်သည့်အမိန့်တစ်ရပ် ချမှတ်သင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

အယူခံလျှောက်ထားသူနှင့် အယူခံလျှောက်ထားခံရသူတို့၏ နှစ်ဖက်လျှောက်လဲတင်ပြချက်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ရုံးတော်သဟာယ၏ လျှောက်လဲတင်ပြချက်များနှင့် မူလကန့်ကွက်လွှာအမှုမှ နှစ်ဖက် သက်သေထွက်ဆိုချက်များ၊ တင်ပြထားသောသက်သေခံအထောက်အထားများကို လေ့လာသုံးသပ်၍ ဤအယူခံ လျှောက်ထားမှုအား ဥပဒေနှင့်အညီ အဆုံးအဖြတ်ပြုသွားမည်ဖြစ်သည်။

မူလလျှောက်ထားသူ ဦးသန်းထိုက်အောင်က ရွေးကောက်ပွဲခုံအဖွဲ့ (၁) ရှေ့တွင် ထွက်ဆိုရာ၌ လျှောက်ထားခံရသူ ဦးနေမျိုးအောင်သည် မဲဆွယ်စည်းရုံးရေးကာလဖြစ်သည့် ၃-၉-၂၀၁၈ ရက်နေ့မှ ၂၂-၁၀-၂၀၁၈ ရက်နေ့အတွင်း ဆိပ်ကမ်းမြို့နယ်အမှတ် (၂) မဲဆန္ဒနယ်မြေအတွင်းရှိ ရဲရိပ်သာဓမ္မာရုံ၊ မိသားစုဓမ္မာရုံတို့၌ ဥပုသ်သည်များ၊ ဝတ်အဖွဲ့များအား စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးလှူဒါန်းခြင်း၊ သီလပေးဆရာတော်များအား အလှူဝတ္ထုငွေများလှူဒါန်းခြင်း၊ **(အလှူရှင် ဦးနေမျိုးအောင် နှင့် တပည့်များမှလှူဒါန်းသည်)** ဟူသော ကြော်ငြာ သင်ပုန်းတွင် ရေးသားထားချက်များကို ဦးနေမျိုးအောင်၏ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် တင်ထားသည်ကို တွေ့ရှိရကြောင်း၊ ထိုကဲ့သို့ ဧည့်ခံကျွေးမွေးလှူဒါန်းခြင်း၊ အလှူဝတ္ထုငွေများလှူဒါန်းခြင်းတို့မှာ ကိုးကွယ်ရာဘာသာကို အကြောင်းပြု၍ မဲပေးကြရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလုပ်လျက် လူမှုကွန်ရက်စာမျက်နှာများတွင် တင်ခဲ့ခြင်းဖြင့် တရားမဲ့ပြုကျင့်မှုကို ပြုလုပ်ရာရောက်ကြောင်း စသည်ဖြင့် ထွက်ဆိုထားသည်ကိုတွေ့ရသည်။ ၎င်း၏ထွက်ဆိုချက်အပေါ် အယူခံလျှောက်ထားသူ (မူလလျှောက်ထားခံရသူ) က ချေပရာ၌ ၎င်းသည် ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် ဘာသာရေးယုံကြည်မှုအရ ကောင်းမှုကုသိုလ်ပြုလုပ်ခဲ့ခြင်းသာဖြစ်ကြောင်း၊ မဲဆွယ်စည်းရုံးရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ရန်မဟုတ်ကြောင်း စသည်ဖြင့် ချေပထားသည်ကို တွေ့ရှိရသည်။ ကုသိုလ်ရေးသက်သက်ကို စေတနာသန့်သန့်ဖြင့် ပြုလုပ်ခြင်းဖြစ်ပါက အပြစ်တစ်စုံတစ်ရာ ဆိုဖွယ်ရာရှိမည် မဟုတ်သော်လည်း အယူခံလျှောက်ထားသူ (မူလလျှောက်ထားခံရသူ) သည် ၎င်းပြုလုပ်ခဲ့သည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ရာ၌ ကုန်ကျသည့်စရိတ်ငွေကြေးများကို သက်သေခံ (ဂ) ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအပိုင်း (၄) ၌ မျက်စိဆေးရုံ အသွား အပြန် ယာဉ်ငှားရမ်းစရိတ်၊ မဲဆန္ဒရှင် မျက်စိဝေဒနာရှင်များအား ကုသပေးသည့်စရိတ်၊ ရဲရိပ်သာရပ်ကွက် ဥပုသ်သည်များ ဧည့်ခံကျွေးမွေးစရိတ်၊ ဝတ်အဖွဲ့ဝင်များဧည့်ခံကျွေးမွေးစရိတ်၊ မိသားစုဝတ်အဖွဲ့ဝင်များ ဧည့်ခံကျွေးမွေးစရိတ်၊ သီလပေးဆရာတော်အား ဝတ္ထုငွေ ကပ်လှူသည့် ကုန်ကျစရိတ်ငွေများကို စာရင်းရေးသွင်းထား သည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်းသက်သက်မဟုတ်ဘဲ ရွေးကောက်ပွဲကိစ္စအတွက် ရွေးကောက်ပွဲအလို့ငှာ အသုံးပြုရမည့်ငွေများထဲမှ ရွေးကောက်ပွဲကုန်ကျစရိတ်အဖြစ် ငွေစာရင်းရှင်းတမ်း၌ ထည့်သွင်းဖော်ပြထားခြင်းသည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆ (က) (၁) နှင့် ၆၆ (ဎ) အရ တရားမဲ့ပြုကျင့်မှုကို ပြုလုပ်ရာရောက်သည်ဟုသုံးသပ်ရရှိသည်။ ၎င်းအပြင် ကုန်ကျစရိတ်ငွေစာရင်းများ ရေးသွင်းရာ၌ ရွေးကောက်ပွဲကိုယ်စားလှယ် ဒေါ်တိုးတိုးလွင်က ငွေပေးသူအဖြစ် လက်မှတ်ရေးထိုးခဲ့သော ပြေစာ စာရွက် ၃၆ စောင်ရှိရာ ယင်းပြေစာများပေါ်တွင် အမှန်တကယ် ကျွန်မ ငွေပေးချေ ဆောင်ရွက်ခဲ့ခြင်း လုံးဝမရှိပါ။ ကျွန်မအနေဖြင့် ငွေပေးရသူအဖြစ်နှင့် လက်မှတ်ရေးထိုးပေးခဲ့ရသော်လည်း အမှန်တကယ်မှာ ကိုမောင်နိုင် (ဆိုက်ကားသမား၊ လက်သမား) ဖြစ်သူ တစ်ဦးတည်းကိုသာ ဦးနေမျိုးအောင်က သူမအားလပ်၍ဟု ပြောသောကြောင့် ငွေ နှစ်သောင်းတစ်ကြိမ်သာ ပေးခဲ့ပါသည်ဟူ၍ ၎င်း၏ရွေးကောက်ပွဲကိုယ်စားလှယ် ဒေါ်တိုးတိုးလွင် ကိုယ်တိုင် ထွက်ဆိုထားသည်။ မူလလျှောက်ထားသူ ဦးနေမျိုးအောင်နှင့် ၎င်း၏ ရွေးကောက်ပွဲကိုယ်စားလှယ် ဒေါ်တိုးတိုးလွင်တို့က တရားသူကြီးရှေ့မှောက်တွင် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းမှာ မှန်ကန်ကြောင်းကြေညာ၍ ကျမ်းကျိန်ဆိုခဲ့ရာ ဒေါ်တိုးတိုးလွင်က ထိုကျမ်းကျိန်ဆိုချက်မှာ "ဦးနေမျိုးအောင် အပေါ် ယုံကြည်သဖြင့် ဦးနေမျိုးအောင်ပြောသည့်အတိုင်း ကျမ်းကျိန်လွှာတွင် လက်မှတ်ရေးထိုး ပြုလုပ်ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါသည်။ ကျန်တာဘာမှမသိပါ။" ဟု ထွက်ဆိုထားချက်အရ မူလလျှောက်ထားခံရသူနှင့် ဒေါ်တိုးတိုးလွင် တို့သည် ရွေးကောက်ပွဲ ကုန်ကျစရိတ် ငွေစာရင်းများကို သတ်မှတ်ထားသည့်အတိုင်း စာရင်းရေးသွင်းရန် ပျက်ကွက်ခဲ့ခြင်းနှင့် မမှန်ကန်သော ငွေစာရင်းကို မှန်ကန်ပါသည်ဟု ဝန်ခံလက်မှတ်ရေးထိုးခြင်းတို့အတွက် ထိုပျက်ကွက်မှုသည် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (စ) နှင့် ပုဒ်မ ၆၆ (က) (၅) တို့အရ တရားမဲ့ပြုကျင့်မှုကို ပြုလုပ်ရာရောက်သည်ဟု သုံးသပ်ရရှိသည်။

ဦးနေမျိုးအောင်၏ ရွေးကောက်ပွဲကိုယ်စားလှယ် ဒေါ်တိုးတိုးလွင်နှင့် မေထွန်းကုမ္ပဏီဥက္ကဋ္ဌ ဦးလင်းအောင်အောင် တို့သည် ယခုငွေချေးခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရာ၌ ချေးငွေ၏ အတိုးအပေါ်တွင် ၀. ၅ ရာခိုင်နှုန်းကို ဒေါ်တိုးတိုးလွင်က ခံစားခွင့်ရရှိကြောင်း စာချုပ်ချုပ်ဆိုခဲ့သည့်အပြင် ချေးယူသည့်နေ့မှစတင်၍ တစ်လပြည့်တိုင်း အတိုးနှင့် အရင်းငွေ တစ်သောင်းကျပ် ပြန်ကောက်ခံရမည်ဖြစ်သော်လည်း ရွေးကောက်ပွဲ လုပ်ငန်းများကိုအကြောင်းပြု၍ မကောက်ခံဘဲထားခြင်း၊ ထိုသို့ မကောက်ခံဘဲထားခြင်းကို ဒေါ်တိုးတိုးလွင်နှင့် မေထွန်းကုမ္ပဏီတို့ပါသိရှိပြီး စည်းကမ်းချက်များအတိုင်း မဆောင်ရွက်ဘဲနေခြင်းသည် ချေးယူထားသောမဲဆန္ဒရှင် များနှင့်တကွ ၎င်းတို့နှင့်ပတ်သက်နေသူ မဲဆန္ဒရှင်များအားလုံးအတွက်ပါ ရွေးကောက်ပွဲဆိုင်ရာအခွင့်အရေးရရှိစေရန် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရပေသည်။

သက်သေခံ (စ) နှင့် (ဆ) ပါ Myanmar Now ၏ဆောင်းပါးတွင် ဦးနေမျိုးအောင်က ပြောကြားခဲ့သည် ဆိုသော ပြောကြားချက်များသည် သက်သေခံဥပဒေသဘောအရ ခိုင်မြဲလျက်ရှိခြင်းနှင့် ဒေါ်တိုးတိုးလွင်၏

ထွက်ဆိုချက်၊ ဦးလင်းအောင်အောင်၏ ထွက်ဆိုချက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်းအား လျှောက်ထားခံရသူ ဦးနေမျိုးအောင်၏ ရှေ့နေက ပြန်လှန်မေးမြန်းချက်အပေါ် ထွက်ဆိုချက်၊ လျှောက်ထားခံရသူပြသက်သေ ဒေါ်ဥမ္မာခင်တို့၏ ထွက်ဆိုချက်များအရသည်ပင်လျှင် ဆိပ်ကမ်းမြို့နယ်သို့ တရားဝင်ငွေချေးခွင့်မရှိပါဘဲလျက် တရားမဝင်ငွေချေးမှု ပြုခဲ့ခြင်း၊ ဆိပ်ကမ်းမြို့နယ်ဟုဆိုသော်လည်း အဓိကရွေးကောက်ပွဲကျင်းပမည့်နေရာဖြစ်သော ရဲရိပ်သာရပ်ကွက်တွင် (၁၁၅) ဦးနှင့် မိသားစုရပ်ကွက်တွင်နေထိုင်သော မဲဆန္ဒရှင် (၈၅) ဦးကိုသာ ဦးတည်၍ ယင်းရပ်ကွက်နှစ်ခုမှာပင် အခြေပြု၍ငွေချေးခဲ့ခြင်း၊ မော်တင်ရပ်ကွက်နေ မဲဆန္ဒရှင် (၁၅) ဦးကို ကြုံကြိုက်၍သာ ချေးပေးခဲ့ပြီး အတိုးနှင့် အရင်းငွေ ကျပ် တစ်သောင်းကို တစ်လပြည့်သည့်နေ့တိုင်းတွင် ပေးရမည်ဟု စည်းကမ်းသတ်မှတ်ထားသော်လည်း ယင်းစည်းကမ်းချက်ကိုမလိုက်နာဘဲ အတိုးနှင့် အရင်းငွေများမကောက်ခံဘဲထားရှိခြင်း၊ ရွေးကောက်ပွဲပြီးမှ စတင်၍ ကောက်ခံခြင်း စသောပြုမူဆောင်ရွက်ချက်များသည် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် ဆိပ်ကမ်းမြို့နယ်တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) တွင်နေထိုင်သော မဲဆန္ဒရှင်များ၏ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးဖြစ်သော ရွေးကောက်ပွဲတွင် မဲပေးနိုင်သောအခွင့်အရေး သို့မဟုတ် မဲပေးခြင်းမပြုဘဲ နေနိုင်သော အခွင့်အရေးကို အနှောင့်အယှက်ပြုရာရောက်သဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (က) (၂) အရ တရားမဲ့ပြုကျင့်မှုကို ပြုရာရောက်သည်ဟု သုံးသပ်ရရှိသည်။

ငွေတိုးချေးခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အယူခံလျှောက်ထားခံရသူ ဦးသန်းထိုက်အောင်၏ရှေ့နေက ဆိပ်ကမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်းက မေထွဋ်ကုမ္ပဏီမှ ဆိပ်ကမ်းမြို့နယ်အတွင်း တရားဝင်ငွေချေးခွင့် ကုမ္ပဏီများစာရင်း၌ ပါဝင်ခြင်းမရှိဘဲ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် ရဲရိပ်သာရပ်ကွက်နှင့် မိသားစုရပ်ကွက် တို့တွင် အတိုးနည်းငွေချေးခဲ့ခြင်းဖြစ်ကြောင်း ငွေချေးလုပ်ငန်းစဉ်ကို ၂၃-၈-၂၀၁၈ ရက်နေ့တွင် ရပ်ကွက်နှစ်ခု၌ ငွေချေးရာတွင် ဒေါ်တိုးတိုးလွင် (ဦးနေမျိုးအောင်၏ရွေးကောက်ပွဲကိုယ်စားလှယ်) ကိုယ်တိုင် ဦးဆောင်၍ ငွေချေးခဲ့ခြင်းဖြစ်ကြောင်းနှင့် သက်သေခံ (ဥ-၁) ပါ စည်းကမ်းချက်အတိုင်း အတိုး၊ အရင်းငွေများကို ကောက်ခံခြင်းမရှိဘဲ ချေးယူထားသောမဲဆန္ဒရှင်များနှင့်တကွ ၎င်းတို့နှင့်ပတ်သက်သူ မဲဆန္ဒရှင်များအားလုံးအတွက်ပါ ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးရရှိစေရန်ဆောင်ရွက်ခဲ့ကြောင်းတွေ့ရပေသည်ဟု သုံးသပ်ကာ လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးနေမျိုးအောင် နှင့် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ် ဒေါ်တိုးတိုးလွင် တို့သည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၆ (က) (၂) တွင် ပြဋ္ဌာန်းထားသော ရွေးကောက်ပွဲဆိုင်ရာအခွင့်အရေးကို အနှောင့်အယှက်ပြုလုပ်သည့် တရားမဲ့ပြုကျင့်မှုများကို ပြုလုပ်ခဲ့ကြောင်း ပေါ်ပေါက်နေပေသည်ဟု သုံးသပ်ဆုံးဖြတ်ထားပါလျက် ဦးနေမျိုးအောင်သည် အယူခံလွှာတွင် ငွေချေးငှားသည့် ကိစ္စအပေါ် ခုံအဖွဲ့၏ဆုံးဖြတ်ချက်သည် အကြောင်းခြင်းအရာများအရလည်းကောင်း၊ ဥပဒေအရလည်းကောင်း ညီညွတ်မှန်ကန်မှုမရှိသဖြင့် ပြင်ဆင်ပယ်ဖျက်ပေးပါရန် အယူခံထားခြင်းမရှိသဖြင့် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (က) (၂) ကျူးလွန်သည်ဆိုခြင်းကို ကော်မရှင်မှ ထပ်မံအတည်ပြုပေးပါရန်ဟူ၍ လျှောက်လဲတင်ပြခဲ့သည်။

မူလလျှောက်ထားသူ ဦးသန်းထိုက်အောင်က မူလလျှောက်ထားခံရသူ ဦးနေမျိုးအောင်သည် ဆိပ်ကမ်းမြို့နယ် (မိသားစုရပ်ကွက်) ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရုံးကို နိုင်ငံပိုင်မြေပေါ်၌ ဆောက်လုပ်ထားသော ရုံးခန်းတွင် ရွေးကောက်ပွဲလုပ်ငန်းများကို ရုံးခန်းဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း အဆိုပါ ရုံးခန်းငှားရမ်းခငွေများ၊ လျှပ်စစ်မီတာဖိုး၊ ရေဖိုးများကိုလည်း သက်ဆိုင်ရာသို့ ပေးချေခြင်းမရှိကြောင်း စွပ်စွဲထွက်ဆိုခဲ့ရာ မူလလျှောက်ထားခံရသူ ဦးနေမျိုးအောင် က ချေပထွက်ဆိုရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ပိုင်ဆိုင်သော အဆောက်အအုံပေါ်တွင် မိမိအား ပါတီ၏တာဝန်ပေးချက်အရ ဥက္ကဋ္ဌရာထူးဖြင့်ရုံးထိုင်ပြီး ၎င်းအဆောက်အအုံကို ရွေးကောက်ပွဲ မတိုင်မီကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲလွန် ကာလနှင့် ယခုအထိရုံးခန်းအဖြစ်အသုံးပြုနေသောကြောင့် ရွေးကောက်ပွဲအတွက် အထူးကုန်ကျစရိတ်မရှိသဖြင့် ငွေစာရင်းတွင်ထည့်သွင်းရန်မလိုကြောင်း၊ ၎င်းအဆောက်အအုံကို ယခင် ၂၀၀၇ ခုနှစ်အတွင်း ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ပြည်ခိုင်ဖြိုးအသင်း ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန်တို့က စီစဉ်ဆောက်လုပ်ခဲ့သော အသင်းပိုင်အဆောက်အအုံဖြစ်ပြီး ၎င်းအဆောက်အအုံအား အသင်းမှ ပါတီသို့ ပြောင်းလဲဖွဲ့စည်းသောအခါ ပါတီပိုင်အဆောက်အအုံဖြစ်လာသဖြင့် လျှောက်ထားသူ၏စွပ်စွဲချက်မှာ မှန်ကန်ခြင်းမရှိကြောင်း ချေပထွက်ဆိုထားသည်ကို တွေ့ရှိရသည်။

ဖော်ပြပါ မြေ၊ အဆောက်အအုံနှင့်စပ်လျဉ်း၍ မူလအမှုတွင် ဦးတင်မောင်ဝင်း (လျှောက်ထားသူပြ သက်သေ-၄) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ရုံးခေါ်သက်သေ ဦးကျော်မျိုး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန) တို့၏ထွက်ဆိုချက်နှင့် သက်သေခံစာရွက်စာတမ်း အထောက်အထားများအရ ဆိပ်ကမ်းမြို့နယ်၊ မော်တင်ရပ်ကွက်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရုံးတစ်ရုံး၊ မိသားစုရပ်ကွက်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရုံးတစ်ရုံးရှိကြောင်း၊ မော်တင်ရပ်ကွက်ရှိ ပါတီရုံးအတွက် မြေငှားရမ်းခကို

တစ်လလျှင် ၈၈၀၀၀/- နှုန်းဖြင့် ငါးနှစ်သက်တမ်း နှစ်ကြိမ်၊ ၁၀ နှစ်သက်တမ်းဖြင့် ၃၀-၉-၂၀၁၅ ရက်နေ့မှ ၂၉-၉-၂၀၂၅ အထိ ငှားရမ်းအသုံးပြုခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ဆိပ်ကမ်းအာဏာပိုင်ရုံးမှ ယင်းမြေကို ပြန်လည်အပ်နှံရန် ဆိပ်ကမ်းမြို့နယ်ပြည်ခိုင်ဖြိုးပါတီသို့ (၅) ကြိမ် အကြောင်းကြားခဲ့ရာ ပြည်ခိုင်ဖြိုးပါတီရုံးမှ အထက်အဆင့်သို့ တင်ပြ၍ ပြန်လည်ညှိနှိုင်းဆောင်ရွက်ပါမည်ဟု အကြောင်းပြန်ကြားထားကြောင်း၊ မိသားစုရပ်ကွက်အတွင်းရှိ အဆောက်အအုံမှာ ၂၀၀၇-၂၀၀၈ ခုနှစ်က ပို့ဆောင်ရေးဝန်ကြီးနှင့် ရန်ကုန်မြို့တော်စည်ပင်တို့ဆောက်လုပ်ထားသည့် အဆောက်အအုံဖြစ်ကြောင်း၊ ယင်းအဆောက်အအုံတွင် ဖြိုးစေတနာ အခမဲ့ ဆေးခန်းဖွင့်၍ ပြည်ခိုင်ဖြိုးပါတီက အသုံးပြုခဲ့ဖူးကြောင်း၊ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် အသုံးပြုခြင်းမရှိကြောင်း၊ ဖြိုးစေတနာ အခမဲ့ ဆေးခန်းဆိုင်းဘုတ်တင်ထားသော်လည်း ပါတီရုံးခန်းအဖြစ် အသုံးပြုမှုမရှိကြောင်း၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအပြီး ၁၃-၁-၂၀၁၉ ရက်နေ့တွင် ဆေးခန်းအတွင်းရှိ ပြည်ခိုင်ဖြိုးပါတီပိုင်ပစ္စည်းများကို ပြန်လည်ထုတ်ယူစေပြီး ဌာနပိုင်သော့ခတ်၍ ဌာန၏စီမံမှုအောက်တွင် ထားရှိကြောင်း တွေ့ရှိရသော်လည်း မူလရုံးလျှောက်ထားခံရသူ ဦးနေမျိုးအောင်၏ကိုယ်တိုင်ထွက်ဆိုချက်များအရ ကြားဖြတ်ရွေးကောက်ပွဲမတိုင်မီကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအပြီးကာလအတွင်း ဦးနေမျိုးအောင်သည် ယင်းမိသားစုရပ်ကွက်အတွင်းရှိ ဖြိုးစေတနာအခမဲ့ဆေးခန်းဖွင့်သည့်အခန်းတွင် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲအပြီး ၁၃-၁-၂၀၁၉ ရက်နေ့တွင် ယင်းအဆောက်အအုံကို ဌာနကသော့ခတ်၍ ဌာန၏စီမံခန့်ခွဲမှုအောက်တွင်ထားရှိကြောင်းကို ဦးနေမျိုးအောင်က ရုံးတော်သို့တင်ပြခဲ့မှုမရှိကြောင်း တွေ့ရှိရသည်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၀ (ဌ) အရ နိုင်ငံတော်ပိုင်မြေ၊ အဆောက်အအုံတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲသူတို့သည် ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေရပါ။ ဦးနေမျိုးအောင်အနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲ မတိုင်မီကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲပြီးကာလများတွင် ဆိပ်ကမ်းမြို့နယ် မိသားစုရပ်ကွက်ရှိ ဆိပ်ကမ်းအာဏာပိုင် ပိုင်ဆိုင်သည့်မြေနှင့် အဆောက်အအုံကို ရယူသုံးစွဲခဲ့ခြင်းမှာ ဖော်ပြပါ ဥပဒေပုဒ်မ ၁၀ (ဌ) ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းမှုရှိသည်ဟု သုံးသပ်ရသည်။ ဦးနေမျိုးအောင် အနေဖြင့် ဌာနပိုင်မြေနှင့် အဆောက်အအုံကို အသုံးပြု၍ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကိုဆောင်ရွက်ခဲ့ခြင်းမှာ တစ်နည်းအားဖြင့် ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးကို မတရားရယူသုံးစွဲရာရောက်သဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၆ (က) (၂) အရ တရားမဲ့ပြုကျင့်မှုကို ပြုလုပ်ရာရောက်သည်ဟု သုံးသပ်ရပေသည်။

မူလလျှောက်ထားသူက ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေး ဗီနိုင်းကြော်ငြာပိုစတာများကို ရွေးကောက်ပွဲဝင်ကြသည့် ကိုယ်စားလှယ် (၉) ဦးအနက် လျှောက်ထားသူနှင့် လျှောက်ထားခံရသူအပါအဝင် (၄) ဦးသာလျှင် အသုံးပြုခဲ့သည်။ ၎င်းအနက် ဦးနေမျိုးအောင်၏ ဗီနိုင်းပိုစတာများတွင် ပုံနှိပ်ထုတ်ဝေသူအမည်၊ နေရပ်လိပ်စာများ မပါရှိသဖြင့် ဥပဒေသတ်မှတ်ချက်အတိုင်းမဟုတ်ဘဲ ဗီနိုင်းပိုစတာများကို မဲဆွယ်စည်းရုံးသည့် ပိုစတာများအဖြစ်အသုံးပြုခဲ့သဖြင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့် လျှောက်ထားခံရသူ လွှတ်တော်ကိုယ်စားလှယ်လောင်းအား အကျိုးရှိစေခြင်းဖြင့် ဥပဒေပုဒ်မ ၆၆ (ဈ) ကို ကျူးလွန်ရာရောက်ကြောင်းစွပ်စွဲခဲ့ရာ အဆိုပါစွပ်စွဲချက်အပေါ် ဦးနေမျိုးအောင်က ထုချေရှင်းလင်းရာ၌ လျှောက်ထားသူက ၎င်းသုံးစွဲခဲ့သော ဗီနိုင်းပိုစတာတို့တွင် ထုတ်ဝေခွင့်အမှတ်ပါရှိသည်ဟုထွက်ဆိုထားသော်လည်း ထိုပုံနှိပ်ထုတ်ဝေသူအမှတ်ပါရှိသော လျှောက်ထားသူ၏ ဗီနိုင်းပိုစတာကို ရုံးတော်သို့ သက်သေခံအဖြစ်တင်ပြထားခြင်းမရှိပါကြောင်း၊ လျှောက်ထားခံရသူ၏ ဗီနိုင်းပိုစတာကိုသာ ရုံးတော်သို့ သက်သေခံအဖြစ် တင်ပြခဲ့ပါကြောင်း၊ ဗီနိုင်းပိုစတာများကို လျှောက်ထားသူနှင့် လျှောက်ထားခံရသူအပါအဝင် ကိုယ်စားလှယ်လောင်း (၄) ဦးကသာ အသုံးပြုခဲ့ပါကြောင်း၊ ၎င်းပိုစတာများတွင်လည်း ပုံနှိပ်ထုတ်ဝေသူအမည်၊ နေရပ်လိပ်စာများမပါရှိပါကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ ဆိပ်ကမ်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ အစည်းအဝေးပြုလုပ်ရာတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများနှင့်တွေ့ဆုံ၍ ဗီနိုင်းပိုစတာများတွင် ပုံနှိပ်ထုတ်ဝေသူအမည်၊ နေရပ်လိပ်စာများပါရန်လိုအပ်ကြောင်း၊ လက်ကမ်းစာစောင်များတွင်လည်း ပုံနှိပ်ထုတ်ဝေသူ အမည်၊ နေရပ်လိပ်စာများပါရှိရန်လိုကြောင်း၊ မပါလျှင် ရော်ဘာတံဆိပ်တုံးဖြင့် ပုံနှိပ်ထုတ်ဝေသူအမည်၊ နေရပ်၊ ထုတ်ဝေခွင့်တို့ကို ရိုက်နှိပ်ရန်လိုကြောင်း ဆွေးနွေးရာ လျှောက်ထားခံရသူက လက်ရှိစိုက်ထူပြီးသား ဗီနိုင်းများကို အသစ်ပြန်လည်ပြုလုပ်ရန်လိုအပ်ပါသလားဟု မေးမြန်းရာ နောင်ပြုလုပ်မည့် ဗီနိုင်းများကိုသာ ဥပဒေနှင့်အညီ ဆောင်ရွက်စေလိုကြောင်းဖြင့် အတွင်းရေးမှူးမှ ဖြေကြားခဲ့ကြောင်း၊ ဦးနေမျိုးအောင်က ထွက်ဆိုထားသည်ကို တွေ့ရှိရသည်။ ထိုအချက်နှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲခုံအဖွဲ့ (၁) မှ သုံးသပ်ရာတွင် ဦးနေမျိုးအောင်၏ ပြုမူဆောင်ရွက်ချက်ကို စိစစ်ရာ ဦးနေမျိုးအောင်သည် ပုံနှိပ်သူ၊ ထုတ်ဝေသူတို့၏ အမည်၊ နေရပ်လိပ်စာမပါရှိသော ဗီနိုင်းပိုစတာကို စိုက်ထူခဲ့သည်မှာ အငြင်းမပွားပေ။ သို့ရာတွင် ယင်းကိစ္စနှင့်စပ်လျဉ်း၍ သက်သေခံ (၂) အဖြစ်တင်ပြထားသော အစည်းအဝေးတွင်

စွမ်းအားရှိသမျှ ပြန်လှန်ဆွေးနွေးမေးမြန်းမှုများပြုလုပ်ခဲ့သည်။ ၎င်း၏မေးမြန်းချက်များကို တာဝန်ရှိသူ၏ ပြန်လည်ဖြေကြားချက်အပေါ် ၎င်းသိရှိနားလည်သလို လိုက်နာဆောင်ရွက်ခဲ့သည်။ ထို့အပြင် ယင်းဗိုဒ်နိုင်းပိုစတာကို ပုဒ်မ ၆၆ (ဇ) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြန့်ချိထုတ်ဝေခဲ့ကြောင်းလည်း ထင်ထင်ရှားရှားသက်သေခံချက် မတွေ့ရပေ။ သို့ပါ၍ လျှောက်ထားခံရသူ ဦးနေမျိုးအောင်သည် အဆိုပါ ဥပဒေပုဒ်မ ၆၆ (ဇ) တွင် ပြဋ္ဌာန်းထားသည့် တရားမဲ့ပြုကျင့်မှုကို ပြုလုပ်ရာရောက်သည်ဟု မဆိုနိုင်ပေဟု သုံးသပ်ထားရာ အဆိုပါရွေးကောက်ပွဲခုံအဖွဲ့ (၁) ၏ သုံးသပ်ချက်ကိုလည်း ဤအယူခံရုံးက လက်ခံသဘောတူပေသည်။

မူလလျှောက်ထားသူမှ ၎င်း၏ရွေးကောက်ပွဲကိုယ်စားလှယ် ဦးရဲမင်းသိမ်းက တရားလိုပြုလုပ်၍ ဆိပ်ကမ်းမြို့နယ် မြို့မရဲစခန်းတွင် ၁၇. ၁၁. ၂၀၁၈ ရက်နေ့တွင် ဦးနေမျိုးအောင်၊ ဒေါ်တိုးတိုးလွင် နှင့် ဦးလင်းအောင်အောင်တို့အား ကြားဖြတ်ရွေးကောက်ပွဲစည်းရုံးရေးကာလအတွင်း ဆိပ်ကမ်းမြို့နယ်တိုင်းဒေသကြီး အမှတ် (၂) မဲဆန္ဒနယ်ရှိ မဲဆန္ဒရှင်များကို မေထွန်း ကုမ္ပဏီလီမိတက်ဖြင့် ဆက်သွယ်၍ ငွေချေးခြင်းဖြင့် ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို မတရားရယူခဲ့သဖြင့် ယင်းဥပဒေပုဒ်မ ၅၈ ကို ကျူးလွန်ရာရောက်ကြောင်း၊ ယခုအဆင့်တွင် ဆိပ်ကမ်းမြို့မရဲစခန်းမှ ရဲစခန်းအမှုအမှတ် ပ-၂၂၅/၂၀၁၈ ဖြင့် အမှုဖွင့်လှစ်စစ်ဆေးလျက်ရှိကြောင်း ထွက်ဆိုချက်မှာ ယခုစစ်ဆေးကြားနာနေသောအမှုနှင့် သက်ဆိုင်ခြင်းမရှိသောကြောင့် ထိုအချက်အပေါ် တစ်စုံတစ်ရာဆုံးဖြတ်ချက်ပြုနိုင်မည်မဟုတ်ပေ။

အယူခံလျှောက်ထားသူ၏ ရှေ့နေသည် အယူခံလွှာနှင့် အယူခံမှု ရေးသားလျှောက်လဲချက်တို့တွင် မမှန်မကန် လွဲမှားစွာဖော်ပြခြင်းနှင့် ဥပဒေပြဋ္ဌာန်းချက်များကိုဆန့်ကျင်၍ ဖော်ပြလျှောက်ထားချက်များပါရှိသည်ကို တွေ့ရပေသည်။ ယင်းတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း အထူးမှတ်ချက်ပြု ဖော်ပြလိုပေသည်။

ပထမအချက်အနေဖြင့် ယခုအယူခံမှုကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ကိုးကား၍ လျှောက်ထားရမည်ဖြစ်သော်လည်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေပုဒ်မ ၉၄ ဟူ၍ (၇) ကြိမ်၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေပုဒ်မ ၇၇ ဟူ၍ (၃) ကြိမ် ဖော်ပြပြီး နည်းဥပဒေကိုပုဒ်မဟူ၍ မမှန်မကန်လွဲမှားစွာ ဖော်ပြလျှောက်ထားတင်ပြခဲ့သည်။

ဒုတိယအချက်အနေဖြင့် မူလရွေးကောက်ပွဲခုံအဖွဲ့ (၁) တွင် အပြီးသတ်လျှောက်လဲချက်ရေးသား တင်ပြရာ၌ စာမျက်နှာ (၅၄) မျက်နှာရှိသည်ဟူ၍ဖော်ပြခဲ့ရာ မမှန်မကန်ဖော်ပြခဲ့ခြင်းသာဖြစ်သည်။ ၎င်း၏ ရေးသားလျှောက်လဲချက်တွင် စာမျက်နှာ (၆) မျက်နှာသာ ရှိသည်။ စာမျက်နှာ (၄၈) မျက်နှာမှာ ဦးနေမျိုးအောင်၏ ရွေးကောက်ပွဲခုံအဖွဲ့ (၁) ရှေ့တွင် ထွက်ဆိုသောထွက်ဆိုချက် အစအဆုံးမိတ္တူကူး၍ ပူးတွဲတင်ပြထားခြင်းသာ ဖြစ်သည်။ ဦးနေမျိုးအောင်၏ ထွက်ဆိုချက် အစအဆုံးမှာ မူလကန့်ကွက်လွှာ အမှုတွဲတွင်ပါရှိထားပြီး ဖြစ်သည်။

တတိယအချက်အနေဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၁၄ နည်း (၅) (၁) အရ နောက်တိုးငြင်းချက်များ ထုတ်နုတ်ပေးပါရန် လျှောက်ထားခြင်းအပေါ် မူလရွေးကောက်ပွဲခုံအဖွဲ့ (၁) က နှစ်ဖက်ရှေ့နေကြီးများ၏ လျှောက်လဲချက်များကို ကြားနာမှုပြုပြီးနောက်မှ အမိန့်ချမှတ်ခဲ့ပါလျက် အကျဉ်းနည်းဖြင့် ပလပ်ခဲ့သည်ဟူ၍ ဖော်ပြခြင်းသည် မမှန်မကန်လျှောက်ထားတင်ပြခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ယင်းဆုံးဖြတ်ချက်အမိန့်ကို မကျေနပ်ပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပြင်ဆင်မှု လျှောက်ထားခွင့်ရှိကြောင်းနှင့် ထိုသို့ ပြင်ဆင်မှု လျှောက်ထားမည်ဆိုလျှင် နိုင်ငံတော်ကကုန်ကျမည့် အမှုစရိတ် ငွေကျပ် သုံးသိန်းကို ကော်မရှင်သို့ပေးသွင်းကာ ရွေးကောက်ပွဲခုံအဖွဲ့က အမိန့်ချမှတ်သည့်နေ့မှ သုံးရက်အတွင်း ကော်မရှင်သို့ တင်သွင်းရမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၄ (က) နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ၊ နည်းဥပဒေ ၁၀၀ တို့တွင် ပြဋ္ဌာန်းထားသည်။ အယူခံမှုလျှောက်ထားသူသည် နောက်တိုးငြင်းချက်ထုတ်ပေးပါရန် လျှောက်ထားချက်အပေါ် ရွေးကောက်ပွဲခုံအဖွဲ့ (၁) က ပယ်သည့်အမိန့်ကို မကျေနပ်ဟုဆိုသော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပြင်ဆင်မှု တင်သွင်းခဲ့ခြင်းမရှိပေ။ အယူခံလျှောက်ထားသူသည် ရွေးကောက်ပွဲခုံအဖွဲ့ (၁) က ချမှတ်သည့်အမိန့်အပေါ် မကျေနပ်လျှင် သတ်မှတ်သည့်ကာလ စည်းကမ်းသတ်ရက်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပြင်ဆင်မှုတင်သွင်း လျှောက်ထားခွင့်ရှိပါလျက် ထိုအခွင့်အရေးကို စွန့်လွှတ်ခဲ့ပြီးဖြစ်သဖြင့် ယင်းအချက်နှင့် စပ်လျဉ်း၍ ယခုလျှောက်ထားသည့် အယူခံမှုတွင် တောင်းဆိုခွင့်ရှိမည်မဟုတ်ပေ။ ဤအယူခံခုံရုံးကလည်း ယင်းအချက်ကို ထည့်သွင်းသုံးသပ်၍ ဆုံးဖြတ်ခြင်းပြုနိုင်မည် မဟုတ်ပေ။

စတုတ္ထအချက်အနေဖြင့် ဖြောင့်မှန်စွာတရားစီရင်ရေးကိုဆန့်ကျင်၍ မမှန်သက်သေတင်ပြခြင်းအပေါ် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ မူလခုံရုံးအဖွဲ့ (၁) တွင် လျှောက်လဲချက်ရေးသားတင်ပြရာ၌ "ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၅ နှင့် ဆောင်ရွက်နိုင်ပါရန်" ဟု ဖော်ပြလျှောက်လဲခဲ့သည်။ စုံညီအယူခံရုံးတော်၌ လျှောက်လဲချက် ရေးသားတင်ပြရာတွင် "ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅" ဟု ပြောင်းလဲ ပြင်ဆင်ထားသည်ကိုတွေ့ရပေသည်။

မူလခုံရုံးအဖွဲ့ (၁) မှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၅ အရ အရေးယူပေးရန်တင်ပြချက်အပေါ် နှစ်ဖက်ကြားနာ၍ ၂၂-၂-၂၀၁၉ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့ပြီးနောက် ၅-၃-၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်လွှာနှင့်အတူ မူလလျှောက်လဲချက်အား ပြင်ဆင်ခွင့်ပြုရန် ၇-၃-၂၀၁၉ ရက်နေ့တွင် လျှောက်ထားခဲ့ကြောင်းတွေ့ရသည်။ မူလခုံရုံးမှ အမိန့်ချပြီး (၁၃) ရက်ကြာပြီးနောက်မှ မူလလျှောက်လဲချက်ပါ စကားရပ်များကို ပြင်ဆင်ရန်ထပ်မံတင်ပြလျှောက်ထားသည်မှာ ပေါ်လွင်လျက်ရှိနေပေသည်။ ယင်းထပ်မံပြင်ဆင်ချက် လျှောက်လွှာအား မူလခုံရုံးမှပယ်သည့် အမိန့်သည် မှန်ကန်ကြောင်းတွေ့ရသည်။ မူလခုံရုံး၏ အမိန့်အပေါ်တွင်လည်း မူလလျှောက်ထားခံရသူ ဦးနေမျိုးအောင်က ဥပဒေနှင့်အညီ ပြင်ဆင်မှုတင်သွင်းခဲ့ခြင်းမရှိကြောင်း တွေ့ရှိရသည်။ အယူခံလျှောက်ထားသူ၏ ရှေ့နေသည် မူလရုံးတွင် တစ်မျိုးတင်ပြခဲ့ပြီး ယခုအယူခံစုံညီခုံရုံးရှေ့တွင်တစ်ဖုံ ပြောင်းလဲတင်ပြခြင်းဖြင့် မမှန်မကန်ဖော်ပြခဲ့ပေသည်။

ပဥ္စမအချက်အနေဖြင့် "ထိုသို့ စစ်ဆေးနေသောရွေးကောက်ပွဲခုံအဖွဲ့ (၁) ၏ အပြင်အဆင်မှာလည်း တရားရုံး၏ အသွင်သဏ္ဌာန်အတိုင်းဆောင်ရွက်နေပြီး လိုက်ပါဆောင်ရွက်ကြသော တရားလွှတ်တော်ရှေ့နေများသည်လည်း တရားရုံးများလက်စွဲအပိုဒ် (၁၀) နှင့်အညီ လိုက်နာဆောင်ရွက်ကြခြင်းဖြစ်ပါသည်။ အထက်ပါအကြောင်းအရာကိုကြည့်ခြင်းအားဖြင့် ခုံအဖွဲ့သည် ခုံအဖွဲ့အင်္ဂါရပ်နှင့်သာမက တရားရုံး၏အသွင်သဏ္ဌာန်နှင့် အနှစ်သာရတူညီနေပါသည်။ ထို့ကြောင့် မူလရုံးလျှောက်ထားခံရသူ ယခုလျှောက်ထားသူအနေဖြင့် ထိုသို့စစ်ဆေးနေသောရုံးသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၄ (ဃ) အရ ဆောင်ရွက်နေသောရုံးဖြစ်သည်ဟုထင်မြင်ခဲ့ပါသည်" ဟူ၍ ဖော်ပြထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၄ (ဃ) သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် ကြီးကြပ်မှုအောက်၌ရှိသော ဥပဒေအရ တည်ထောင်ထားသော အခြားတရားရုံးများဖြစ်ကြောင်း ပြဋ္ဌာန်းထားသည့် ပုဒ်မဖြစ်သည်။ ရွေးကောက်ပွဲခုံအဖွဲ့ (၁) သည် ၎င်းထင်မြင်ယူဆသကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၄ (ဃ) အရ ဆောင်ရွက်နေသောရုံးမဟုတ်ပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (ဆ) အရ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကိုစစ်ဆေးနိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေများနှင့်အညီဖွဲ့စည်းသည့် ခုံအဖွဲ့သာဖြစ်သည်။ သို့ဖြစ်ရာ အယူခံလျှောက်ထားသူရှေ့နေ၏ထင်မြင်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိဘဲ မမှန်ကန်သောထင်မြင်ချက်သာဖြစ်ပေသည်။

ဆဋ္ဌမအချက်အနေဖြင့် "ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကန့်ကွက်လွှာများကိုစစ်ဆေးရာတွင် ယခုထက်ပို၍ ပြီးပြည့်စုံသောတရားရုံးများကိုသာ လွှဲပေးသင့်ကြောင်းအကြံပြုပါသည်" ဟူ၍ ဖော်ပြထားရာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (ဆ)၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ အခန်း (၁၄) နည်းဥပဒေ ၈၇ မှ ၁၀၃ အထိ ပြဋ္ဌာန်းချက်များကို အလေးဂရုမပြုဘဲ ဆန့်ကျင်လွဲမှားစွာ အကြံပြုထားကြောင်း တွေ့ရသည်။

သတ္တမအချက်အနေဖြင့် "ဥပမာ - အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အမှုများကို သက်ဆိုင်ရာတရားရုံးများဆီသို့ပေးပို့၍ စစ်ဆေးခြင်းသည် မျှတပြည့်စုံပြီး မည်သူကမျှ အထင်လွဲခြင်းကို ခံရတော့မည်မဟုတ်ပါ" ဟူ၍ ဖော်ပြထားရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လွှတ်တော်ရွေးကောက်ပွဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို ရှင်းလင်းစွာသိရှိနားလည်ခြင်းမရှိဘဲ ဖော်ပြခဲ့ခြင်းသာဖြစ်ကြောင်း သုံးသပ်ရရှိသည်။

အဋ္ဌမအချက်အနေဖြင့် "မူလလျှောက်ထားသူ၏စွပ်စွဲထားသော ဗွီနိုင်းကိစ္စမှာ ရွေးကောက်ပွဲမကျင်းပမီ ကိုယ်စားလှယ်လောင်းများက ဗွီနိုင်းများကို စိုက်ထူရာတွင် ပုံနှိပ်သူနှင့် ထုတ်ဝေသူအမည်၊ နေရပ်များမပါရှိကြောင်းကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော ကိုယ်စားလှယ် (၉) ဦးအနက် ကိုယ်စားလှယ်လောင်း (၄) ဦးသာ အသုံးပြုပါသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး သက်ဆိုင်ရာကော်မရှင်မှ ပုဂ္ဂိုလ်များကိုတင်ပြစဉ်က မည်သို့မျှ ညွှန်ကြားခဲ့ခြင်းမရှိဘဲ ယခုအမှုဖြစ်မှသာ ၎င်းတို့နှင့်မဆိုင်သလို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၆ (ဇ) ကို ကျူးလွန်သည်ဟု ဖြစ်နေပါသည်။ မူလကတည်းက တတ်သိပညာရှင်များဖြစ်သော ကော်မရှင်မှ ပုဂ္ဂိုလ်များသည် ထိုအကြောင်းအရာများကို သိနေသော်လည်း ညွှန်ပြခဲ့ခြင်းမရှိသည့်အတွက် မူလရုံးလျှောက်ထားခံရသူအနေဖြင့် အပြည့်အစုံထိုအကြောင်းအရာကို တင်ပြသော်လည်း ယခုအမှုတွင် "ဟင်းအိုးထဲ ဆားခတ်၍ ရိုက်သည့်သကဲ့သို့" တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (ဇ) ကို ကျူးလွန်သည်ဟု ဆုံးဖြတ်ချက်မှာ များစွာမှားယွင်းနေပါသည်" ဟူ၍ ဖော်ပြထားရာ ဤအချက်သည် လျော်ကန်မှုလုံးဝမရှိဘဲ လွန်စွာမှားယွင်းဖော်ပြချက်သာ ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ရွေးကောက်ပွဲခုံအဖွဲ့ (၁) သည် ဗွီနိုင်းများ စိုက်ထူခြင်းကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်

ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (ဇ) တရားမဲ့ပြုကျင့်မှုကို ကျူးလွန်ရာမရောက်ကြောင်း ထင်ထင်ရှားရှား ဆုံးဖြတ်ထားခဲ့သည်ကို တွေ့ရသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် အယူခံလျှောက်ထားသူ၏ရှေ့နေသည် ရွေးကောက်ပွဲခုံအဖွဲ့ (၁) က ချမှတ်ခဲ့သော စီရင်ချက်အမိန့်ကို ဂဃနဏ သေသေချာချာ ပြည့်ပြည့်စုံစုံ ထဲထဲဝင်ဝင် ဖတ်ရှုလေ့လာခဲ့ခြင်းမရှိသည်မှာ ထင်ရှားပေါ်လွင်နေပေသည်။

အထက်ဖော်ပြပါ တွေ့ရှိသုံးသပ်ချက်များအပြင် စုံညီခုံရုံးရှေ့မှောက်တွင် နှစ်ဖက်ရှေ့နေကြီးများ လျှောက်လဲချက်ပေးရာ၌ အယူခံလျှောက်ထားသူ၏ ရှေ့နေက ၎င်း၏ နောက်ဆုံးအခွင့်အရေးအရ ပြန်လည်ရှင်းလင်းရန်အဆင့်တွင် ပြန်လည်ရှင်းလင်းလျှောက်ထားရန်မရှိပါကြောင်း တင်ပြခဲ့သည်။ အယူခံလျှောက်ထားသူ၏ရှေ့နေက ရွေးကောက်ပွဲခုံအဖွဲ့ (၁) သည် မိမိလိုရာ အမိန့်ချသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်ရပါသည်ဟူ၍လည်းကောင်း၊ မိမိလိုရာသို့ အတင်းအကျပ် ပြုလုပ်ထားသည့် စီရင်ချက်ဖြစ်သည်ဟုလည်းကောင်း၊ မိမိစိတ်ကူး Mind-set ဖြင့်ဆုံးဖြတ်ခဲ့သည်ဟုလည်းကောင်း၊ ဥပဒေပုဒ်မတစ်ခုကို ပြည့်ပြည့်စုံစုံ သေသေချာချာ လေ့လာသုံးသပ်ခြင်းမပြုဘဲ ချမှတ်ထားသော စီရင်ချက်ဖြစ်သည်ဟုလည်းကောင်း၊ မူလရုံး၏ ဥပဒေဆိုင်ရာလေ့လာမှု၊ သုံးသပ်မှု၊ လိုက်နာကျင့်သုံးမှုတို့တွင် အလွန်တရာအားနည်းနေသည်ကို အထင်အရှားတွေ့ရပါသည်ဟူ၍လည်းကောင်း ဖော်ပြလျှောက်လဲခြင်းတို့သည် သာမန်ထက် ပိုမိုလွန်ကဲစွာ ဖော်ပြလျှောက်လဲခြင်းမျိုးဖြစ်၍ မူလရွေးကောက်ပွဲခုံအဖွဲ့ (၁) ၏ ဆောင်ရွက်မှုဆုံးဖြတ်ချက်များအပေါ် မမှန်မကန်ပုတ်ခတ်ပြောဆိုရာရောက်သည်ကို တွေ့ရပေသည်။ တစ်နည်းအားဖြင့် ဦးနေမျိုးအောင်၏ရှေ့နေသည် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း စုံညီခုံရုံးသို့ မမှန်မကန်ဖော်ပြခြင်း၊ လွဲမှားစွာဖော်ပြခြင်း၊ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ကွဲလွဲစွာ သုံးသပ်ခြင်းတို့ကြောင့် ရှေ့နေများ စောင့်ထိန်းလိုက်နာရမည့် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ အပိုဒ် ၂၈ နှင့် ၃၁ ကို လိုက်နာမှုမရှိကြောင်း တစ်နည်းအားဖြင့် ဖောက်ဖျက်ရာရောက်သည်ဟု ဆိုနိုင်ပေသည်။

ထို့အပြင် ဦးနေမျိုးအောင်၏ရှေ့နေက "မူလရုံးစီရင်ချက်သည် စာမျက်နှာပေါင်း (၂၇) မျက်နှာ၊ စာကြောင်းရေပေါင်း (၉၁၇) ကြောင်း၊ စာလုံးရေပေါင်း (၂၁၃၉၃) လုံးခန့်ဖြင့်" စီရင်ချက်ချခဲ့သည်။ နှစ်ဖက်အမှုသည် (လျှောက်ထားသူ၊ လျှောက်ထားခံရသူ) တို့သည် ၂၄-၅-၂၀၁၉ (သောကြာနေ့) တွင် အပြီးသတ်လျှောက်လဲချက်တင်သွင်းခဲ့သည်။ ၂၅-၅-၂၀၁၉ (စနေနေ့) သည် ရုံးပိတ်ရက် ဖြစ်ပါသည်။ ၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့) သည် ရုံးပိတ်ရက် ဖြစ်ပါသည်။ ၂၇-၅-၂၀၁၉ (တနင်္လာနေ့) သည် ရုံးဖွင့်ရက် ရုံးလုပ်ငန်းလုပ်သည့်နေ့ဖြစ်ပါသည်။ ၂၈-၅-၂၀၁၉ (အင်္ဂါနေ့) သည် ရုံးဖွင့်ရက် ရုံးလုပ်ငန်းလုပ်သည့်နေ့ဖြစ်ပါသည်။ ထို (၂) ရက်အတွင်း အထက်ဖော်ပြပါစီရင်ချက်ကို ရေးသားဆောင်ရွက်ရမည် ဖြစ်ပါသည်။ ၂၉-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) သည် ထိုစီရင်ချက်စာများကို ရေးသားဆောင်ရွက်ရမည် ဖြစ်ပါသည်။ ၃၀-၅-၂၀၁၉ (ကြာသပတေးနေ့) သည် စီရင်ချက်ချခဲ့သောနေ့ ဖြစ်ပါသည်။ အထက်အချက်များကို ထောက်ရှုခြင်းအားဖြင့် ၃၀-၅-၂၀၁၉ ရက်နေ့တွင် ချမှတ်ခဲ့သော စီရင်ချက်သည် (၂) ရက်တည်းနှင့်သာ ဆောင်ရွက်ခဲ့ပါသည်။ မူလရုံးထုတ်ပြန်ခဲ့သော စီရင်ချက်သည် (၂) ရက်တည်းနှင့် အထက်ပါအဆင့်ဆင့်များကို ဆောင်ရွက်ရန် အချိန်လုံလောက်မှု လုံးဝရှိနိုင်မည်မဟုတ်ပါဟူ၍ စာဖြင့်ရေးသား လျှောက်လဲချက်တွင်လည်းကောင်း နှုတ်ဖြင့် တင်ပြလျှောက်လဲချက်တွင်လည်း ဖော်ပြလျှောက်လဲခဲ့သည်။ ယင်းသို့ လျှောက်လဲချက်သည် ရုံးလုပ်ငန်းဆောင်ရွက်ရသည့်သဘောကို သိရှိနားလည်ခြင်းမရှိသည့်အပြင် ရွေးကောက်ပွဲ ခုံအဖွဲ့ (၁) ၏ စီရင်ချက်အမိန့်အပေါ် အခြေအမြစ်မရှိဘဲ ထင်ရာစိတ်ကူးသက်သက်ဖြင့် ဝေဖန်ပြစ်တင်၍ မဟုတ်မမှန်စွပ်စွဲခြင်းသဘော သက်ရောက်နေပေသည်။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၀၊ နည်း (၁) တွင် တရားရုံးသည် အမှုကြားနာပြီးနောက် တရားခွင်တွင် လူသိရှင်ကြား (တရားရုံးတွင်အထင်အရှား) ချက်ချင်းဖြစ်စေ၊ နောင်လာမည့်နေ့တွင်ဖြစ်စေ စီရင်ချက်ချမှတ်ရမည်။ ယင်းသို့ နောင်လာမည့်နေ့တွင် စီရင်ချက်ချမှတ်မည်ဖြစ်ပါက အမှုသည်များ သို့မဟုတ် ၎င်းတို့၏ရှေ့နေများအား ထိုက်သင့်သော အကြောင်းကြားစာကို ပေးရမည်ဟူသော ပြဋ္ဌာန်းချက်အား သိရှိဟန်မတူပေ။ တရားလွှတ်တော်ရှေ့နေတစ်ဦးအနေဖြင့် မဖြစ်မနေ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာတရားကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည်ဟု သုံးသပ်ရရှိသည်။

ဤကိစ္စနှင့်စပ်လျဉ်း၍ အယူခံလျှောက်ထားသူနှင့် ၎င်း၏ ရှေ့နေတို့သည် ဥပဒေနှင့်အညီ လျှောက်ထားခြင်းမပြုဘဲ ခုံအဖွဲ့အပေါ် စွပ်စွဲခြင်း၊ ပုတ်ခတ်ခြင်းတို့မှာ ရှေ့နေကျင့်ဝတ်နှင့်အညီမဟုတ်ခြင်း၊ ခုံရုံးကို မထီမဲ့မြင်ပြုရာရောက်ခြင်းတို့ကြောင့် နောင်တွင် ထိုအပြုအမူများကို ရှောင်ကြဉ်သွားရန် သတိပြုသင့်ကြောင်း အသိပေးလိုသည်။

အမှုစစ်ဆေးသော မူလခုံရုံးသည် သက်သေများကို ကိုယ်တိုင်မြင်တွေ့စစ်ဆေးထားခြင်း၊ ယင်းတို့၏ ထွက်ဆိုချက်များအပေါ် အကြောင်းခြင်းရာအရ အကျယ်တဝင့်ရှင်းလင်းသုံးသပ်ထားပြီးဖြစ်သည့်အတွက် ဤစုံညီခုံရုံးအနေဖြင့် အကြောင်းခြင်းရာများအပေါ် ထပ်မံ ဖြည့်စွက်သုံးသပ်ရန်အကြောင်းမရှိပေ။

ခြုံ၍သုံးသပ်ပါက ရွေးကောက်ပွဲခုံအဖွဲ့ (၁) သည် ငြင်းချက် (၁) နှင့်စပ်လျဉ်း၍ ဦးနေမျိုးအောင်သည် ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) ၌ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရရေးအတွက် တရားမဲ့ပြုကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း ဖြေဆိုချက်၊ ငြင်းချက် (၂) တွင် ဦးနေမျိုးအောင် ရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများမပါခဲ့သော် ဦးသန်းထိုက်အောင်သည်သာ မဲအများဆုံးရရှိနိုင်ကြောင်း ဖြေဆိုချက်နှင့် ငြင်းချက် (၃) ဦးသန်းထိုက်အောင်သည် တောင်းဆိုသည့် သက်သာခွင့်ကို ရထိုက်သည်ဟု ဖြေဆို၍ ဦးနေမျိုးအောင်ကို ရွေးကောက်တင်မြှောက်ခြင်းသည် တရားမဝင်ပျက်ပြယ်ကြောင်းနှင့် ဦးသန်းထိုက်အောင်သည် ခိုင်လုံမဲအများဆုံး ရရှိသူဖြစ်ပြီး တရားဝင်ရွေးကောက် တင်မြှောက်ခံရသူဖြစ်ကြောင်း ဆုံးဖြတ်ချက်များအပေါ် ဤအယူခံရုံးက ဝင်ရောက်စွက်ဖက် ပြင်ဆင်ရန်အကြောင်း တစ်စုံတစ်ရာ ပေါ်ပေါက်မှုမရှိသောကြောင့် အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်။

**အမိန့်**

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အဖြစ် ဦးနေမျိုးအောင် ကို ရွေးကောက်တင်မြှောက်ခံရခြင်းသည် တရားမဝင်ပျက်ပြယ်ကြောင်းနှင့် ဦးသန်းထိုက်အောင်သည်သာ ခိုင်လုံမဲအများဆုံးရရှိသူဖြစ်ပြီး တရားဝင်ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ရွေးကောက်ပွဲခုံအဖွဲ့ (၁) ၏ ဆုံးဖြတ်ချက်ကို အတည်ပြုသည်။

ထို့ကြောင့် ဦးနေမျိုးအောင် ၏ အယူခံလျှောက်ထားချက်ကို ပလပ်လိုက်သည်။

ဤအယူခံ အမှုအတွက် တရားစရိတ်သတ်မှတ်ခြင်းမပြု။

(ဦးလှသိန်း)
ဥက္ကဋ္ဌ

| | | | | | | |
|---|---|---|---|---|---|---|
| (ဦးအောင်မြင့်)<br>အဖွဲ့ဝင် | (ဦးစိုးရယ်)<br>အဖွဲ့ဝင် | (ဦးထွန်းခင်)<br>အဖွဲ့ဝင် | (ဦးလှတင့်)<br>အဖွဲ့ဝင် | (ဦးမြင့်နိုင်)<br>အဖွဲ့ဝင် | (ဦးသန်းဌေး)<br>အဖွဲ့ဝင် | (ဦးညွန့်စိန်)<br>အဖွဲ့ဝင် |
| (ဦးသက်ထွန်း)<br>အဖွဲ့ဝင် | (ဦးမြင့်အောင်)<br>အဖွဲ့ဝင် | (ဦးစောဒယ်နီရယ်ကြည်)<br>အဖွဲ့ဝင် | (ဦးအောင်စိုးဝင်း)<br>အဖွဲ့ဝင် | (ဦးသန်းအောင်)<br>အဖွဲ့ဝင် | (ဦးမင်းဆွေ)<br>အဖွဲ့ဝင် | (ဦးဆွေတင့်လွင်)<br>အဖွဲ့ဝင် |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၁၉ ခုနှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအမှတ် (၂)

ဒေါ်နန်းထွေးမှုံ **နှင့်** ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်

(အယူခံလျှောက်ထားသူ) (အယူခံလျှောက်ထားခံရသူ)

အယူခံလျှောက်ထားသူအတွက် - ကိုယ်တိုင်

အယူခံလျှောက်ထားခံရသူအတွက် - ဦးမျိုးဆွေ (တရားလွှတ်တော်ရှေ့နေ)

ရုံးတော်သဟာယ - ပြည်ထောင်စုရှေ့နေချုပ် (ကိုယ်စား)
ဦးသူရသင်းဇော်
ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

### ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် ၂/၂၀၁၈ တွင် ရွေးကောက်ပွဲခုံအဖွဲ့ (၂) က ၁၃. ၆. ၂၀၁၉ ရက်နေ့၌ ချမှတ်သည့် ဆုံးဖြတ်ချက်အပေါ် အယူခံတင်သွင်းခြင်း

### စီရင်ချက်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁ ရက်

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲ၌ မန္တလေးတိုင်းဒေသကြီး လွှတ်တော်၊ ရှမ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်နန်းထွေးမှုံနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်တို့ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကြရာ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်က ခိုင်လုံမဲ ၇၁၆၇ မဲရရှိပြီး ဒေါ်နန်းထွေးမှုံက

ခိုင်လုံမဲ ၄၆၅၂ မဲ ရရှိသဖြင့် ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်က မန္တလေးတိုင်းဒေသကြီး၊ ရှမ်းတိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။

ယင်းသို့ ရွေးကောက်တင်မြှောက်ခံရခြင်းကို ဒေါ်နန်းထွေးမှုံ က ကျေနပ်မှုမရှိ၍ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်အပေါ် ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းရာ ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ် (၂/၂၀၁၈) ဖြင့်လက်ခံ၍ ယင်းအမှုကို ရွေးကောက်ပွဲခုံအဖွဲ့ (၂) က စစ်ဆေးကြားနာပြီးနောက် ၁၃. ၆. ၂၀၁၉ ရက်နေ့တွင် ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် (အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ) အား မန္တလေးတိုင်းဒေသကြီးလွှတ်တော် ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်၌ ရှမ်းတိုင်းရင်းသား လူမျိုးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်ဖြစ်သည်ဟု ဆုံးဖြတ်ပြီး လျှောက်ထားသူ ဒေါ်နန်းထွေးမှုံ (ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်) ၏ ကန့်ကွက်လျှောက်ထားမှုအား စရိတ်နှင့်တကွပယ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

ယင်းရွေးကောက်ပွဲခုံအဖွဲ့ (၂) ၏ ဆုံးဖြတ်ချက်အမိန့်ကို ဒေါ်နန်းထွေးမှုံကမကျေနပ်၍ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄ (က) အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ ဤအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

အယူခံလျှောက်ထားသူ ဒေါ်နန်းထွေးမှုံ၏ မူလရုံးကန့်ကွက်လွှာ (ဆိုလွှာ) တွင် ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်သည် တရားမဲ့ပြုကျင့်မှုများကြောင့် မဲအများဆုံးရရှိခဲ့ခြင်းဖြစ်ကြောင်း၊ မန္တလေး တိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် သံလှဓမ္မာရုံစီးတော်မြင်းဝန်ကျောင်းတိုက်အတွင်းရှိ မဲရုံ၌ ဖခင် ဦးသန်းလှိုင် (ဗမာ) နှင့် မိခင် ဒေါ်နန်းအေးအေးသန်း (ရှမ်း) တို့၏သား စိုင်းစွမ်းမင်းဦးသည် ဖခင် (ဗမာ) ဖြစ်ပါလျက် မဲထည့်ထားကြောင်း၊ ပြင်ဦးလွင်မြို့နယ် ပန်းဦးတောင်မဲရုံ၌ ဖခင် ဦးမျိုးခိုင် (ဗမာ) နှင့် မိခင် ဒေါ်အေးနု (ရှမ်း) တို့၏သား ဦးကောင်းမြတ်ဦးသည် ဖခင် (ဗမာ) ဖြစ်သဖြင့် လျှောက်ထားသူ၏ မဲရုံ ကိုယ်စားလှယ် ဦးစိုင်းမြင့်လွင်မှ ကန့်ကွက်ပါလျက် မဲရုံမှူးမှ မဲထည့်ခွင့်ပေးခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ် အမက (၁၈)၊ အကွက် (၁၄၂)၊ ၁၈ လမ်း × ၈၃ လမ်းထောင့်ရှိ မဲရုံတွင် လျှောက်ထား ခံရသူ၏ မဲရုံကိုယ်စားလှယ်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တံဆိပ် (Logo) တပ်ပြီး မဲရုံကိုစောင့်ခဲ့ကြောင်း၊ ပြင်ဦးလွင်မြို့နယ် ပန်းဦးတောင်ကျေးရွာရှိ ဘုန်းကြီးကျောင်းတွင် **သိန်း (၃၀၀)** တန်ဖိုးရှိ အလှူပစ္စည်းများဖြင့် ကထိန်ခင်းပေးမည်ဟုဆိုကာ မဲဆန္ဒရှင်များအား မဲထည့်ပေးရန် ပြောဆိုစည်းရုံး၍ ကထိန်ခင်းပေးကြောင်း၊ ကထိန်အလှူ၏ ကုန်ကျစရိတ်ကို တင်ပြမှုမရှိကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆွယ်စည်းရုံးခွင့် မပြုတော့သည့် ၂. ၁၁. ၂၀၁၈ ရက်နေ့တွင် ပြင်ဦးလွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဦးအောင်ခင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ ဦးအောင်မင်းနှင့် အမည်မသိ ကားသမားတစ်ယောက်တို့က ပြင်ကြီး ကျေးရွာနှင့် သရက်ချောင်ကျေးရွာတွင် မဲဆွယ်စည်းရုံးခြင်း၊ ထိုကျေးရွာများသို့ သွားမည့်လမ်းများကို ခင်းပေး မည်ဟု ပြောဆိုစည်းရုံးခဲ့ကြောင်း၊ ပြင်ဦးလွင်မြို့နယ် နောင်ခမ်းကြီးကျေးရွာရှိ မဲရုံနှင့် အုတ်ဖိုကျေးရွာရှိ မဲရုံတို့တွင် ဒု-မဲရုံမှူးက ဆန္ဒပြုခန်း၌ မဲလာထည့်သူများအား လိုက်လံပြောဆိုခဲ့ကြောင်း၊ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် တင်သွင်းသည့် ရွေးကောက်ပွဲကုန်ကျစရိတ် ငွေစာရင်းသည် ထိမ်ချန်၍ မမှန်မကန် ပြုလုပ် ထားသော ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်ဖြစ်၍ တရားမဲ့ပြုကျင့်မှုဖြစ်ကြောင်း၊ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်သည် ၂၁. ၉. ၂၀၁၈ ရက်နေ့နှင့် ၂၂. ၉. ၂၀၁၈ ရက်နေ့တို့တွင် ချမ်းမြသာစည်မြို့နယ်အတွင်းရှိ ၁၄ ရပ်ကွက်လုံးကို ယာဉ်တန်းများဖြင့် လှည့်လည် စည်းရုံးသော်လည်း ကုန်ကျစရိတ်တွင် ဖော်ပြထားခြင်းမရှိဘဲ ထိမ်ချန်ထားကြောင်း၊ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်သည် ၂၅. ၉. ၂၀၁၈ ရက်နေ့၌ လူအင်အား ၃၀ ဦးနှင့်အတူ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆ အုပ်စုတွင်လည်းကောင်း၊ လူအင်အား ၃၀ ဦးနှင့်အတူ ပုသိမ်ကြီးမြို့နယ် ဒဟတ္တော ကျေးရွာအုပ်စု၊ မြကန်သာစံပြကျေးရွာ ရာအိမ်မှူး ဦးမောင်လင်း နေအိမ်တွင်လည်းကောင်း၊ ၃၁. ၁၀. ၂၀၁၈ ရက်နေ့တွင် စဉ့်ကိုင်မြို့နယ်၊ ရပ်ကွက်/ကျေးရွာများတွင်လည်းကောင်း စည်းရုံးရေး ဆင်းခဲ့သော်လည်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတွင် ထည့်သွင်းဖော်ပြခြင်းမရှိဘဲ ထိမ်ချန်ထားကြောင်း၊ ၁၅. ၁၀. ၂၀၁၈ မှ ၃၀. ၁၀. ၂၀၁၈ ရက်နေ့အထိ လူအင်အား ၃၀ ဦးနှင့်အတူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်အတွင်းတွင် စည်းရုံးရေးဆင်းသော်လည်း ရွေးကောက်ပွဲ ကုန်ကျစရိတ်၌ ၂၁. ၁၀. ၂၀၁၈ ရက်နေ့အတွက်သာ လူငယ်စားစရိတ် ၂၀၀၀ဝိ/- ဟု ဖော်ပြထားပြီး အခြားမည်သည့်စရိတ်မှ ဖော်ပြထားခြင်း မရှိဘဲ ထိမ်ချန်ထားကြောင်း၊ တင်ပြထားသော ရွေးကောက်ပွဲ ကုန်ကျစရိတ် ဘောက်ချာများသည် အစဉ်အတိုင်း ပြုလုပ်တင်ပြထားမှုမရှိခြင်းမှာ ရိုးသားမှုမရှိသဖြင့် တရားမဲ့ ပြုကျင့်မှုဖြစ်ကြောင်း၊ ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းပါ မူရင်းဘောက်ချာအချို့တွင် တံဆိပ်ခေါင်းကပ်ထားခြင်းမရှိ၍ သတ်မှတ်သည့်အတိုင်းတင်ပြရန်

ပျက်ကွက်ခြင်းဖြစ်ကြောင်း၊ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်သည် မဲရုံတိုင်းတွင် မဲရုံကိုယ်စားလှယ်နှင့်အတူ အကူကိုယ်စားလှယ်များအသီးသီး ခန့်ထားပါလျက် ၃. ၁၁. ၂၀၁၈ ရက်နေ့ ရွေးကောက်ပွဲကျင်းပသည့်နေ့ ကုန်ကျစရိတ်ကို တင်ပြထားခြင်းမရှိဘဲ ထိမ်ချန်ထားကြောင်း၊ ၇. ၁၁. ၂၀၁၈ ရက်နေ့တွင် ဇရာဝတီသတင်းဌာနမှ သတင်းထောက်အား ရွေးကောက်ပွဲမဲဆွယ် အသုံးစရိတ်ကို ပါတီက သတ်မှတ်ပေးတဲ့ **၈၅ သိန်း** ဝန်းကျင်ပဲ သုံးခဲ့ပါသည်ဟု ဖြေကြားထားပြီး မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းသော ရွေးကောက်ပွဲကုန်ကျစရိတ်မှာ **၅၅၅၉၅၄၀** ကျပ်ဟု ဖော်ပြထားသဖြင့် ကွဲလွဲနေသည်မှာ တရားမဲ့ပြုကျင့်မှုဖြစ်ကြောင်း၊ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် တင်ပြသည့် ကုန်ကျစရိတ်မှာ မမှန်မကန်ငွေစာရင်းများဖြစ်ပါလျက် မှန်ကန်သည်ဟု မန္တလေးခရိုင်တရားသူကြီးထံတွင် ကျမ်းကျိန်ဆိုခြင်းသည် တရားမဲ့ပြုကျင့်မှုဖြစ်သဖြင့် ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်သည် တရားမဲ့ပြုကျင့်မှုများကြောင့် ရရှိသောမဲများဖြင့် ရွေးကောက်ခံရခြင်းဖြစ်ရာ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ၄. ၁၁. ၂၀၁၈ ရက်စွဲပါ ကြေညာချက်အမှတ် (၉၃/၂၀၁၈) နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၄. ၁၁. ၂၀၁၈ ရက်စွဲပါ ကြေညာချက်အမှတ် (၁၆၅/၂၀၁၈) တို့ဖြင့် "မန္တလေးတိုင်းဒေသကြီးလွှတ်တော်၊ ရှမ်းတိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်မှာ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) ဖြစ်ကြောင်း" ထုတ်ပြန် ကြေညာချက်ကိုပယ်ဖျက်၍ ကန့်ကွက်လျှောက်ထားသူ "ဒေါ်နန်းထွေးမှုံ (ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်) ကသာလျှင် ရွေးကောက်ခံရသူဖြစ်ကြောင်း" ပြင်ဆင်ကြေညာပေးပါရန် ဖော်ပြထားကြောင်းတွေ့ရသည်။

မူလရုံးလျှောက်ထားခံရသူ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်၏ ချေလွှာတွင် ဆိုလွှာပါကန့်ကွက်ချက်များကို ငြင်းဆိုပြီး မဲပေးပိုင်ခွင့် ရှိခြင်း မရှိခြင်းသည် လျှောက်ထားခံရသူနှင့် သက်ဆိုင်မှုမရှိကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိပေးကြေညာခြင်းဖြစ်ကြောင်း၊ ယင်းအချက်ကို လျှောက်ထားသူကိုယ်တိုင် ဝန်ခံပြီးဖြစ်ကြောင်း၊ လျှောက်ထားခံရသူ၏ မဲရုံကိုယ်စားလှယ်က NLD တံဆိပ် (Logo) တပ်ဆင်၍ မဲရုံစောင့်သည် ဆိုသည့်ကိစ္စမှာ လျှောက်ထားခံရသူတွင် တာဝန်မရှိကြောင်း၊ တံဆိပ် (Logo) တပ်ဆင်သူကိုသာ တိုင်ကြားရန်ဖြစ်ကြောင်း၊ ဦးကောင်းမြတ်ဦးအား မဲရုံမှူးမှ မဲထည့်ခွင့်ပေးခဲ့သည်ဟု လျှောက်ထားသူကိုယ်တိုင် ဝန်ခံထား၍ လျှောက်ထားသူအနေဖြင့် ဦးကောင်းမြတ်ဦး မဲထည့်ခြင်းကို မကျေနပ်ပါက မဲရုံမှူး၏ တာဝန်သာဖြစ်ကြောင်း၊ ၂၈. ၁၀. ၂၀၁၈ ရက်နေ့၌ ပြင်ဦးလွင်မြို့နယ် ပန်းဦးတောင် ကျေးရွာရှိ ဘုန်းကြီးကျောင်းတွင် ကျောင်းထိုင်ဆရာတော်ထံ **သိန်း (၃၀၀)** တန်ဖိုးရှိ အလှူပစ္စည်းများဖြင့် ကထိန်လာခင်းပေးမည်ဖြစ်ကြောင်း၊ ရွာရှိမဲဆန္ဒရှင်များအား ၎င်းကိုမဲထည့်ပေးရန် ပြောဆိုစည်းရုံးခဲ့သည်ဟု အဆိုပြုထားသော်လည်း ယင်းသို့ ဆရာတော်အားလျှောက်ထားစဉ်က လျှောက်ထားသူ (ဒေါ်နန်းထွေးမှုံ) မရှိကြောင်း ဒေါ်နန်းထွေးမှုံက အချက်အလက်ဖြေကြားရာတွင် ဖြေကြားထားပြီးဖြစ်သဖြင့် ယင်းစွပ်စွဲချက်မှာ ခန့်မှန်းစွပ်စွဲချက်သာဖြစ်ကြောင်း၊ ကထိန်ခင်းခြင်းမှာ ရှမ်းတိုင်းရင်းသား သာရေးနာရေးအသင်းမှ ခင်းခြင်းဖြစ်ကြောင်း ပူးတွဲတင်သွင်းသည့် ဖိတ်စာအရ ထင်ရှားပါကြောင်း၊ မဲဆွယ်စည်းရုံးခြင်းရပ်နားသည့် ၂. ၁၁. ၂၀၁၈ ရက်နေ့တွင် ပြင်ဦးလွင်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင် (NLD ပါတီ) နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း (NLD ပါတီ)၊ အမည်မသိ ကားသမားတစ်ယောက်တို့က ပြင်ကြီးကျေးရွာနှင့် သရက်ချောင်ကျေးရွာတို့တွင် မဲဆွယ်စည်းရုံးခဲ့သည်ဟု စွပ်စွဲထားသော်လည်း ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ခြင်းဖြစ်ကြောင်း လျှောက်ထားသူ၏ လျှောက်လွှာအရပင် ပေါ်လွင်နေပြီး ထိုသို့ လုပ်ဆောင်ချိန်တွင် ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် မပါကြောင်း ဒေါ်နန်းထွေးမှုံက ဖြေဆိုထားပြီးဖြစ်ကြောင်း၊ နောင်ခမ်းကြီးကျေးရွာနှင့် အုတ်ဖိုကျေးရွာရှိ မဲရုံများတွင် ဒုတိယမဲရုံမှူးက ဆန္ဒပြုခန်း၌ မဲလာထည့်သူများကို လိုက်လံပြောဆိုနေသည်ဟု စွပ်စွဲသော်လည်း စည်းရုံးရေးစကား မည်သို့ပြောသည်ဟု အတိအကျစွပ်စွဲထားခြင်း မရှိပါကြောင်း၊ အမှန်တကယ် ကုန်ကျစရိတ်များကို ဘောက်ချာများနှင့်တကွ ငွေစာရင်းရှင်းလင်းခဲ့ပြီးဖြစ်၍ တရားမဲ့ပြုကျင့်ခဲ့ခြင်းမရှိကြောင်း၊ ၂၁. ၉. ၂၀၁၈ ရက်နေ့ ချမ်းမြသာစည်မြို့နယ်အတွင်း ယာဉ်တန်းဖြင့် မွန်းလွဲပိုင်း ၂ နာရီအချိန်တွင် လှည့်လည်မှု၊ ဆက်လက်၍ ၂၂. ၉. ၂၀၁၈ ရက်နေ့၌ ချမ်းမြသာစည်မြို့နယ်အတွင်း လှည့်လည်စည်းရုံးမှု၊ ပုသိမ်ကြီးမြို့နယ်အတွင်း ၂၅. ၉. ၂၀၁၈ ရက်နေ့ လှည့်လည်စည်းရုံးမှုတို့တွင် ပါတီ၏မူအရ ကိုယ့်စရိတ်ကိုယ်ခံ လှည့်လည်ခြင်းဖြစ်၍ ကုန်ကျစရိတ်မရှိကြောင်း၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ၃၀. ၉. ၂၀၁၈ တစ်ရက်တည်းသာ စည်းရုံးရေးဆင်းခဲ့ပြီး လူငယ်အဖွဲ့စားစရိတ် **၂၀၀၀ဝိ/-** သာကုန်ကျခဲ့၍ အမှန်အတိုင်း တင်ပြခဲ့ခြင်းဖြစ်ကြောင်း၊ ၃၁. ၁၀. ၂၀၁၈ ရက်နေ့က စဉ့်ကိုင်မြို့နယ်အတွင်း Door to Door ကွင်းဆင်းရာ၌ လျှောက်ထားခံရသူ မပါဝင်သဖြင့် ကုန်ကျစရိတ် တင်ပြရန် အကြောင်းမရှိကြောင်း၊ သုံးစွဲသည့်စရိတ် အမျိုးအစားအလိုက် အသုံးစရိတ်ပြေစာများကို ခွဲခြားတင်ပြ

ထားခြင်းဖြစ်၍ ပြေစာအမှတ်စဉ်များမှာ အစဉ်အတိုင်းမဖြစ်နိုင်ကြောင်း၊ လျှောက်ထားသူ ဖော်ပြထားသော ပြေစာအမှတ်များကို တင်ပြထားခြင်းမရှိဆိုသည်မှာ မမှန်ကန်ကြောင်း၊ ရွေးကောက်ပွဲနေ့ ၃. ၁၁. ၂၀၁၈ ရက်နေ့တွင် မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်များအတွက် ပါတီ၏မူဝါဒအရ မည်သည့် ကုန်ကျစရိတ်မှကျခံခဲ့ရခြင်း မရှိကြောင်း၊ ဧရာဝတီသတင်းဌာနမှ သတင်းထောက်၏ အမေးအဖြေတွင်လည်း ပါတီကသတ်မှတ်ပေးသော **၈၅** သိန်းကျပ် ဝန်းကျင်သုံးခဲ့ပါသည်ဟု ပြောကြားခဲ့ခြင်းမရှိဘဲ “လူကြီးတွေအားလုံးက ပြောတဲ့ **၈၅** လောက် ချိန်ပြီးသုံးတာပေါ့” ဟု ပြောခဲ့ခြင်းသာဖြစ်သဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ် ကွဲလွဲမှုမရှိကြောင်း၊ ကုန်ကျစရိတ် အမှန်အတိုင်း ကျမ်းကျိန်ခဲ့ခြင်းသာဖြစ်ကြောင်း၊ တရားမဲ့ပြုကျင့်ခဲ့ခြင်းမရှိသဖြင့် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့က လျှောက်ထားခံရသူအား ရှမ်းတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်ကြေညာခဲ့ခြင်းကို ပယ်ဖျက်ရန်အကြောင်းမရှိကြောင်း၊ လျှောက်ထားသူအား ရွေးကောက်ခံရသူဖြစ်ကြောင်း၊ ပြင်ဆင်ကြေညာပေးရန်အကြောင်းမရှိကြောင်း တင်ပြထားသည်ကိုတွေ့ရသည်။

မူလရွေးကောက်ပွဲခုံအဖွဲ့ (၂) က မူလရုံးလျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ ကန့်ကွက် လျှောက်ထားလွှာ (ဆိုလွှာ) နှင့် ကန့်ကွက်ချေပလွှာ (ချေလွှာ) တို့အပေါ် အောက်ဖော်ပြပါ ရုံးငြင်းချက်များကို ထုတ်နုတ်ပေးခဲ့ကြောင်း တွေ့ရသည် -

**ရုံးငြင်းချက်များ**

၁။ လျှောက်ထားခံရသူ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်သည် မန္တလေးတိုင်းဒေသကြီး လွှတ်တော်၊ ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရရေးအတွက် ကန့်ကွက်လွှာပါ တရားမဲ့ပြုကျင့်မှုများ ပြုလုပ်ခဲ့သည် ဆိုခြင်းမှာ မှန်သလား။

၂။ လျှောက်ထားခံရသူ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်သည် ရွေးကောက်ပွဲ ကုန်ကျစရိတ်များကို မမှန်မကန်ပြုစုတင်ပြခြင်းဖြင့် တရားမဲ့ပြုကျင့်ခဲ့သည်ဆိုခြင်းမှာ မှန်သလား။

၃။ လျှောက်ထားခံရသူ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် ရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောဆန္ဒမဲများမပါရှိခဲ့သော် လျှောက်ထားသူ ဒေါ်နန်းထွေးမှုံသည်သာ ခိုင်လုံသောဆန္ဒမဲအများဆုံးရရှိပြီး လွှတ်တော်ကိုယ်စားလှယ်ဖြစ်ထိုက်သည်ဆိုခြင်းမှာ မှန်သလား။

၄။ လျှောက်ထားသူ ဒေါ်နန်းထွေးမှုံသည် မည်သည့်သက်သာခွင့်ကို ရထိုက်သနည်း။

ငြင်းချက် (၁)၊ (၂) နှင့် (၃) တို့ကို မှန်ကန်ကြောင်း လျှောက်ထားသူအပေါ် သက်သေပြရန် တာဝန်ရှိကြောင်း သတ်မှတ်လိုက်သည်။

ဖော်ပြပါရုံးငြင်းချက်များနှင့်စပ်လျဉ်း၍ နှစ်ဖက်သက်သေထွက်ဆိုချက်များနှင့် တင်ပြထားသော သက်သေခံအထောက်အထားများအပေါ် ဥပဒေနှင့်အညီ သုံးသပ်ကာ ရွေးကောက်ပွဲခုံအဖွဲ့ (၂) က လျှောက်ထား ခံရသူဘက်သို့ အသာပေးဖြေဆိုပြီး “မန္တလေးတိုင်းဒေသကြီးလွှတ်တော် ရှမ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်သည်” ဟုဆုံးဖြတ်ပြီး လျှောက်ထားသူ ဒေါ်နန်းထွေးမှုံ၏ ကန့်ကွက်လွှာကို စရိတ်နှင့်တကွပယ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

အယူခံလျှောက်ထားသူ ဒေါ်နန်းထွေးမှုံ က အယူခံအကြောင်းပြချက်အဖြစ် အချက် ၅ ချက်တင်ပြထားရာ “လိုရင်း” မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) “ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၇၇ အရ မန္တလေးတိုင်းကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းသော ရွေးကောက်ပွဲကုန်ကျစရိတ်ငွေစာရင်းမှာ ထိမ်ချန်ပြီး မမှန်မကန် ပြုလုပ်ထားသော ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်ဖြစ်ပါသဖြင့် တရားမဲ့ပြုကျင့်မှုဖြစ်သည်” ဟု ကန့်ကွက်လွှာတွင် အတိအကျဖော်ပြထားသော်လည်း ခုံအဖွဲ့ (၂) က “လျှောက်ထားသူအနေနှင့် မိုးကုတ်မြို့ မဲဆွယ် စည်းရုံးရေးခရီး သွားရောက်ရာတွင် အသုံးပြုသည့်ယာဉ်၏ ကားခ‌ောက်ဆီဖိုးနှင့် ဝန်းရံသူများကို ကျွေးမွေးသည့် ကုန်ကျစရိတ်ကို ကန့်ကွက်လွှာတင်စဉ်အခါက ထည့်သွင်းဖော်ပြမထားသည်ကို တွေ့ရပြီး၊ အဆိုပါအချက်များနှင့်စပ်လျဉ်း၍ လျှောက်ထားခံရသူနှင့် လျှောက်ထားခံရသူပြ သက်သေအား စစ်ဆေးသည့်အခါတွင်လည်း သက်သေထင်ရှားပေါ်ပေါက်အောင် မေးမြန်းထားခြင်း မရှိသည်ကို သုံးသပ်တွေ့ရှိပါသဖြင့် အဆိုပါအချက်အား ထည့်သွင်းသုံးသပ်ရန်မလိုပေ” ဟု သုံးသပ်ချက်သည် ဥပဒေအရသော်လည်းကောင်း၊ အကြောင်းအရာအရသော်လည်းကောင်း မှားယွင်းနေပါကြောင်း၊

(၂) ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်သည် ၆. ၁၀. ၂၀၁၈ ရက်နေ့တွင် မတ္တရာမြို့နယ်တွင်လည်းကောင်း၊ ၇. ၉. ၂၀၁၈ ရက်နေ့မှ ၃၁. ၁၀. ၂၀၁၈ ရက်နေ့အထိ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင်လည်းကောင်း၊ NLD ပါတီအနေဖြင့် ၂၅. ၉. ၂၀၁၈ ရက်နေ့တွင် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာအုပ်စု ၆ စုတွင်လည်းကောင်း၊ ထို့ပြင် NLD ပါတီအနေဖြင့် စဉ့်ကိုင်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့တွင်လည်းကောင်း စည်းရုံးရေးဆင်းခဲ့သော်လည်း ရွေးကောက်ပွဲကုန်ကျစရိတ် ငွေစာရင်းတွင် ၂၄. ၉. ၂၀၁၈၊ ၂၇. ၉. ၂၀၁၈၊ ၂. ၁၀. ၂၀၁၈၊ ၉. ၁၀. ၂၀၁၈၊ ၁၇. ၁၀. ၂၀၁၈၊ ၂၄. ၁၀. ၂၀၁၈၊ ၂၅. ၁၀. ၂၀၁၈၊ ၂၆. ၁၀. ၂၀၁၈၊ ၂၇. ၁၀. ၂၀၁၈ နှင့် ၁. ၁၁. ၂၀၁၈ ရက်နေ့များအတွက် ကုန်ကျစရိတ်တင်ပြထားခြင်းမရှိကြောင်း၊ "ကုန်ကျစရိတ်မရှိဘူး" ဟု ထုချေရုံဖြင့် ရွေးကောက်ပွဲခုံအဖွဲ့ (၂) က ကုန်ကျစရိတ်ထိမ်ချန်ထားသည့် ကိစ္စကို ထည့်သွင်းသုံးသပ်မထားခြင်းသည် ဥပဒေအရသော်လည်းကောင်း၊ အကြောင်းအရာအရသော်လည်းကောင်း မှားယွင်းကြောင်း၊

(၃) လျှောက်ထားသူပြသက်သေ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၁၂) တို့၏ ထွက်ဆိုချက်များနှင့် သက်သေခံ (ဏ မှ ဏ - ၃၅) ၊ (တ မှ တ - ၃၅)၊ (ထ)၊ (ဒ)၊ (ဓ)၊ (န) နှင့် (ပ) တို့အရ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်သည် မဲဆွယ်စည်းရုံးရေးဆင်းရာတွင် လူအင်အားမည်မျှဖြင့်ဆင်းကြောင်း ပေါ်ပေါက်သော်လည်း အခြားသူများ၏ ကုန်ကျစရိတ်ကို ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတွင် ဖော်ပြမှုမရှိခြင်းနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲခုံအဖွဲ့ (၂) က "လျှောက်ထားခံရသူက ပါတီ၏ မူဝါဒအရ ကိုယ့်စရိတ်ကိုယ်စားကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အမှန်အားဖြင့် လျှောက်ထားခံရသူအပါအဝင် လူ ၅ ဦးသာလျှင် ပါတီအောင်နိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး ကျန်လူများမှာ ဝန်းရံသူများဖြစ်ကြောင်း၊ ဦးကံ (ခ) ဦးခင်မောင်မြင့် မန္တလေးခရိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခရိုင်ဥက္ကဋ္ဌ (လျှောက်ထားခံရသူပြသက်သေ - ၅) နှင့် ဦးစိုးဆင့် ပုသိမ်ကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်အလုပ်အမှုဆောင် (လျှောက်ထားခံရသူပြသက်သေ - ၆) တို့က ပါတီ၏ စည်းကမ်းအရ မိမိစရိတ် မိမိစားရကြောင်း ထောက်ခံထွက်ဆိုထားသဖြင့် လျှောက်ထားခံရသူအနေနှင့် ဝန်းရံသူများအတွက် အသုံးစရိတ်မရှိ၍ ကုန်ကျခြင်းမရှိကြောင်း ထုချေချက်ကို မှန်သည်ဟု ယူဆသည်" ဟု သုံးသပ်ဆုံးဖြတ်ခြင်းသည် ပါတီတစ်ခုမှ လက်ကိုင်ကျင့်သုံးသောမူဝါဒကို လက်ခံပြီး ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေကို ကျော်လွန်၍ ဆုံးဖြတ်ထားခြင်းဖြစ်သဖြင့် ဥပဒေအရသော်လည်းကောင်း၊ အကြောင်းခြင်းရာအရသော်လည်းကောင်း မှားယွင်းကြောင်း၊

(၄) ရွေးကောက်ပွဲကျင်းပသည့်နေ့ ၃. ၁၁. ၂၀၁၈ ရက်နေ့တွင် ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်သည် မဲရုံတိုင်းတွင် မဲရုံကိုယ်စားလှယ်နှင့် အကူမဲရုံကိုယ်စားလှယ် အသီးသီးခန့်ထားသော်လည်း ကုန်ကျစရိတ်ကို ကုန်ကျစရိတ်စာရင်းတွင် တင်ပြခြင်းမရှိဘဲ ထိမ်ချန်ခြင်းနှင့် မမှန်မကန်တင်ပြကြောင်း၊ ယင်းကုန်ကျစရိတ်စာရင်းနှင့်စပ်လျဉ်း၍ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်က ချေပရာတွင် "ကျွန်တော်တစ်ပြားမှ မပေးရကြောင်း၊ ပါတီ၏ မူဝါဒအရ ပါတီက စီစဉ်ပေးခြင်းဖြစ်ပါသည်။ ပါတီက ၎င်းတို့ စားရေးအတွက် စီစဉ်ရင်လည်း စီစဉ်ပါလိမ့်မည်" ဟု ထွက်ဆိုချက်အရ ကုန်ကျစရိတ်ရှိပါလျက် ကုန်ကျစရိတ် မတင်ပြခြင်းမှာ ဥပဒေ၊ နည်းဥပဒေအရ လွဲမှားနေကြောင်း၊

(၅) ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်သည် ရွေးကောက်ပွဲအသုံးစရိတ်ပြေစာများနှင့်စပ်လျဉ်း၍ တံဆိပ်ခေါင်းကပ်ထားခြင်းမရှိကြောင်း၊ ယင်းနှင့်စပ်လျဉ်း၍ ခုံအဖွဲ့ (၂) က "ပုံစံ (၂၀) တွင် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းမှုနည်းလမ်းများ ဖော်ပြထားသည်။ ကုန်ကျစရိတ်ပြေစာများ ပူးတွဲပါရှိရန်လည်း ဖော်ပြမှုပြုသည်။ လက်တွေ့တွင် တံဆိပ်ခေါင်းကပ်ပေးသည့် စားသောက်ဆိုင်များရှိသကဲ့သို့ နယ်မြို့များမှ စားသောက်ဆိုင်အချို့၏ ဘောက်ချာများတွင် တံဆိပ်ခေါင်း ကပ်ပေးလေ့မရှိပေ။ မန္တလေးတိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးရှိန်ဝင်း (လျှောက်ထားသူပြသက်သေ - ၁၂) က တံဆိပ်ခေါင်းမကပ်ခြင်းကြောင့် အရေးယူမှုတစ်စုံတစ်ရာ ပြဋ္ဌာန်းမထားကြောင်း ထွက်ဆိုထားသည်ကိုတွေ့ရသည်။ လျှောက်ထားသူတင်ပြသည့် သက်သေက ထွက်ဆိုမှုဖြစ်သည့်အပြင် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက တာဝန်အရ ထွက်ဆိုမှုဟုလည်း ဆိုနိုင်သည်။ ဤသို့ဆိုလျှင် ဘောက်ချာအချို့တွင်

တံဆိပ်ခေါင်းမကပ်မှုကြောင့် တရားမဲ့ပြုကျင့်သည်ဟု ကောက်ယူရန်သင့်မြတ်မည်မဟုတ်ပေ။ ထို့ပြင် ရွေးကောက်ပွဲကုန်ကျစရိတ် ပုံစံ (၂၀) အပိုဒ် ၂ တွင် မှတ်ချက် (၁) နှင့် မှတ်ချက် (၂) ဖော်ပြချက်၌ ပြေစာများတွင် တံဆိပ်ခေါင်းကပ်ရန် ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရသည်။ ယင်းကိစ္စကြောင့် လျှောက်ထားခံရသူ မဲပိုရသည်ဟု မထင်ရှားပေ" ဟု သုံးသပ်ဆုံးဖြတ်ချက်မှာ မှားယွင်းကြောင်း။

အယူခံလျှောက်ထားသူ ဒေါ်နန်းထွေးမှုံက လျှောက်လဲတင်ပြရာတွင် -

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၇၇ အရ မန္တလေးတိုင်းကော်မရှင်အဖွဲ့ခွဲသို့ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် တင်သွင်းသော ရွေးကောက်ပွဲကုန်ကျစရိတ် ငွေစာရင်းသည် မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်တစ်ခုလုံးရှိ (၂၅) မြို့နယ်လုံးနှင့် သက်ဆိုင်ပါကြောင်း၊ ၎င်းအောင်နိုင်ရေးအတွက် စည်းရုံးရေးဆောင်ရွက်ချက်များအားလုံးနှင့် သက်ဆိုင်သော ငွေစာရင်းဖြစ်သည့်အတွက် အဆိုပါငွေစာရင်းတွင် မမှန်မကန်ပြုလုပ်ပြီး ထိမ်ချန်ထားသဖြင့် ကန့်ကွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် စည်းရုံးရေးဆင်းရန် မိုးကုတ်မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံ တင်ပြသည့်စာများနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ခွင့်ပြုသည့်စာများတွင် စည်းရုံးရေးခရီးစဉ်တွင် ပါဝင်ဟောပြောမည့် ပုဂ္ဂိုလ်များ၏ အမည်၊ အချိန်၊ နေ့ရက်နှင့် နေရာတို့ကို ဖော်ပြထားကြောင်း၊ သက်သေခံအဖြစ် တင်ပြထားသည့် ယင်းစာရွက်စာတမ်းများအရ ၅. ၉. ၂၀၁၈ ရက်နေ့တွင် ပုဂ္ဂိုလ် ၂၀ ဦးသည် မြို့မ၊ ရှောလီဝိုင်း၊ လယ်ဦး၊ မင်းတံတား စသည့်ကျေးရွာများ၌လည်းကောင်း၊ ၆. ၉. ၂၀၁၈ ရက်နေ့တွင် ပုဂ္ဂိုလ် ၂၀ ဦးသည် ရေပူရပ်ကွက်၊ ချောင်းကြီး၊ ကျောက်ဝါ၊ ကြက်နှဖရွာများသို့ လည်းကောင်း၊ ၇. ၉. ၂၀၁၈ ရက်နေ့တွင် ပုဂ္ဂိုလ် ၂၀ ဦးသည် ရေပူရပ်ကွက်၊ သဒ္ဒတ်သျှုံ၊ ပြောင်းပြင်အုပ်စုများသို့လည်းကောင်း၊ ၉. ၉. ၂၀၁၈ ရက်နေ့တွင် ပုဂ္ဂိုလ် ၂၀ ဦးသည် ကသဲ၊ ကျပ်ပြင်၊ ဘောလုံးကြီးအုပ်စုများသို့လည်းကောင်း၊ ၁၀. ၉. ၂၀၁၈ ရက်နေ့တွင် ပုဂ္ဂိုလ် ၂၀ ဦးသည် ရေအေး၊ ကပိုင်၊ လောင်းစင်အုပ်စုများသို့လည်းကောင်း၊ ၁၁. ၉. ၂၀၁၈ ရက်နေ့တွင် ပုဂ္ဂိုလ် ၂၀ ဦးသည် ကင်း၊ အုန်ဒါန်အုပ်စုများသို့လည်းကောင်း ဟောပြောစည်းရုံးရန် ဖော်ပြထားကြောင်း၊ ယင်းပုဂ္ဂိုလ် ၂၀ ဦးတွင် မန္တလေးမှ ၅ ဦးနှင့် မိုးကုတ်မှ ၁၅ ဦးပါဝင်ကြောင်း၊ ထို့ပြင် ၈. ၁၀. ၂၀၁၈ ရက်နေ့တွင် ပုဂ္ဂိုလ် ၁၂ ဦးက ရှောလီဝိုင်းရပ်ကွက်၊ ပိတ်စွယ်နယ်မြေ (၃) ၌ စည်းရုံးဟောပြောရန် တင်ပြထားကြောင်း၊ ယင်း ၁၂ ဦးတွင်ပါဝင်သည့် ဒေါက်တာမျိုးညွန့်၊ ဒေါက်တာမေဝင်းမြင့်တို့မှာ ရန်ကုန်မြို့တွင် နေထိုင်ကြသူများဖြစ်ပြီး ဒေါက်တာဇော်မြင့်မောင်နှင့် ဦးတင်ထွဋ်ဦးတို့မှာ မန္တလေးမြို့တွင် နေထိုင်ကြသူများ ဖြစ်ကြောင်း၊ ၎င်းတို့၏ ကုန်ကျစရိတ်များကို ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်၏ ငွေစာရင်းတွင် ဖော်ပြထားခြင်း မရှိကြောင်း၊

ထို့အတူ သက်သေခံ (ဏ မှ ဏ-၃၅) အဖြစ်လက်ခံထားသည့် စာရွက်စာတမ်းများအရ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်သည် ၂၇. ၁၀. ၂၀၁၈ ရက်နေ့မှ ၁. ၁၁. ၂၀၁၈ ရက်နေ့အထိ ဟောပြောမည့်သူ ပုဂ္ဂိုလ် ၂၀ ဦး (မန္တလေးမှ ၅ ဦး၊ မိုးကုတ်မှ ၁၅ ဦး) ဖြင့် မိုးကုတ်မြို့နယ်ရှိ ရပ်ကွက်/ကျေးရွာများတွင် စည်းရုံးရေးဆင်းခဲ့ကြောင်း ပေါ်ပေါက်ပါလျက် ရွေးကောက်ပွဲ ကုန်ကျစရိတ်တွင် တင်ပြထားခြင်းမရှိကြောင်း၊ လမ်းတံတားဖြတ်သန်းခပင်လျှင် တင်ပြထားခြင်းမရှိကြောင်း၊

ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်သည် စတင် စည်းရုံးရေးဆင်းသည့်နေ့က ဆီ ၁၅ ဂါလန် ဆံ့သည့်ကားကို ဆီအပြည့်ဖြည့်ကြောင်း ထွက်ဆိုချက်အရ စာရင်းတွင် ဆီဖိုး ၁၅ ဂါလန်ကို ဖော်ပြရမည် ဖြစ်သော်လည်း ထည့်သွင်းခြင်းမပြုဘဲ **၂၉၉၇၇** ကျပ်သာ ဖော်ပြထားခြင်းသည် စာရင်းထိမ်ချန်ခြင်း ဖြစ်ကြောင်း၊

ယင်းသို့ပေါ်ပေါက်သော်လည်း ရွေးကောက်ပွဲခုံအဖွဲ့ (၂) က "ဒေါ်နန်းထွေးမှုံအနေဖြင့် မိုးကုတ်မြို့ မဲဆွယ်စည်းရုံးရေး ခရီးစဉ်သွားရောက်ရာတွင် အသုံးပြုသည့်ယာဉ်၏ ကားခတ်ဆီဖိုးနှင့် ဝန်းရံသူများကို ကျွေးမွေးသည့် ကုန်ကျစရိတ်ကို ကန့်ကွက်လွှာတင်စဉ်အခါက ထည့်သွင်းဖော်ပြမထားသည်ကို တွေ့ရှိရပြီး ထည့်သွင်းသုံးသပ်ရန်မလို" ဟူသောသုံးသပ်ချက်သည် အကြောင်းအရာအရသော်လည်းကောင်း၊ ဥပဒေအရသော် လည်းကောင်း လွဲမှားနေကြောင်း တင်ပြထားသည်။

မတ္တရာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၆. ၁၀. ၂၀၁၈ ရက်နေ့တွင် လက္ကောင်းကြီးကျေးရွာ အုပ်စု၊ ရှမ်းရွာနေ ဦးမြင့်စိုး၏နေအိမ်၌ မဲဆွယ်စည်းရုံးခွင့် တောင်းခံသည့်စာတွင် မော်တော်ယာဉ် ၃ စီးနှင့် ဆိုက်ကယ်အစီး ၃၀ လိုက်ပါမည်ဖြစ်သည်ဟု ဖော်ပြထားကြောင်း၊ လျှောက်ထားသူ၏ သက်သေ (၅) ဦးတင့်လွင်ဦး (ပုသိမ်ကြီးမြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ) က NLD ပါတီအနေဖြင့် စည်းရုံးရေးဆင်းရန် ခွင့်တောင်းသည့်အတွက် ၂၅. ၉. ၂၀၁၈ ရက်နေ့တွင် ခွင့်ပြုမိန့်ချပေးကြောင်း၊ NLD ပါတီအနေဖြင့် ကျေးရွာအုပ်စု ၆ အုပ်စုတွင်

မဲဆွယ်စည်းရုံးကြောင်း၊ လျှောက်ထားသူပြသက်သေ (၇) ဦးကံမြင့် (စဥ့်ကိုင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ) က NLD မှ မဲဆွယ်စည်းရုံးခွင့်တင်သဖြင့် ၂၃. ၁၀. ၂၀၁၈ ရက်နေ့တွင် ခွင့်ပြုမိန့် ထုတ်ပေးခဲ့ကြောင်းဖြင့် ထွက်ဆိုကြောင်း၊ လျှောက်ထားသူပြသက်သေ ထွက်ဆိုချက်များနှင့် သက်သေခံ (ထ)၊ (ဒ)၊ (ဓ)၊ (န) နှင့် (ပ) တို့တွင် လျှောက်ထားခံရသူသည် မည်သည့်နေ့၊ မည်သည့်နေရာ၊ မည်သည့်အချိန်တွင် လူဦးရေမည်မျှဖြင့် စည်းရုံးရေးသွားမည်တို့ ပါဝင်ကြောင်း၊ စည်းရုံးရေးသွားပါက လမ်းလျှောက်သွား၍မရဘဲ ဆိုင်ကယ်၊ ကားများဖြင့် သွားရမည်ဖြစ်ကြောင်း၊ သက်သေခံ (တ မှ တ - ၃၅ အထိ) စာရွက်စာတမ်းများအရ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်သည် ၇. ၉. ၂၀၁၈၊ ၁၁. ၉. ၂၀၁၈၊ ၁၂. ၉. ၂၀၁၈၊ ၁၃. ၉. ၂၀၁၈၊ ၂၄. ၉. ၂၀၁၈၊ ၂၇. ၉. ၂၀၁၈၊ ၃၀. ၉. ၂၀၁၈ ရက်နေ့တွင် လူအင်အား ၂၂ ဦးဖြင့်လည်းကောင်း၊ ၁. ၁၀. ၂၀၁၈၊ ၂. ၁၀. ၂၀၁၈၊ ၉. ၁၀. ၂၀၁၈၊ ၁၇. ၁၀. ၂၀၁၈၊ ၂၄. ၁၀. ၂၀၁၈၊ ၂၅. ၁၀. ၂၀၁၈၊ ၂၆. ၁၀. ၂၀၁၈၊ ၂၇. ၁၀. ၂၀၁၈ တို့တွင် လူအင်အား ၂၀ ဦးဖြင့် လည်းကောင်း၊ ၉. ၁၀. ၂၀၁၈၊ ၁၁. ၁၀. ၂၀၁၈၊ ၁၂. ၁၀. ၂၀၁၈၊ ၁၅. ၁၀. ၂၀၁၈၊ ၁၆. ၁၀. ၂၀၁၈၊ ၁၈. ၁၀. ၂၀၁၈၊ ၂၂. ၁၀. ၂၀၁၈၊ ၂၃. ၁၀. ၂၀၁၈၊ ၂၈. ၁၀. ၂၀၁၈ ရက်နေ့တို့တွင် လူအင်အား ၂၅ ဦးဖြင့်လည်းကောင်း၊ ၂၀. ၁၀. ၂၀၁၈၊ ၂၁. ၁၀. ၂၀၁၈၊ ၃၀. ၁၀. ၂၀၁၈၊ ၃၁. ၁၀. ၂၀၁၈ ရက်နေ့တို့တွင် လူအင်အား ၆ ဦးဖြင့်လည်းကောင်း၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ အကြိမ်ကြိမ် စည်းရုံးရေးဆင်းခဲ့သော်လည်း စည်းရုံးရေးကုန်ကျစရိတ်တွင် ၂၄. ၉. ၂၀၁၈၊ ၂၇. ၉. ၂၀၁၈၊ ၂. ၁၀. ၂၀၁၈၊ ၉. ၁၀. ၂၀၁၈၊ ၁၇. ၁၀. ၂၀၁၈၊ ၂၄. ၁၀. ၂၀၁၈၊ ၂၅. ၁၀. ၂၀၁၈၊ ၂၆. ၁၀. ၂၀၁၈၊ ၂၇. ၁၀. ၂၀၁၈၊ ၁. ၁၁. ၂၀၁၈ ရက်နေ့များအတွက် ကုန်ကျစရိတ်များ တင်ပြထားခြင်းမရှိကြောင်း၊ ထို့ပြင် ချမ်းမြသာစည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် စဥ့်ကိုင်မြို့နယ်များတွင် စည်းရုံးရေးဆင်းခဲ့သော်လည်း ကုန်ကျစရိတ်တင်ပြထားခြင်းမရှိကြောင်း၊ လျှောက်ထားခံရသူပြသက်သေ (၅) ဦးကံ (ခ) ဦးခင်မောင်မြင့်၏ ထွက်ဆိုချက်တွင် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်များသို့ မဲဆွယ်စည်းရုံးရေးကာလတွင် ဦးစိုင်းပန်းဆိုင်နှင့်အတူ လိုက်ပါခဲ့ကြောင်း၊ ဦးစိုင်းပန်းဆိုင်ကားတွင် ဦးစိုင်းဆိုင်မိုင်းနှင့် ဦးဝင်းမော်တို့လိုက်ပါပြီး ကျွန်တော်က စိုင်းထွန်းလှိုင်းနှင့်အတူ သီးခြားကားနှင့် လိုက်ပါသည်ဟု ပါရှိသဖြင့် မဲဆွယ်စည်းရုံးရာတွင် ကားနှစ်စီးပါကြောင်း၊ လျှောက်ထားခံရသူပြ သက်သေ (၆) ဦးစိုးဆင့်၏ ထွက်ဆိုချက်အရ အခြားကားတစ်စီးနှင့်အတူ ဆိုင်ကယ်အချို့လည်း လိုက်ပါကြကြောင်း၊ ယင်းသို့ ကုန်ကျစရိတ်များရှိပါလျက် “ကုန်ကျစရိတ်မရှိပါဘူး” ဟု ထုချေရုံဖြင့် ရွေးကောက်ပွဲခုံအဖွဲ့ (၂) က ကုန်ကျစရိတ်ထိမ်ချန်ပြီး မမှန်မကန်ပြုလုပ်ထားသည့်ကိစ္စကို ထည့်သွင်းသုံးသပ်မထားခြင်းမှာ ဥပဒေအရသော်လည်းကောင်း၊ အကြောင်းအရာအရသော်လည်းကောင်း မှားယွင်းနေကြောင်း လျှောက်ထားတင်ပြသည်။

လျှောက်ထားသူပြသက်သေ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၁၂) တို့၏ ထွက်ဆိုချက်များ၊ သက်သေခံ (ဏ မှ ဏ-၃၅)၊ (တ မှ တ-၃၅)၊ (ထ)၊ (ဒ)၊ (ဓ)၊ (န) နှင့် (ပ) တို့အရ လျှောက်ထားခံရသူသည် စည်းရုံးရေးဆင်းရာတွင် လူအင်အားမည်မျှဖြင့် ဆင်းခဲ့သည်မှာ ပေါ်ပေါက်ကြောင်း၊ လျှောက်ထားခံရသူပြသက်သေ (၂) ဦးစိုင်းထွန်းလှိုင်း (ခ) ဦးစိုင်းထွန်းရွှေ (လျှောက်ထားခံရသူ၏ ရွေးကောက်ပွဲကိုယ်စားလှယ်) က ပါတီမူဝါဒအနေဖြင့် ကိုယ်စားလှယ်လောင်းကုန်ကျစရိတ် မများစေရန် မိမိစရိတ်ဖြင့် မိမိဝန်းရံရန် ညွှန်ကြားထားသဖြင့် ကျွန်တော်တို့ ကုန်ကျစရိတ်တွင် စာရင်းမသွင်းခြင်းဖြစ်ကြောင်း၊ (ပြန်လှန်စစ်မေးရာတွင်) ဝန်းရံသူများသည် ဦးစိုင်းပန်းဆိုင် အောင်နိုင်ရေးအတွက် ကူညီသူများဖြစ်ကြောင်း၊ ၂၁. ၉. ၂၀၁၈ ရက်နေ့နှင့် ၂၂. ၉. ၂၀၁၈ ရက်နေ့များတွင် ချမ်းမြသာစည်မြို့နယ်၌ စည်းရုံးရေးဆင်းရာတွင် ဝန်းရံသူများ၏ ကုန်ကျစရိတ်ကို တန်ဖိုးသင့်၍ ဖော်ပြခြင်းမရှိကြောင်း၊ ၂၅. ၉. ၂၀၁၈ ရက်နေ့တွင် ပုသိမ်ကြီးမြို့နယ်၌ စည်းရုံးရေးဆင်းသည့်အခါ ဝန်းရံသူ ၃၀ ဦးဟု စာရင်းတွင် ဖော်ပြထားကြောင်း၊ ယင်းတို့အတွက် ကုန်ကျစရိတ်ကို ငွေစာရင်းတွင် ဖော်ပြခြင်းမရှိကြောင်း၊ မတ္တရာနှင့် ပြင်ဦးလွင်မြို့များ၌ စည်းရုံးရေး ဆင်းရာတွင်လည်း အလားတူ ဆောင်ရွက်ခဲ့ကြောင်း၊ ကျွန်တော်တို့ ကိုယ်စားလှယ်အနေဖြင့် စဥ့်ကိုင်မြို့တွင် စည်းရုံးရေးမဆင်းခဲ့ကြောင်း၊ (ယခုကျွန်တော့်ပြသည့်စာအရ) ပါတီက ကြားဖြတ်ရွေးကောက်ပွဲအတွက် စည်းရုံးရေး ဆင်းခဲ့ကြောင်း၊ ယင်းကုန်ကျစရိတ်များကို ကျွန်တော်တို့ စည်းရုံးရေးမဆင်း၍ ကျွန်တော်တို့ငွေစာရင်းတွင် တင်ပြထားခြင်းမရှိဟု ထွက်ဆိုထားကြောင်း၊

ပါတီ၏မူဝါဒအရ ဝန်းရံသူများအား စားစရိတ်၊ သွားစရိတ်များမကုန်ရပါဟု ထုချေထားသော်လည်း ပါတီ၏မူဝါဒဖြစ်ကြောင်း စာဖြင့်သက်သေတင်ပြထားခြင်းမရှိကြောင်း၊ လျှောက်ထားသူပြသက်သေ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇) နှင့် သက်သေခံ (ဏ မှ ဏ-၃၅)၊ (တ မှ တ-၃၅)၊ (ထ)၊ (ဒ)၊ (ဓ)၊ (န) နှင့် (ပ) တို့တွင် ဝန်းရံသူအဖြစ် တင်သွင်းထားခြင်းမဟုတ်ကြောင်း ပေါ်ပေါက်ပါလျက် ပါတီ၏မူဝါဒကြောင့် ဆောင်ရွက်ခြင်းဖြစ်သည်ဟု သက်သေအထောက်အထားမရှိဘဲ လက်ခံသုံးသပ်ခြင်းမှာ မှားယွင်းကြောင်း၊

ရွေးကောက်ပွဲခုံအဖွဲ့ (၂) က "လျှောက်ထားခံရသူက ပါတီ၏မူဝါဒအရ ကိုယ့်စရိတ် ကိုယ်စားကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကုန်ကျစရိတ်တွင်လည်း ထိုအချက်ကို ထောက်ခံသည်။ မန္တလေးမှ ၎င်းအပါအဝင် လူ ၅ ဦးသာပါဝင်ကြောင်း လျှောက်ထားခံရသူက တင်ပြသည်။ သို့ပါ၍ ရွေးကောက်ပွဲ ကုန်ကျစရိတ်တွင်လည်း ထည့်သွင်းခြင်းမပြုကြောင်း ထုချေသည်။ အမှန်အားဖြင့် လျှောက်ထားခံရသူအပါအဝင် လူ ၅ ဦးသာလျှင် ပါတီအောင်နိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး ကျန်လူများမှာ ဝန်းရံသူများဖြစ်ကြောင်း ထုချေသည်။ ဦးကံ (ခ) ဦးခင်မောင်မြင့် မန္တလေးခရိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ခရိုင်ဥက္ကဋ္ဌ (လျှောက်ထားခံရသူပြသက်သေ - ၅) နှင့် ဦးစိုးဆင့် ပုသိမ်ကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ မြို့နယ်အလုပ်အမှုဆောင် (လျှောက်ထားခံရသူပြသက်သေ - ၆) တို့က ပါတီ၏စည်းကမ်းအရ မိမိစရိတ် မိမိစားရကြောင်း ထောက်ခံထွက်ဆိုထားသည်ကို တွေ့ရသည်။ လျှောက်ထားခံရသူအနေနှင့် ဝန်းရံသူများအတွက် အသုံးစရိတ်မရှိ၍ ကုန်ကျခြင်းမရှိကြောင်း ထုချေချက်ကို မှန်သည်ဟု ယူဆသည်" ဟု သုံးသပ်ဆုံးဖြတ်ခြင်းသည် ပါတီတစ်ခုမှ လက်ကိုင်ကျင့်သုံးသောမူဝါဒကိုလက်ခံပြီး ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေကို ကျော်လွန်၍ ဆုံးဖြတ်ထားခြင်းဖြစ်သဖြင့် ဥပဒေအရသော်လည်းကောင်း၊ အကြောင်းခြင်းရာအရသော်လည်းကောင်း မှားယွင်းကြောင်း၊

လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးက ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း မည်ကဲ့သို့ပြုလုပ်ရမည်ကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၅ နှင့် နည်းဥပဒေ ၇၃ တို့တွင် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ၎င်း၏ အောင်နိုင်ရေးအတွက် လာရောက်ကူညီကြသည့်သူများ၏ ကုန်ကျစရိတ်ကို တန်ဖိုးသတ်မှတ်ပြီး ရွေးကောက်ပွဲကုန်ကျစရိတ်တွင် ဖော်ပြထားခြင်းမရှိဘဲ ပါတီ၏မူဝါဒအရ ကုန်ကျစရိတ်မရှိဟု ထုချေချက်ကို မှန်ကန်သည်ဟု သုံးသပ်ခြင်းသည် ရွေးကောက်ပွဲနည်းဥပဒေ ၇၃ နှင့် လွဲမှားနေကြောင်း၊ ရွေးကောက်ပွဲခုံအဖွဲ့ (၂) က "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒအရ ချမှတ်ထားသည့် စည်းကမ်းအရ လွှတ်တော်ကိုယ်စားလှယ်လောင်း အကုန်အကျမများစေရန် ပါတီက ကုန်ကျခံပေးကြောင်း ကောက်ယူရမည်ဖြစ်သည်" ဟု သုံးသပ်ထားသော်လည်း ပါတီက ကုန်ကျခံပေးသော ကုန်ကျစရိတ်ကို ရွေးကောက်ပွဲကုန်ကျစရိတ်တွင် ထည့်သွင်းဖော်ပြရမည်ကိုတော့ ထည့်သွင်းသုံးသပ်ခြင်းမရှိဘဲ လျှောက်ထားခံရသူ၏ ထုချေချက်သည် မှန်ကန်သည်ဟု သုံးသပ်ခြင်းသည် ရွေးကောက်ပွဲနည်းဥပဒေ ၇၃ ကို ကျော်လွန်သုံးသပ်ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲခုံအဖွဲ့ (၂) ၏ ဆုံးဖြတ်ချက်ကို မှန်သည်ဟု လက်ခံပါက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် နည်းဥပဒေ ၇၄ ပြဋ္ဌာန်းချက်ဖြစ်သော "လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိ၏ရွေးကောက်ပွဲ ကုန်ကျစရိတ်အဖြစ် ငွေကျပ် သိန်းတစ်ရာထက်ပို၍ သုံးစွဲခြင်းမပြုရ" ဟူသော ဥပဒေသည် အဟောသိကံသာဖြစ်ကြောင်း လျှောက်ထားတင်ပြသည်။

ဦးကောင်းထက် (လျှောက်ထားသူပြသက်သေ - ၉) (ဒေါ်နန်းထွေးမှုံ၏ မဲရုံကိုယ်စားလှယ်) က "မဲရုံကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ရာ၌ SNLD ကိုယ်စားလှယ်လောင်း အန်တီက ငွေ ၅၀၀၀ိ/- ပေးကြောင်း၊ စားသည့်အခါ ကိုယ့်ဘာသာကိုယ် စားရကြောင်း ပြောရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ မဲရုံကိုယ်စားလှယ် ဦးအောင်ကြီးမှလည်း ၅၀၀၀ိ/- စီ ရကြောင်း၊ နံနက်စာ၊ နေ့လယ်စာကို ကိုယ်စားလှယ်က ကျွေးသည်ဟုပြောကြောင်း" ထွက်ဆိုကြောင်း၊ လျှောက်ထားခံရသူက ချေပရာတွင် "ကျွန်တော် တစ်ပြားမှ မပေးရကြောင်း၊ ပါတီ၏မူဝါဒအရ ပါတီကစီစဉ်ပေးခြင်းဖြစ်ကြောင်း၊ ပါတီက ၎င်းတို့ စားစရိတ်အတွက် စီစဉ်ရင်လည်း စီစဉ်ပါလိမ့်မည်" ဟု ထွက်ဆိုကြောင်း၊ ရွေးကောက်ပွဲခုံအဖွဲ့ (၂) က "လျှောက်ထားသူပြသက်သေ ဦးကောင်းထက်၏ ပြောကြားချက်သည် နှုတ်ဖြင့် ပြောကြားချက်ဖြစ်ပြီး NLD ပါတီ မဲရုံကိုယ်စားလှယ် ဦးအောင်ကြီးကို သက်သေအဖြစ် ခေါ်ယူစစ်ဆေးခြင်းမရှိသည့်အတွက် သက်သေပြရန်တာဝန်ကို လျှောက်ထားသူဘက်မှ သက်သေထင်ရှားပြသနိုင်ခြင်း မရှိကြောင်း၊ ထို့ပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ချမှတ်ထားသည့်မူဝါဒ၊ ချမှတ်ထားသည့်စည်းကမ်းအရ လွှတ်တော်ကိုယ်စားလှယ်လောင်း အကုန်အကျမများစေရန် ပါတီက အကုန်အကျခံပေးကြောင်း ကောက်ယူရမည်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၇၅ ၌လည်း ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်သည် မိမိ၏ ရွေးကောက်ပွဲလုပ်ငန်းများကို ကူညီရန် အခကြေးငွေဖြင့် အောက်ပါပုဂ္ဂိုလ်များမှတစ်ပါး မည်သူ့ကိုမျှ မခန့်ထားရဟု ပြဋ္ဌာန်းထားသည့်အတွက် "ကူညီရန်ဆိုသည့်အတွက် ရွေးကောက်ပွဲလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကူညီဆောင်ရွက်ရန်အတွက် ခန့်ထားခြင်းသာဖြစ်ပြီး အခကြေးငွေပေးရမည်" ဟူ၍ ပြဋ္ဌာန်းမထားသည့်အတွက် "လွှတ်တော်ကိုယ်စားလှယ်လောင်းက ပေးချေခဲ့ရခြင်းမရှိ၊ အမှန်တကယ် ကုန်ကျခဲ့ခြင်းမရှိ၍ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတွင် မတင်ပြခြင်းဖြစ်သည်" ဟု သုံးသပ်ထားခြင်းမှာ မှားယွင်းကြောင်း၊ ကိုယ်စားလှယ်လောင်းပေးငွေကို လက်ခံရရှိသူကိုယ်တိုင်က သက်သေအား ပြောပြခြင်းသည် သက်သေခံဝင်ပါကြောင်း၊ ရွေးကောက်ပွဲခုံအဖွဲ့ (၂) က

“အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မူဝါဒချမှတ်ထားသည့်စည်းကမ်းအရ လွှတ်တော်ကိုယ်စားလှယ်လောင်း အကုန်အကျမများစေရန်အတွက် ပါတီမှာ အကုန်အကျခံပေးကြောင်း ကောက်ယူရမည်ဖြစ်သည်” ဟု သုံးသပ်ချက်အရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကူညီပေးသည့် ကုန်ကျငွေရှိသည်ဟု ဆိုလိုခြင်းဖြစ်ကြောင်း၊ ပါတီက ကုန်ကျပေးသော ကုန်ကျစရိတ်များကို ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်၏ ရွေးကောက်ပွဲကုန်ကျစရိတ်တွင် ထည့်သွင်းဖော်ပြထားခြင်းမရှိကြောင်း၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၇၅ ကို ဖော်ပြကိုးကားရာတွင်လည်း ဥပဒေ၌ပါဝင်သော စာသားအားလုံးကို မဖော်ပြဘဲ “တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၇၅ ၌လည်း ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်သည် မိမိ၏ ရွေးကောက်ပွဲလုပ်ငန်းများကို ကူညီရန် အခကြေးငွေဖြင့် အောက်ပါပုဂ္ဂိုလ်များမှတစ်ပါး မည်သူ့ကိုမျှ မခန့်ထားရ” ဟုသာ ဖော်ပြပြီး (က) ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး၊ (ခ) မဲရုံအသီးသီးအတွက် မဲရုံကိုယ်စားလှယ်တစ်ဦးစီ၊ အကူကိုယ်စားလှယ်တစ်ဦးစီ၊ စာရေးတစ်ဦးစီ၊ မဲဆော်ဩသူတစ်ဦးစီ၊ ရုံးအကူတစ်ဦးစီအပြင် မဲရုံတစ်ရုံ၌ မဲစာရင်းရှိ မဲဆန္ဒရှင်ဦးရေ ၃၀၀ ထက်ပိုလျှင် နောက်ထပ်စာရေးတစ်ဦး၊ မဲဆော်ဩသူတစ်ဦးနှင့် ရုံးအကူတစ်ဦးဟူသော စာသားများကို ချန်လှပ်သုံးသပ်သဖြင့် မှန်မှန်ကန်ကန် သုံးသပ်ထားခြင်းမဟုတ်ကြောင်း၊ ထို့ပြင် ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်သည် မဲရုံတိုင်းတွင် မဲရုံကိုယ်စားလှယ်ခန့်ထားခြင်းမှာ အငြင်းမပွားကြောင်း၊ မဲရုံကိုယ်စားလှယ်တစ်ဦးခန့်ရန် ခန့်စာကို သက်ဆိုင်ရာမဲရုံ၏ ကော်မရှင်အဖွဲ့ခွဲထံ လျှောက်လွှာတင်ရကြောင်း၊ လျှောက်လွှာအတွက် ကုန်ကျစရိတ်ရှိကြောင်း၊ မဲရုံကိုယ်စားလှယ်တစ်ဦးသည် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ မဲရုံတွင် ထိုင်စောင့်ရသဖြင့် စားစရိတ်ရှိကြောင်း၊ ကိုယ်စားလှယ်လောင်းအနေဖြင့် ကုန်ကျပေးခြင်းမရှိသော်လည်း ပါတီကဖြစ်စေ၊ လာရောက်ကူညီသူ တစ်ဦးချင်းစီကဖြစ်စေ ကုန်ကျစရိတ်ရှိကြောင်း လျှောက်ထားခံရသူ၏ သက်သေများက ဝန်ခံထွက်ဆိုပါလျက် ကုန်ကျစရိတ်စာရင်းမတင်ခြင်းမှာ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ လွဲမှားကြောင်း လျှောက်ထားတင်ပြသည်။

လျှောက်ထားခံရသူက ငွေစာရင်းပြေစာ ၂၁၇ ခု တင်ပြကြောင်း၊ ၁၂၇ စောင်တွင် ဥပဒေအရ ကပ်ရမည့် တံဆိပ်ခေါင်းများ ကပ်မထားကြောင်း၊ မကပ်သည့်ပြေစာမှာ ပြေစာ စုစုပေါင်း၏ (၅၈. ၅%) ရှိသောကြောင့် မတော်တဆမှားယွင်းသည်ဟုယူဆရန် ခဲယဉ်းကြောင်း၊ တံဆိပ်ခေါင်းဥပဒေအရ မဖြစ်မနေကပ်ရမည့် တံဆိပ်ခေါင်းအား (လျှောက်ထားသူပြသက်သေ - ၁၂) က ထွက်ဆိုမှုကြောင့်လည်းကောင်း၊ ဥက္ကဋ္ဌကတာဝန်အရ ထွက်ဆိုမှုကြောင့်လည်းကောင်း တံဆိပ်ခေါင်းမကပ်ခြင်းကို ခွင့်ပြုနိုင်မည်မဟုတ်ကြောင်း၊ တံဆိပ်ခေါင်း မကပ်ခြင်းကြောင့် အရေးယူမှုတစ်စုံတစ်ရာ ပြဋ္ဌာန်းထားခြင်းမရှိဟု ထွက်ဆိုထားခြင်းကြောင့်လည်းကောင်း၊ ရွေးကောက်ပွဲကုန်ကျစရိတ်ပုံစံ (၂၀)၊ အပိုဒ် ၂၊ မှတ်ချက် (၁) နှင့် (၂) ဖော်ပြချက်၌ ပြေစာများတွင် တံဆိပ်ခေါင်းကပ်ရန် ဖော်ပြထားခြင်း မရှိခြင်းကြောင့်လည်းကောင်း၊ ရွေးကောက်ပွဲကုန်ကျစရိတ်များတွင် တံဆိပ်ခေါင်း မကပ်ခြင်းအား အလိုအလျောက်ခွင့်ပြုနိုင်ခွင့် မရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့်အခွန်များကို ပေးဆောင်ရန်တာဝန်ရှိကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ၃. ၁၀. ၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၃၈/၂/ရကပခ-၁/ကမရ ဖြင့် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ပေးပို့သည့်စာပါ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း စိစစ်သည့် ပုံစံ အပိုဒ် (ဈ) (၁) တွင် “အသုံးစရိတ်ပြေစာမူရင်း ဟုတ် မဟုတ်၊” (ဈ) (၂) တွင် “အသုံးစရိတ်ပြေစာမူရင်း၌ တံဆိပ်ခေါင်းကပ်ထားခြင်း ရှိ မရှိ” စိစစ်ရန် ညွှန်ကြားထားကြောင်း၊ ယင်းအချက်က တံဆိပ်ခေါင်းကပ်ကို ကပ်ရမည်ဟု ရည်ညွှန်းခြင်းဖြစ်ကြောင်း၊ တံဆိပ်ခေါင်းခွန်ကပ်ခြင်းသည် စားသုံးသူ သို့မဟုတ် သုံးစွဲသူဘက်က နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်ဖြစ်ကြောင်း၊ တံဆိပ်ခေါင်းမကပ်သည့် ပြေစာ ၁၂၇ စောင်၏ တန်ဖိုးမှာ **ကျပ် ၃၇၇၂၂၉၂** ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သော ပုံစံများတွင် တံဆိပ်ခေါင်းကပ်ရမည်ဟု အထင်အရှား မဖော်ပြထားသော်လည်း တံဆိပ်ခေါင်းခွန်ကပ်ရန်တာဝန်မှာ အလိုအလျောက်ရှိပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲခုံ (၂) ၏ သုံးသပ်ချက်အယူအဆသည် ဥပဒေနှင့်လွဲချော်နေကြောင်း၊ ပြေစာ ၁၂၇ စောင်အား တံဆိပ်ခေါင်းမကပ်ဘဲ တရားရုံးတွင် ကျမ်းကျိန်၍ တရားဝင်သကဲ့သို့ တင်ပြခြင်းသည် လျှောက်ထားခံရသူအနေဖြင့် ဥပဒေမဲ့ဆောင်ရွက်ခြင်းဖြစ်သဖြင့် တရားမဲ့ပြုကျင့်မှုဖြစ်ကြောင်း၊ လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲ၌ တံဆိပ်ခေါင်းမကပ်ဘဲတင်ပြလာမည့် ရွေးကောက်ပွဲကုန်ကျစရိတ်များကို ယခုရွေးကောက်ပွဲ ခုံအဖွဲ့ (၂) ၏ သုံးသပ်ချက်အတိုင်း ခွင့်ပြုရမည်ဆိုပါက ဖြစ်ပေါ်လာမည့် အကျိုးဆက်များကိုပါ ထည့်သွင်းသုံးသပ်သင့်ကြောင်းလျှောက်ထားတင်ပြသည်။

ဆက်လက်၍ လျှောက်ထားခံရသူသည် ကုန်ကျစရိတ်များ မတင်ပြခြင်း၊ ထိမ်ချန်ခြင်းများကြောင့် ကျေးရွာများသို့ အကြိမ်ကြိမ်သွားရောက် စည်းရုံးရေးဆင်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ စည်းရုံးရေးဆင်းပြီး ငွေစာရင်း

မတင်ပြခြင်း၊ ထိမ်ချန်ခြင်းများပြုပြီး စည်းရုံးရေးဆင်းခဲ့သောနေရာများမှ မဲစာရင်းကို နုတ်လိုက်ပါက လျှောက်ထားသူသာ မဲအများဆုံးရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မူလရွေးကောက်ပွဲခုံအဖွဲ့ (၂) ၏ ၁၃. ၆. ၂၀၁၉ ရက်နေ့တွင် ချမှတ်သော စီရင်ချက်အမိန့်ကို ပယ်ဖျက်ပြီး အယူခံလျှောက်ထားသူ စွဲဆိုသည့်အတိုင်း လျှောက်ထားသူ ဒေါ်နန်းထွေးမှုံ (ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်) ကသာလျှင် ရွေးကောက်ခံရသူဖြစ်ကြောင်း ပြင်ဆင်ကြေညာပေးပါရန် လျှောက်ထားသည်။

လျှောက်ထားခံရသူ၏ ရှေ့နေက လျှောက်ထားတင်ပြရာတွင် ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် စည်းရုံးရေးဆင်းသည့် မြို့နယ်များအနက် မိုးကုတ်မြို့နယ်၊ မတ္တရာမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ စဥ့်ကိုင်မြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်များသို့ စည်းရုံးရေးဆင်းခြင်းနှင့်ပတ်သက်၍ အမှန်တကယ်ကုန်ကျသည့် စရိတ်များကို ထိမ်ချန်တင်ပြခဲ့သောကြောင့် တရားမဲ့ပြုကျင့်မှုမြောက်သည်ဟု ဖော်ပြထားသော်လည်း ဖော်ပြပါမြို့နယ်များသို့ စည်းရုံးရေးဆင်းခြင်းကို ဒေါ်နန်းထွေးမှုံ ကိုယ်တိုင်တွေ့မြင်၍ တင်ပြခြင်းမဟုတ်ကြောင်း၊ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်က ရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလျှောက်ထားချက်များအပေါ် မူတည်၍ စွပ်စွဲခြင်းဖြစ်ကြောင်း၊ လျှောက်လွှာတွင် အနည်းဆုံးလူ ၂၀ ဦးဟု ဖော်ပြထားသော်လည်း အမှန်တကယ်စည်းရုံးရေးဆင်းသည့်အခါ စာရင်းတွင်ပါသောသူများ လိုက်လံခြင်း ရှိ မရှိ ဒေါ်နန်းထွေးမှုံ သိရှိခြင်းမရှိဘဲ လျှောက်လွှာတွင် ဖော်ပြထားသောလူဦးရေ အရေအတွက် စာရင်းများအရ ခန့်မှန်းစွပ်စွဲခြင်းဖြစ်ကြောင်း၊ မိုးကုတ်မြို့ စည်းရုံးရေးဆင်းခြင်းနှင့်ပတ်သက်၍ ဒေါ်နန်းထွေးမှုံ၏ လျှောက်လွှာတွင် လုံးဝ ဖော်ပြထားခြင်းမရှိဘဲ ရုံးတော်ရှေ့စစ်ဆေးသည့်အခါမှ ကောက်ကာငင်ကာ မေးမြန်းခြင်းမှာ အငိုက်ဖမ်းသည့် သဘောဖြစ်၍ လက်မခံသင့်ကြောင်း၊ စည်းရုံးရေးဆင်းရာတွင် ဦးစိုင်းပန်းဆိုင်နှင့်အတူ လိုက်ပါသူများမှာ လေး၊ ငါးဦးသာဖြစ်ပြီး ကျန်သူများမှာ ဝန်းရံသူများဖြစ်ကြောင်း၊ ဝန်းရံသူများအတွက် ပါတီမူဝါဒအရ ကိုယ်စားလှယ်မှကုန်ကျစရိတ်ကျခံရန် မလိုကြောင်း၊ ယင်း ကုန်ကျစရိတ်ကို ကိုယ်စားလှယ် အသုံးစရိတ်တွင် မထည့်သွင်းခြင်းမှာ ဥပဒေနှင့်အညီ မထည့်သွင်းခြင်းဖြစ်သဖြင့် တရားမဲ့ပြုကျင့်မှု မမြောက်ကြောင်း၊

ရွေးကောက်ပွဲပြုလုပ်သည့် ၃. ၁၁. ၂၀၁၈ ရက်နေ့တွင် ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်၏ မဲရုံကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သည့် ဦးအောင်ကြီးက ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်ထံမှ ငွေ ၅၀၀၀ ကျပ် ရရှိကြောင်း ဒေါ်နန်းထွေးမှုံ၏ တင်ပြချက်မှာ ဒေါ်နန်းထွေးမှုံ၏ သက်သေ ဦးကောင်းထက်၏ တစ်ဆင့်ကြားသက်သေခံချက်ကို ကိုးကားတင်ပြခြင်းဖြစ်သဖြင့် သက်သေခံဥပဒေအရ အကျုံးမဝင်ကြောင်း၊

အသုံးစရိတ်ပြေစာ ၁၂၇ စောင် တံဆိပ်ခေါင်း မကပ်ခြင်းနှင့်စပ်လျဥ်း၍ တံဆိပ်ခေါင်း မပါရှိခြင်းမှာ တချို့ဆိုင်များက တံဆိပ်ခေါင်းကပ်ပြီး တချို့ဆိုင်များက တံဆိပ်ခေါင်းကပ်မပေးသဖြင့်ဖြစ်ကြောင်း၊ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်တွင် တာဝန်မရှိကြောင်း၊ ရောင်းချသည့်ဆိုင်မှ တံဆိပ်ခေါင်းကပ်မပေးသည်ကို ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်က မိမိသဘောဖြင့် တံဆိပ်ခေါင်းကပ်ပါက မရိုးမသားပြုလုပ်သည့် သဘောသက်ရောက်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကုန်ကျစရိတ် ပုံစံ (၂၀)၊ အပိုဒ် ၂၊ မှတ်ချက် (၁) နှင့် (၂)၏ ဖော်ပြချက်၌ ပြေစာများတွင် တံဆိပ်ခေါင်းကပ်ရန် ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရကြောင်း၊ ယင်းကိစ္စကြောင့် လျှောက်ထားခံရသူ မဲပိုရသည်ဟု မထင်ရှားကြောင်း၊ သို့ဖြစ်၍ ရွေးကောက်ပွဲခုံအဖွဲ့ (၂) ၏ ချမှတ်သည့်အမိန့်မှာ ဥပဒေအရ ဆန့်ကျင်လွဲမှားမှုမရှိသဖြင့် ယင်းအမိန့်ကို အတည်ပြုသင့်ကြောင်း တင်ပြထားပါသည်။

ရုံးတော်သဟာယအဖြစ်ဆောင်ရွက်သည့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးကလည်း ရွေးကောက်ပွဲခုံအဖွဲ့ (၂) ၏ “လျှောက်ထားခံရသူ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် ရရှိသော မဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောဆန္ဒမဲများပါကြောင်းအချက်အလက်မှာ ထင်ရှားပေါ်ပေါက်ခြင်း မရှိ၍ လျှောက်ထားသူ ဒေါ်နန်းထွေးမှုံသည်သာ ခိုင်လုံသောဆန္ဒမဲ အများဆုံးရရှိပြီး လွှတ်တော်ကိုယ်စားလှယ် ဖြစ်ထိုက်သည်ဆိုခြင်းမှာ မမှန်” ဟု သုံးသပ်ထားသည်မှာ ဥပဒေနှင့်အညီဖြစ်ကြောင်း၊ လျှောက်ထားသူ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်နည်းဥပဒေ ၈၈ (ဂ) အရ တင်သွင်းသည့် စာရင်းဇယားနှင့် အကြောင်းအရာအချက်အလက်များ၊ ခုံရုံးရှေ့သက်သေခံချက်များနှင့် သက်သေခံ အထောက်အထားများအရ လျှောက်ထားခံရသူသည် တရားမဲ့ပြုကျင့်မှုများဖြင့် မဲအများဆုံးရရှိခဲ့သည်ဟုလည်းကောင်း၊ ထိုနည်းဖြင့်ပင် သွေးဆောင်ရယူခဲ့သည်ဟုလည်းကောင်း၊ ရွေးကောက်ပွဲအနိုင် အရှုံးသည် တရားမဲ့ပြုကျင့်မှုများကြောင့်သာ ဖြစ်ရသည်ဟုလည်းကောင်း မပေါ်ပေါက်ခြင်းကြောင့် ရွေးကောက်ပွဲခုံအဖွဲ့ (၂) က မန္တလေးတိုင်းဒေသကြီးလွှတ်တော် ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်ဖြစ်သည်ဟု ဆုံးဖြတ်ပြီး လျှောက်ထားသူ ဒေါ်နန်းထွေးမှုံ၏ ကန့်ကွက်လွှာကို တရားစရိတ်နှင့်တကွ ပယ်ကြောင်း ဆုံးဖြတ်သည့်အမိန့်မှာ

ဥပဒေနှင့်အညီဖြစ်ကြောင်း၊ လျှောက်ထားသူ၏ ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအပေါ် ဥပဒေနှင့်အညီ သင့်မြတ်သည့်အမိန့်တစ်ရပ် ချမှတ်သင့်ကြောင်း တင်ပြသည်။

အမှုမှ အယူခံလျှောက်ထားသူနှင့် အယူခံလျှောက်ထားခံရသူတို့၏ နှစ်ဖက်လျှောက်လဲတင်ပြချက်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ရုံးတော်သဟာယ၏ လျှောက်လဲတင်ပြချက်နှင့် မူလရုံးကန့်ကွက်လွှာအမှုမှ နှစ်ဖက်သက်သေထွက်ဆိုချက်များ၊ တင်ပြထားသော သက်သေခံ အထောက်အထားများကို လေ့လာသုံးသပ်၍ ဤအယူခံလျှောက်ထားမှုအား ဥပဒေနှင့်အညီ အဆုံးအဖြတ် ပြုသွားမည်ဖြစ်သည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၈၈ (ဂ) တွင် "ကန့်ကွက်သူသည် မိမိစွပ်စွဲလိုသောတရားမဲ့ပြုကျင့်မှုနှင့်ပတ်သက်သည့် အချက်အလက်များ၊ တရားမဲ့ပြုကျင့်မှု ကျူးလွန်သူများ၏ အမည်များ၊ တရားမဲ့ပြုကျင့်မှုအသီးသီးကိုကျူးလွန်သော နေ့ရက်နှင့် နေရာများကို ဖော်ပြသော စာရင်းတစ်စောင်ကို ကန့်ကွက်လွှာနှင့်အတူ ပူးတွဲတင်သွင်းရမည်။" ဟု ပြဋ္ဌာန်းထားသည်။

ယင်းပြဋ္ဌာန်းချက်အရ ဒေါ်နန်းထွေးမွှုံက ကန့်ကွက်လွှာနှင့်အတူ **တရားမဲ့ပြုကျင့်မှုနှင့်ပတ်သက်သည့် အချက်အလက်များစာရင်း** ကို ဖော်ပြထားရာ၌ အစဉ် ၇ တွင် စဥ့်ကိုင်မြို့နယ်အတွင်း စည်းရုံးရေးဆင်းသည့် ကိစ္စနှင့်စပ်လျဉ်း၍လည်းကောင်း၊ အစဉ် ၉၊ အစဉ် ၁၀၊ အစဉ် ၁၁ နှင့် အစဉ် ၁၂ တို့တွင် ချမ်းမြသာစည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်များအတွင်း စည်းရုံးရေးဆင်းသည့် ကိစ္စနှင့်စပ်လျဉ်း၍လည်းကောင်း ကျူးလွန်သည့်နေ့ရက်နှင့်တကွ ဖော်ပြထားသည်ကို တွေ့ရသော်လည်း မိုးကုတ်မြို့နယ်၊ မတ္တရာမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်အတွင်း စည်းရုံးရေးဆင်းသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဖော်ပြထားခြင်းမရှိကြောင်း တွေ့ရသည်။ သို့ရာတွင် အစဉ် ၈ ၌ (ကျူးလွန်သည့်နေ့ရက်) ၂၆. ၁၁. ၂၀၁၈ (ကျူးလွန်သည့်နေရာ) မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ (ကျူးလွန်သည့်အကျဉ်းချုပ်) ရွေးကောက်ပွဲကုန်ကျစရိတ်ကို ထိမ်ချန်ပြီး မမှန်မကန်တင်ပြခြင်းဟု ယေဘုယျဖော်ပြထားသည်ကို တွေ့ရသည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၆၊ နည်း - ၄ တွင် "အလွဲပြောဆိုခြင်း၊ လိမ်လည်ခြင်း၊ ယုံကြည်အပ်နှံမှု ဖောက်ဖျက်ခြင်း၊ တမင်ပျက်ကွက်ခြင်း သို့မဟုတ် မလျော်သြဇာသုံးခြင်း တစ်ရပ်ရပ်ကို အားကိုးအားထားပြု စွဲဆိုသော အမှုများအားလုံးတွင် အထက်တွင်ဆိုခဲ့သောပုံစံများ၌ ဖော်ပြထားသည်ထက် ပိုမိုကျယ်ဝန်းသော အချက်အလက်များလိုအပ်သည့် အခြားအမှုများအားလုံးတွင် အချက်အလက်များကို အဆို၊ အချေတွင် ပြည့်ပြည့်စုံစုံ ဖော်ပြရမည်။ လိုအပ်လျှင် ရက်စွဲနှင့် အသေးစိတ်အချက်များကိုပါ ဖော်ပြရမည်။" ဟု ပြဋ္ဌာန်းထားရာ ယင်းပြဋ္ဌာန်းချက်အရလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၈၈ (ဂ) အရလည်းကောင်း ဒေါ်နန်းထွေးမွှုံအနေဖြင့် ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်က မိုးကုတ်မြို့နယ်အတွင်း ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးနှင့်စပ်လျဉ်း၍ တရားမဲ့ပြုကျင့်မှုများကို ဖော်ပြစွပ်စွဲလိုပါက တရားမဲ့ပြုကျင့်မှုနှင့်ပတ်သက်သည့် အချက်အလက်များစာရင်းတွင် ယေဘုယျဖော်ပြခြင်းထက် အစဉ် ၉၊ အစဉ် ၁၀၊ အစဉ် ၁၁၊ အစဉ် ၁၂ တို့၌ ဖော်ပြထားသည့်နည်းတူ အသေးစိတ်ဖော်ပြသင့်ပေသည်။

အမ် စီ တီ ချီဒမ်ဘာရမ် ချစ်တီးရားနှင့် ဗွီအယ်အက်စ် ချန်ကလင် ဂမ် ချစ်တီးရား၊ ၁၉၅၅၊ မတစ၊ စာ ၁၁၆ (တရားလွှတ်တော်) စီရင်ထုံးတွင်လည်း "လိမ်လည်လှည့်ဖြားခြင်းကို စွပ်စွဲလာလျှင် တိကျသောအသေးစိတ် အချက်အလက်များ ဖော်ပြရမည်။ ယေဘုယျ စွပ်စွဲချက်များ တင်ပြရုံဖြင့် မလုံလောက်ဟု" ထုံးဖွဲ့ထားသည်။

တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်၏ ဥပဒေသဘောမှာ အချို့ကိစ္စများတွင် စွပ်စွဲချက်များကို အသေးစိတ်ဖော်ပြပေးခြင်းဖြင့် တစ်ဖက်အမှုသည်အား မိမိထုချေ ချေဖျက်ရမည့်အမှုကိုသိစေပြီး အမှုစစ်ဆေးသည့်အခါ အငိုက်ဖမ်းခံရခြင်းကိုတားဆီးရန် ဖြစ်သည်။

ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်၏ မိုးကုတ်မြို့နယ်အတွင်း ခရီးစဉ်နှင့်စပ်လျဉ်း၍ မူလရုံးလျှောက်ထားသူက သက်သေတစ်ဦးတင်ပြပြီး ၎င်း၏ထွက်ဆိုချက်နှင့် ၎င်းသက်သေခံတင်သွင်းသည့် စာရွက်စာတမ်းများအရ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် အဖွဲ့နှင့် ဗဟိုအောင်နိုင်ရေးအဖွဲ့တို့သည် မိုးကုတ်မြို့နယ်အတွင်း ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများ ပြုလုပ်နိုင်ရန် ဟောပြောမည့်ပုဂ္ဂိုလ်အမည်၊ ဟောပြောမည့် နေ့ရက်နှင့် ဟောပြောမည့်နေရာတို့ကို ဖော်ပြ၍ မိုးကုတ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြခဲ့ကြောင်း ပေါ်ပေါက်သော်လည်း ယင်းရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြသည့်စာရင်းပါ လူစာရင်းအတိုင်း လာရောက်ဟောပြောခြင်း ရှိ မရှိ၊ ယင်းပုဂ္ဂိုလ်များအနက် မိုးကုတ်မြို့မှ မဟုတ်သည့် ပုဂ္ဂိုလ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်က ကုန်ကျစရိတ်ကျခံရခြင်း ရှိသော်လည်း ယင်းကုန်ကျစရိတ်ကို ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတွင် ထည့်သွင်းခြင်းမပြုကြောင်းနှင့် စပ်လျဉ်း၍ လူဦးရေမည်မျှကို မည်သည့်အတွက်သုံးစွဲ၍ မည်မျှကုန်ကြောင်းကို ဒေါ်နန်းထွေးမွှုံက ထင်ရှားစွာ သက်သေပြနိုင်ခြင်းမရှိကြောင်း တွေ့ရှိရသည်။

ဒေါ်နန်းထွေးမှုံအား ပြန်လှန်စစ်မေးစဉ် ထွက်ဆိုရာ၌ "ဦးစိုင်းပန်းဆိုင်သည် ရွေးကောက်ပွဲစည်းရုံးရေးကာလ၌ မော်တော်ယာဉ်များ လူအင်အား (၃၀) ခန့်ဖြင့် သွားရောက်စည်းရုံးရေးဆင်းခဲ့သည်ဟု ကျွန်မထွက်ဆိုခဲ့ရာ ထိုအင်အား (၃၀) မှာ မည်သူ မည်ဝါဖြစ်သည်၊ မည်သို့ တာဝန်ရှိသည်၊ မည်သည့်အဖွဲ့အစည်းက ဖြစ်သည်ဆိုခြင်းတို့ကို ကျွန်မသိသလားဆိုလျှင် ကျွန်မ မသိပါ။ ဦးစိုင်းပန်းဆိုင်အနေဖြင့် ရှမ်းတိုင်းရင်းသား သာရေး နာရေး အသင်း ဥက္ကဋ္ဌ ဦးစိုင်းဆိုင်မိုင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ် ဦးစိုင်းထွန်းလှိုင်း (ထိုအသင်း၏ အတွင်းရေးမှူး) နှင့် ဦးဝင်းမော် (၁၈ ဖွဲ့ ကိုယ်စားပြု) ပေါင်း (၄) ဦးသာလျှင် ရွေးကောက်ပွဲကာလတစ်လျှောက်၌ ကားတစ်စီးဖြင့် လိုက်ပါပြီး ကျန်လူများမှာ သက်ဆိုင်ရာ NLD ပါတီမှ တာဝန်ရှိသူများနှင့် ပါတီဝင်များသာဖြစ်သည်ဆိုလျှင် မှန်ပါသည်" ဟု ထွက်ဆိုထားကြောင်း တွေ့ရသည်။

သက်သေခံဥပဒေပုဒ်မ ၁၀၁ တွင် "မည်သူမဆို မိမိအဆိုပြုသော အကြောင်းခြင်းရာ တည်ရှိခြင်းအပေါ် အမှီပြုပြီး တရားဝင်အခွင့်အရေး သို့မဟုတ် တာဝန်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တရားရုံးက စီရင်ဆုံးဖြတ်ပေးစေလိုလျှင် ထိုသူသည် အကြောင်းခြင်းရာများကိုတည်ရှိကြောင်း သက်သေထင်ရှားပြရမည်။" ဟုလည်းကောင်း၊ ပုဒ်မ ၁၀၂ တွင် "တရားမမှုတစ်ခု သို့မဟုတ် အမှုအခင်းတစ်ခုတွင် အမှုသည်နှစ်ဦးနှစ်ဖက်အနက် မည်သည့်ဘက်ကမှ သက်သေထင်ရှားတင်ပြခြင်းမရှိပါက သက်သေထင်ရှားပြရမည့်တာဝန်သည် တရားရှုံးမည့် အမှုသည်အပေါ်တွင် ကျရောက်သည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရ မိုးကုတ်မြို့နယ်အတွင်း စည်းရုံးရေးဆင်းစဉ်က ပါဝင်သူများ၏ ကုန်ကျစရိတ်ကို ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်က ကျခံခဲ့ရကြောင်း သက်သေထင်ရှား ပြသနိုင်ခြင်းမရှိဘဲ ယင်းကုန်ကျစရိတ်ကို ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတွင် ထည့်သွင်းဖော်ပြခြင်း မပြုကြောင်းကိုသာ အဆိုပြုတင်ပြထားသည်။ ကုန်ကျစရိတ် အမှန်တကယ်ရှိခဲ့ကြောင်း ထင်ရှားရန် သက်သေပြရန်တာဝန်သည် ဒေါ်နန်းထွေးမှုံ၏အပေါ်တွင် ကျရောက်သော်လည်း ယင်းအချက်ကို ဒေါ်နန်းထွေးမှုံအနေဖြင့် ထင်ရှားအောင်ပြသနိုင်ခြင်းမရှိဟု သုံးသပ်ရမည်ဖြစ်သည်။ ထို့ပြင် ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် တင်ပြထားသည့် သက်သေခံ (၁) ကုန်ကျစရိတ်ငွေစာရင်း အပိုင်း (က) ဘောက်ချာနံပါတ် (၁၆၉) တွင် မိုးကုတ်ခရီးစဉ် စားစရိတ် (၁၂. ၁၀. ၂၀၁၈ မှ ၁၇. ၁၀. ၂၀၁၈ ရက်နေ့အထိ) ၉၆၀၀၀ ကျပ်၊ အပိုင်း (ည) ဘောက်ချာနံပါတ် (၂၆၊ ၄၂၊ ၅၃၊ ၅၄) တို့တွင် ကားဆီဖိုးအဖြစ် စုစုပေါင်း **၅၄၉၄၄** ကျပ် ဖော်ပြထားကြောင်းလည်း တွေ့ရှိရသည်။

သို့ဖြစ်၍ မူလခုံရုံး၏ "ဒေါ်နန်းထွေးမှုံအနေဖြင့် မိုးကုတ်မြို့ မဲဆွယ်စည်းရုံးရေး ခရီးစဉ်သွားရောက်ရာတွင် အသုံးပြုသည့်ယာဉ်၏ ကားခတ်ဆီဖိုးနှင့် ဝန်းရံသူများကို ကျွေးမွေးသည့် ကုန်ကျစရိတ်ကို ကန့်ကွက်လွှာ တင်သွင်းသည့်အချိန်က ထည့်သွင်းဖော်ပြမထားသည်ကို တွေ့ရှိရပြီး အဆိုပါအချက်များနှင့်စပ်လျဉ်း၍ လျှောက်ထားခံရသူနှင့် လျှောက်ထားခံရသူပြသက်သေများအား စစ်ဆေးသည့်အခါတွင်လည်း သက်သေထင်ရှား ပေါ်ပေါက်အောင် မေးမြန်းထားခြင်းမရှိသည်ကို သုံးသပ်တွေ့ရှိရသဖြင့် အဆိုပါအချက်အား ထည့်သွင်းသုံးသပ်ရန်မလိုပေ" ဆိုသည့် သုံးသပ်ချက်မှာ မှားယွင်းခြင်းမရှိဟု ဤစုံညီခုံရုံးက သုံးသပ်သည်။

လျှောက်ထားသူအကြောင်းပြတင်ပြသော မတ္တရာ၊ ပုသိမ်ကြီး၊ ပြည်ကြီးတံခွန်၊ စဉ့်ကိုင်နှင့် ပြင်ဦးလွင်မြို့နယ်တို့တွင် မဲဆွယ်စည်းရုံးရေးဆင်းသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စိစစ်သည့်အခါ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် က မတ္တရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြ၍ ၆. ၁၀. ၂၀၁၈ ရက်နေ့တွင် စည်းရုံးရေးဆင်းခဲ့ကြောင်း၊ ဦးစိုင်းပန်းဆိုင်ကိုယ်စား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပုသိမ်ကြီးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြ၍ ၂၅. ၉. ၂၀၁၈ ရက်နေ့တွင်လည်းကောင်း၊ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် က ပြည်ကြီးတံခွန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြ၍ ၃၀. ၉. ၂၀၁၈ ရက်နေ့တွင်လည်းကောင်း စည်းရုံးရေးဆင်းခဲ့ကြောင်း၊ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် က စဉ့်ကိုင်မြို့နယ်အတွင်း ၂၇. ၁၀. ၂၀၁၈ ရက်နေ့မှ ၁. ၁၁. ၂၀၁၈ ရက်နေ့အထိ စည်းရုံးရေးဆင်းရန် စဉ့်ကိုင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြခဲ့သော်လည်း စည်းရုံးရေးဆင်းမည့် ပုဂ္ဂိုလ်များ၏ စာရင်းတွင် ဦးစိုင်းပန်းဆိုင်၏အမည် ပါဝင်ခြင်းမရှိကြောင်း၊ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်သည် ၇. ၉. ၂၀၁၈ ရက်နေ့မှ ၃၀. ၉. ၂၀၁၈ ရက်နေ့အထိနှင့် ၂. ၁၀. ၂၀၁၈ ရက်နေ့မှ ၁. ၁၁. ၂၀၁၈ ရက်နေ့အထိ ပြင်ဦးလွင်မြို့နယ်အတွင်း စည်းရုံးရေးဆင်းရန် ပြင်ဦးလွင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြခဲ့ကြောင်း၊ ၁. ၁၀. ၂၀၁၈ ရက်နေ့တွင် ပြင်ဦးလွင်မြို့နယ်အတွင်း စည်းရုံးရေးဆင်းရန် ပြင်ဦးလွင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြခဲ့သော်လည်း ဟောပြောမည့် ပုဂ္ဂိုလ်စာရင်းတွင် ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် မပါကြောင်းတွေ့ရှိရသည်။

မူလခုံရုံး၌ ဒေါ်နန်းထွေးမှုံ၏ အဆိုလွှာနှင့်အတူ ပူးတွဲတင်ပြသည့် တရားမဲ့ပြုကျင့်မှုနှင့် ပတ်သက်သည့် စာရင်းတွင် မိုးကုတ်မြို့နယ်၊ ပြင်ဦးလွင်မြို့နယ်နှင့် မတ္တရာမြို့နယ်အတွင်း စည်းရုံးရေးဆင်းသည့် ကိစ္စနှင့် စပ်လျဉ်း၍ ဖော်ပြထားခြင်းမရှိဘဲ ယင်းစာရင်း အစဉ် ၈ ၌သာ (ကျူးလွန်သည့် နေ့ရက်) ၂၆. ၁၁. ၂၀၁၈၊ (ကျူးလွန်သည့်နေရာ) မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ (ကျူးလွန်သည့်အကျဉ်းချုပ်) ရွေးကောက်ပွဲကုန်ကျစရိတ်ကို ထိမ်ချန်ပြီး မမှန်မကန်တင်ပြခြင်းဟု ယေဘုယျဖော်ပြထားသည်ကို တွေ့ရသည်။

ဤနေရာတွင်လည်း ဒေါ်နန်းထွေးမှုံအနေဖြင့် ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်၏ ပြင်ဦးလွင်မြို့နယ်နှင့် မတ္တရာမြို့နယ်အတွင်း မဲဆွယ်စည်းရုံးခြင်းနှင့်စပ်လျဉ်း၍ တရားမဲ့ပြုကျင့်မှုများ ဖော်ပြ စွပ်စွဲလိုပါက တရားမဲ့ပြုကျင့်မှုနှင့်ပတ်သက်သည့် အချက်အလက်များစာရင်းတွင် ယေဘုယျဖော်ပြခြင်းထက် အသေးစိတ်ဖော်ပြရန်လိုအပ်သည်။ သို့မှသာ ချေပသည့်ဘက်မှ ပြည့်စုံစွာချေပနိုင်၍ ခုံရုံးအနေဖြင့်လည်း အဆို အချေများအပေါ် အထောက်အထားပြု၍ ပြည့်စုံစွာသုံးသပ်နိုင်မည်ဖြစ်သည်။

ပုသိမ်ကြီးမြို့နယ်တွင် စည်းရုံးရေးဆင်းရန်နှင့်စပ်လျဉ်း၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးစိုင်းပန်းဆိုင် ကိုယ်စား ပုသိမ်ကြီးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့တင်ပြ၍ ၂၅. ၉. ၂၀၁၈ ရက်နေ့တွင် စည်းရုံးရေး ဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ ဦးစိုင်းပန်းဆိုင် တင်ပြသည့် သက်သေခံ (၁) အပိုင်း (ဂ) ဘောက်ချာနံပါတ် (၁၁၀) တွင် ၂၅. ၉. ၂၀၁၈ ရက်စွဲဖြင့် လူငယ်အဖွဲ့ နံနက်စာစားစရိတ် **၁၅၀၀၀** ကျပ်ဟု ဖော်ပြထားကြောင်း၊ ပြည်ကြီးတံခွန် မြို့နယ်အတွင်း စည်းရုံးရေးဆင်းသည့် ကိစ္စနှင့်စပ်လျဉ်း၍ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် တင်ပြသည့် သက်သေခံ (၁)၊ အပိုင်း (ဂ)၊ ဘောက်ချာနံပါတ် (၁၁၆) တွင် ၃၀. ၉. ၂၀၁၈ ရက်စွဲဖြင့် လူငယ်စားစရိတ် **၁၀၀၀၀** ကျပ်ဟု ဖော်ပြထားကြောင်းတွေ့ရှိရသဖြင့် လျှောက်ထားသူစွပ်စွဲသကဲ့သို့ ယင်းခရီးစဉ်နှင့်စပ်လျဉ်း၍ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်အနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတွင် ကုန်ကျစရိတ်လုံးဝမဖော်ပြခဲ့ခြင်း မဟုတ်ကြောင်း တွေ့ရှိရသည်။

ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် က စဉ့်ကိုင်မြို့နယ်အတွင်း ၂၇. ၁၀. ၂၀၁၈ ရက်နေ့မှ ၁. ၁၁. ၂၀၁၈ ရက်နေ့အထိ စည်းရုံးရေးဆင်းရန် စဉ့်ကိုင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြခဲ့သော်လည်း စည်းရုံးရေးဆင်းမည့် ပုဂ္ဂိုလ်များ၏စာရင်းတွင် ၎င်း၏အမည် ပါဝင်ခြင်းမရှိကြောင်းတွေ့ရှိရသည်။

သို့ဖြစ်၍ မတ္တရာ၊ ပုသိမ်ကြီး၊ ပြည်ကြီးတံခွန်၊ စဉ့်ကိုင်နှင့် ပြင်ဦးလွင်မြို့နယ်တို့တွင် စည်းရုံးရေးဆင်းသည့် ကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲခုံအဖွဲ့ (၂) က ထည့်သွင်းသုံးသပ်မထားခြင်းသည် မှားယွင်းမှုမရှိဟု ဤစုံညီခုံရုံးက သုံးသပ်သည်။

သက်သေခံ (ဏ မှ ဏ - ၃၅)၊ (တ မှ တ - ၃၅)၊ (ထ)၊ (ဒ)၊ (ဓ)၊ (န) နှင့် (ပ) တို့အရ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်သည် မိုးကုတ်မြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ မတ္တရာမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်များတွင် မဲဆွယ်စည်းရုံးရေးဆင်းရာတွင် ပါဝင်ဟောပြောမည့် ပုဂ္ဂိုလ်များကို အမည်စာရင်းနှင့်တကွ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ တင်ပြခဲ့ကြောင်းတွေ့ရှိရသည်။ ယင်းပါဝင်သည့် ပုဂ္ဂိုလ်များအားလုံးအတွက် ကုန်ကျစရိတ်ကို ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် တင်ပြသည့် ရွေးကောက်ပွဲကုန်ကျစရိတ် ပုံစံ (၂၀) တွင်ဖော်ပြထားခြင်းမရှိသဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်ကို ထိမ်ချန်၍ မမှန်မကန် ရေးသွင်းခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကုန်ကျစရိတ်ကို မမှန်မကန်တင်သွင်းခြင်းသည် တရားမဲ့ပြုကျင့်မှုဖြစ်ကြောင်း ဒေါ်နန်းထွေးမှုံက စွပ်စွဲခြင်းဖြစ်သည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် နည်းဥပဒေ ၇၃ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

"၇၃။ ရွေးကောက်ပွဲ ကိုယ်စားလှယ်သည် ငွေစာရင်းစာအုပ်များကို စနစ်တကျထားပြီး အောက်ပါတို့ကို မှန်ကန်စွာရေးသွင်းရမည် -

(က) ရွေးကောက်ပွဲအတွက်ကုန်ကျစရိတ်၊

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်း၏ ရွေးကောက်ပွဲကုန်ကျစရိတ်အတွက် မိမိကိုယ်ပိုင်ငွေဖြင့် သော်လည်းကောင်း၊ ပြည်တွင်းရှိ နိုင်ငံသားတစ်ဦးချင်းစီကဖြစ်စေ၊ ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီ အစုအဖွဲ့များကဖြစ်စေ တရားဝင်ရရှိထားသော ငွေကြေးများထဲမှ ထည့်ဝင်လှူဒါန်းသော ငွေဖြင့်သော်လည်းကောင်း၊ သက်ဆိုင်ရာ ပါတီအဖွဲ့အစည်းက ထောက်ပံ့သည့် ငွေဖြင့်သော် လည်းကောင်း ကျခံပြီးသည့် ကုန်ကျစရိတ်များ၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်က ပေးရန်ကျန်ရှိသေးသည့် အသုံးစရိတ်ငွေများ။"

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၂၁ တွင်လည်း "ပါတီတစ်ခုသည် အထွေထွေရွေးကောက်ပွဲ၌ဖြစ်စေ၊ ကြားဖြတ်ရွေးကောက်ပွဲ၌ဖြစ်စေ မိမိပါတီကို ကိုယ်စားပြု၍ ရွေးကောက်ခံသော ကိုယ်စားလှယ်လောင်း တစ်ဦးစီအတွက် ရွေးကောက်ပွဲအသုံးစရိတ် ငွေ ကျပ် သိန်းတစ်ရာ အထိ သုံးစွဲနိုင်သည်" ဟုလည်း ပြဋ္ဌာန်းထားသည်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၇၇ အရ တင်သွင်းသည့် ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းပုံစံ (၂၀)၊ အပိုဒ် ၁ "ရငွေ" ၏ အဓိပ္ပာယ်ဖော်ပြချက်တွင် ပါတီမှရရှိသောငွေများလည်း ပါဝင်ကြောင်း တွေ့ရသည်။ ယင်းပြဋ္ဌာန်းချက်များအရ သက်သေခံ (၁) အဖြစ် တင်ပြထားသည့် ဦးစိုင်းပန်းဆိုင်၏ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းပုံစံ (၂၀) ပါ ရငွေ ခေါင်းစဉ်အောက်တွင် NLD ဗဟိုအောင်နိုင်ရေးရန်ကုန်မှ ရငွေ ဆယ်သိန်း၊ NLD မန္တလေးတိုင်းဒေသကြီးမှ ငါးသိန်း ဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။

သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလအတွင်း မဲဆွယ်စည်းရုံးရာတွင် ကိုယ်စားလှယ်လောင်းနှင့်အတူ လိုက်ပါ၍ စည်းရုံးဟောပြောသူများ၊ ကိုယ်စားလှယ်လောင်း သို့မဟုတ် ပါတီကိုထောက်ခံ၍ လိုက်ပါအားပေးသူများ ရှိနိုင်ပါသည်။ ပြည်သူအများနှစ်သက်လက်ခံအားပေးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ပါတီဖြစ်ပါက အားပေးထောက်ခံလိုက်ပါသူများ ထောင်နှင့် သောင်းနှင့် ရှိနိုင်သဖြင့် ကိုယ်စားလှယ်လောင်းနှင့်အတူ လိုက်ပါသူများအားလုံးနှင့် ထောက်ခံလိုက်ပါသူများအားလုံးအတွက် ကုန်ကျစရိတ်များကို ထည့်သွင်းတွက်ချက်၍ ရွေးကောက်ပွဲကုန်ကျစရိတ်တွင် ထည့်သွင်းဖော်ပြရမည်ဆိုပါက လျော်ကန်သင့်မြတ်မှုရှိမည်မဟုတ်ပေ။ လိုက်ပါသူအားလုံး၏ ကုန်ကျစရိတ်ကို ပေးချေနိုင်ရန်လိုက်လံမေးမြန်း၍ တွက်ချက်ထည့်သွင်းရန်လည်း ဖြစ်နိုင်မည်မဟုတ်ပေ။ လွှတ်တော်ကိုယ်စားလှယ်လောင်းအနေဖြင့် ရွေးကောက်ပွဲစည်းရုံးရေးခရီးစဉ်အတွင်း ၎င်းနှင့် ၎င်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့ကိုယ်တိုင် ကုန်ကျသည့် စရိတ်များကိုသာ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း မှန်ကန်စွာစနစ်တကျထည့်သွင်းဖော်ပြရန် ဖြစ်ပေသည်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေ ၇၅ အရ ယင်းနည်းဥပဒေပြဋ္ဌာန်းချက်ပါ ပုဂ္ဂိုလ်များမှတစ်ပါး အခြားသူများကို လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်က အခကြေးငွေဖြင့် ခန့်ထားခွင့်မရှိပေ။ အကယ်၍ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအနေဖြင့် ရွေးကောက်ပွဲခရီးစဉ်အတွင်း လိုက်ပါသူများအားလုံးကို ကုန်ကျစရိတ်ကျခံ၍ လိုက်ပါဆောင်ရွက်စေမည်ဆိုပါက ယင်းနည်းဥပဒေပြဋ္ဌာန်းချက်နှင့် ငြိစွန်းကြောင်း စွပ်စွဲချက်များ ရှိလာနိုင်သည့်အချက်ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ထို့ပြင် ၎င်းတို့အဆိုရှိသော ဝန်းရံသူ ဆိုသူများအား အကယ်၍သာ အစားအသောက်ကျွေးမွေးမည်၊ ငွေကြေးပစ္စည်းတစ်စုံတစ်ရာပေးမည်ဟု ပြောဆိုကာ မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရာသို့ ခေါ်ဆောင်ပါက လာဘ်ပေးလာဘ်ယူမှုဖြစ်နိုင်ကြောင်းလည်း သတိပြုသင့်ပေသည်။

သို့ဖြစ်၍ ရွေးကောက်ပွဲခုံအဖွဲ့ (၂) က "လျှောက်ထားခံရသူအနေဖြင့် ဝန်းရံသူများအတွက် အသုံးစရိတ်မရှိ၍ ကုန်ကျခြင်းမရှိကြောင်း ထုချေချက်ကို မှန်သည်ဟု ယူဆသည်" ဟု ဆုံးဖြတ်ခြင်းမှာ မှားယွင်းခြင်းမရှိဟု သုံးသပ်ရရှိသည်။ ဤစုံညီခုံရုံးက ယင်းသို့ သုံးသပ်ခြင်းသည် ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် ကိုယ်စားပြုပါတီ၏ မူဝါဒကို အလေးထားလက်ခံအခြေပြု၍ သုံးသပ်ခြင်းမဟုတ်ပေ၊ အမှုတွဲပေါ်ပေါက်ချက်များအရ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်နှင့် သက်သေခံစာရွက်စာတမ်းများအပေါ်တွင် အထောက်အထားပြု၍ သုံးသပ်ခြင်းဖြစ်ကြောင်း ဖော်ပြလိုပေသည်။

ရွေးကောက်ပွဲကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၇၅ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

"၇၅။ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်သည် မိမိ၏ ရွေးကောက်ပွဲလုပ်ငန်းများကိုကူညီရန် အခကြေးငွေဖြင့် အောက်ပါပုဂ္ဂိုလ်များမှတစ်ပါး မည်သူ့ကိုမျှ မခန့်ထားရ -

(က) ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး၊

(ခ) မဲရုံအသီးအသီးအတွက် မဲရုံကိုယ်စားလှယ်တစ်ဦးစီ၊ အကူကိုယ်စားလှယ်တစ်ဦးစီ၊ စာရေးတစ်ဦးစီ၊ မဲဆော်ဩသူတစ်ဦးစီ၊ ရုံးအကူတစ်ဦးစီအပြင် မဲရုံတစ်ရုံ၌ မဲစာရင်းရှိ မဲဆန္ဒရှင်ဦးရေ ၃၀၀ ထက်ပိုလျှင် နောက်ထပ် စာရေးတစ်ဦး၊ မဲဆော်ဩသူတစ်ဦးနှင့် ရုံးအကူတစ်ဦး။"

ယင်းပြဋ္ဌာန်းချက်အရ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည် ရွေးကောက်ပွဲတွင် မိမိ၏ ရွေးကောက်ပွဲလုပ်ငန်းများကို ကူညီရန် နည်းဥပဒေခွဲ (က) နှင့် (ခ) ပါ ပုဂ္ဂိုလ်များမှ တစ်ပါး အခြားသူများကို အခကြေးငွေဖြင့် ခန့်ထားခြင်းမပြုရပေ။ ရည်ရွယ်ချက်မှာ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးသည် ရွေးကောက်ပွဲလုပ်ငန်းများတွင် ငွေကြေးအင်အားကို အသုံးပြု၍ အခြားသူများကို အသုံးချခြင်းမပြုနိုင်ရန် ဖြစ်ပါသည်။ ယင်းပြဋ္ဌာန်းချက်အရ နည်းဥပဒေခွဲ (က) နှင့် (ခ) ပါ ပုဂ္ဂိုလ်များကို ခန့်ထားပါက အခကြေးငွေ

မဖြစ်မနေပေးရမည့်သဘော မသက်ရောက်ပါ။ လွှတ်တော်ကိုယ်စားလှယ်လောင်းအနေဖြင့် မိမိနှင့် မိမိပါတီငွေကြေးတောင့်တင်းမှုအပေါ် အခြေခံ၍ နည်းဥပဒေခွဲ (က) နှင့် (ခ) ပါ ပုဂ္ဂိုလ်များကို ခန့်ထားသည့်အခါ အခကြေးငွေဖြင့် ခန့်ထားနိုင်ကြောင်း ဆိုလိုခြင်းသာဖြစ်ပေသည်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၀ တွင် "လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးသည် ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် မိမိရွေးကောက်တင်မြှောက်ခံမည့် မဲဆန္ဒနယ်အတွင်းရှိ မဲရုံအသီးသီး၌ မိမိကိုယ်စား ဆောင်ရွက်နိုင်ရန်မဲရုံကိုယ်စားလှယ်တစ်ဦးနှင့် အကူကိုယ်စားလှယ်တစ်ဦးစီတို့ကို သတ်မှတ်ထားသည့်အတိုင်း ခန့်ထားနိုင်သည်။" ဟုပြဋ္ဌာန်းထားသည်။ ယင်းဥပဒေပုဒ်မ ၄၀ နှင့် နည်းဥပဒေများ ၇၅ တို့အရ ခန့်ထားသော မဲရုံကိုယ်စားလှယ်နှင့်အကူကိုယ်စားလှယ်တို့အား အခကြေးငွေ ပေးကိုပေးရမည်ဟုဆိုပါက ငွေကြေးမပြည့်စုံသောပါတီများအတွက်အခက်အခဲဖြစ်ပေါ်စေမည့်အပြင် မမျှမတလည်းဖြစ်ပေမည်။ ဥပဒေပြဋ္ဌာန်းချက်၏ ရည်ရွယ်ချက်နှင့်လည်းကိုက်ညီမည်မဟုတ်ပေ။

ဦးစိုင်းပန်းဆိုင်သည် မဲရုံတိုင်းတွင် မဲရုံကိုယ်စားလှယ်ခန့်ထားကြောင်း၊ မဲရုံကိုယ်စားလှယ်ခန့်စာကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲထံ တင်ပြရခြင်းဖြစ်ကြောင်း အငြင်းမပွားသော်လည်း ယင်းသို့ မဲရုံကိုယ်စားလှယ်ခန့်ထား၍ကုန်ကျစရိတ်ရှိကြောင်း၊ ကုန်ကျစရိတ်ကို ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတွင် ဖော်ပြထားခြင်းမရှိသဖြင့်ရွေးကောက်ပွဲကုန်ကျစရိတ်ကို မမှန်မကန်တင်ပြခြင်းဖြစ်ကြောင်း ဒေါ်နန်းထွေးမှုံက စွပ်စွဲ၍ ဦးစိုင်းပန်းဆိုင်ကမဲရုံတိုင်း၌ မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ် ခန့်ထားခြင်းမှာ မှန်ကြောင်း၊ ပါတီ၏ မူဝါဒအရ ပါတီကစီစဉ်ခြင်းဖြစ်ကြောင်း၊ မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်းအနေဖြင့် အကုန်အကျခံရန် မရှိဘဲ မိမိတို့စရိတ်ဖြင့် ကုန်ကျစေရန် NLD ပါတီဝင်များကို ပါတီက မူဝါဒချမှတ်ပေးထားသည့်အတွက် ၎င်းအနေဖြင့် ကုန်ကျစရိတ် တစ်စုံတစ်ရာမရှိဟု ငြင်းဆိုထားသည်ကို တွေ့ရသည်။

ဒေါ်နန်းထွေးမှုံတင်ပြသည့် သက်သေ (၉) ဦးကောင်းထက် က မဲရုံကိုယ်စားလှယ်အချင်းချင်းထိုင်စကားပြောသည့်အချိန်တွင် NLD ပါတီကိုယ်စားလှယ်လောင်း၏ မဲရုံကိုယ်စားလှယ် ဦးအောင်ကြီး က၎င်းတို့လည်း ငါးထောင်စီရကြောင်း၊ နံနက်စာနှင့် နေ့လယ်စာကို ကိုယ်စားလှယ်လောင်းက ကျွေးကြောင်းထွက်ဆိုချက်ရှိသော်လည်း ကိုယ်စားလှယ်လောင်းက မဲရုံကိုယ်စားလှယ်ကို ငွေ ငါးထောင်ကျပ် ပေးကြောင်း၊နံနက်စာနှင့် နေ့လယ်စာကို ကိုယ်စားလှယ်လောင်းက ကျွေးကြောင်းမှာ ၎င်း (ဦးကောင်းထက်) ကိုယ်တိုင်တွေ့မြင်သိရှိသည့် တိုက်ရိုက်သက်သေခံချက် မဟုတ်ဘဲ ဦးအောင်ကြီး၏ ပြောပြချက်အရ ကြားသိခြင်းဖြစ်ရာယင်းအချက်မှာ တစ်ဆင့်ကြားသက်သေခံချက်သာဖြစ်ပြီး ယင်းအချက်ကို ထောက်ခံသည့် အခြားသက်သေခံချက်တစ်စုံတစ်ရာ ပေါ်ပေါက်ချက်မရှိသည့်အပြင် ဦးအောင်ကြီး ကို စစ်ဆေးထားခြင်းမရှိသည့်အခြေအနေတွင်ဦးစိုင်းပန်းဆိုင် အနေဖြင့် မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်များကို အခကြေးငွေပေး၍ ခန့်ထားခြင်းဖြစ်ကြောင်း ကောက်ယူရန်ဖြစ်နိုင်မည် မဟုတ်ပေ။

သို့ဖြစ်၍ ယင်းအချက်နှင့်စပ်လျဉ်းပြီး ရွေးကောက်ပွဲခုံအခွဲ့ (၂) ၏ "နည်းဥပဒေ ၇၅ ၌လည်း ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်သည် မိမိ၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကိုကူညီရန် အခကြေးငွေဖြင့် အောက်ပါပုဂ္ဂိုလ်များမှတစ်ပါး မည်သူ့ကိုမျှမခန့်ထားရဟုပြဋ္ဌာန်းထားသည့်အတွက် **ကူညီရန် ဆိုသည့်အတွက် ရွေးကောက်ပွဲလုပ်ငန်းများလုပ်ဆောင်ရာတွင် ကူညီလုပ်ဆောင်ရန်အတွက်ခန့်ထားခြင်းသာဖြစ်ပြီး အခကြေးငွေပေးရမည်** ဟူ၍ ပြဋ္ဌာန်းမထားသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းကပေးချေရခြင်းမရှိ၊ အမှန်တကယ် ကုန်ကျခဲ့ခြင်းမရှိ၍ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတွင် မတင်ပြခြင်းဖြစ်သည်ဟုသုံးသပ်ရမည်" ဆိုသည့် သုံးသပ်ချက်မှာ မှားယွင်းသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ရွေးကောက်ပွဲကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်နည်းဥပဒေ ၇၃ မှ ၈၆ အထိ ပြဋ္ဌာန်းထားသည်။ ယင်း ပြဋ္ဌာန်းချက်များနှင့် နည်းဥပဒေ ၇၇ အရ တင်ပြရမည့်ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း ပုံစံ (၂၀) တို့တွင် အသုံးစရိတ်ပြေစာများ၌ တံဆိပ်ခေါင်းကပ်ခြင်းနှင့်စပ်လျဉ်းသည့်ပြဋ္ဌာန်းချက် တစ်စုံတစ်ရာမပါရှိကြောင်း တွေ့ရှိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ၃. ၁၀. ၂၀၁၈ ရက်စွဲပါ စာအမှတ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းများကို စိစစ်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ညွှန်ကြားစာနှင့်အတူ ပူးတွဲပေးပို့သည့် **ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို စိစစ်သည့်ပုံစံ** အပိုဒ် ၁၊ အပိုဒ်ခွဲ (ဈ)၊ အပိုဒ်ခွဲငယ် (၁) တွင် "အသုံးစရိတ်ပြေစာမူရင်း ဟုတ်မဟုတ် . . . . " ဟုလည်းကောင်း၊ အပိုဒ်ခွဲငယ် (၂) တွင် "အသုံးစရိတ်ပြေစာမူရင်းတွင် တံဆိပ်ခေါင်းကပ်ထားခြင်းရှိ မရှိ . . . . " ဟုလည်းကောင်း ဖော်ပြထားသည်။ ယင်း ညွှန်ကြားစာသည် ဌာနတွင်း ညွှန်ကြားသည့်စာဖြစ်ပြီးသက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေအရ ကျပ် ငါးထောင်ထက်ပိုသည့် အသုံးစရိတ်ပြေစာ (ငွေရပြေစာ) အတွက် ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန် (၅ ကျပ်) ထမ်းဆောင်ရခြင်းဖြစ်သည်။ ထို့ပြင် အချို့ငွေရပြေစာများတွင် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ ထိုက်သင့်သည့် အခွန်ထမ်းဆောင်ရခြင်းများလည်းရှိသည်။ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းပါ ငွေရပြေစာများတွင် ဖော်ပြပါ ဥပဒေများအရ ထိုက်သင့်သည့် တံဆိပ်ခေါင်းများ ကပ်ထားခြင်း ရှိ မရှိ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စိစစ်နိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးက ညွှန်ကြားခြင်းဖြစ်သည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၉ တွင် "မည်သည့် စာချုပ်စာတမ်းကိုမျှ သတ်မှတ်သည့်အတိုင်း တံဆိပ်ခေါင်း ပြည့်စုံစွာကပ်ထားခြင်းမရှိသော အကြောင်းကြောင့် သော်လည်းကောင်း၊ မှတ်ပုံတင်ခြင်းမပြုသော အကြောင်းကြောင့်သော်လည်းကောင်း သက်သေခံအဖြစ်လက်မခံဘဲ မနေရ" ဟု ပြဋ္ဌာန်းထားသည်။ ယင်း ပြဋ္ဌာန်းချက်အရ ခုံရုံးသို့ တင်ပြသည့် ပြေစာများတွင် တံဆိပ်ခေါင်းပြည့်စုံစွာ ကပ်ထားခြင်းမရှိစေကာမူ ခုံရုံးအနေဖြင့် သက်သေခံအဖြစ် လက်ခံရမည်ဖြစ်ပေသည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပါ တရားမဲ့ပြုကျင့်မှုများတွင် ရွေးကောက်ပွဲကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

"၆၆။ အောက်ပါတို့သည် တရားမဲ့ပြုကျင့်မှုများဖြစ်သည် -

(က) × × × × × × ×

(ခ) × × × × × × ×

(ဂ) လွှတ်တော်ကိုယ်စားလှယ်ကသော်လည်းကောင်း၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်က သော်လည်းကောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့် မညီညွတ်သော အသုံးစရိတ်များ ကျခံသုံးစွဲခြင်း သို့မဟုတ် ယင်းသို့ ကျခံသုံးစွဲရန် သဘောတူညီခြင်း၊

(ဃ) ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်ငွေစာရင်းများကို ရွေးကောက်ပွဲကိုယ်စားလှယ်က သတ်မှတ်ထားသည့်အတိုင်း ရေးမှတ်ထားရန် ပျက်ကွက်ခြင်း၊

(င) × × × × × × ×

(စ) မမှန်မကန်ပြုလုပ်ထားသော ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်ငွေစာရင်းကို တင်ပြခြင်း သို့မဟုတ် ထိုကဲ့သို့ ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်ငွေစာရင်းကို မှန်ကန်သည်ဟု ဝန်ခံခြင်း သို့မဟုတ် သတ်မှတ်ထားသည့်အတိုင်း တင်သွင်းရန် ပျက်ကွက်ခြင်း၊"

ယင်းပြဋ္ဌာန်းချက်များအရ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းပါ စာရင်းနှင့် ပူးတွဲတင်ပြသည့် အသုံးစရိတ် ပြေစာ (ငွေရပြေစာ) များတွင် ထိုက်သင့်သည့် တံဆိပ်ခေါင်းများကပ်ရန် ပျက်ကွက်ခြင်းသည် တရားမဲ့ပြုကျင့်မှု ဖြစ်ကြောင်း ကောက်ယူရန်မသင့်ဟု သုံးသပ်သည်။ အယူခံ လျှောက်ထားခံရသူ၏ ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းတွင် မမှန်မကန်ပြုလုပ်ထားသော ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်ငွေစာရင်းကိုတင်ပြခြင်း၊ ထိုငွေစာရင်းကို မှန်ကန်သည်ဟုဝန်ခံခြင်း၊ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းရန်ပျက်ကွက်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်းပေါ်ပေါက်မှ သာလျှင် တရားမဲ့ပြုကျင့်သည်ဟု မှတ်ယူနိုင်မည်ဖြစ်ပေသည်။ အယူခံလျှောက်ထားသူ၏ ကန့်ကွက်လွှာတွင် ယင်းသို့ စွပ်စွဲထားခြင်း မတွေ့ရပေ။ အယူခံလျှောက်ထားသူ ဒေါ်နန်းထွေးမွှံက တင်ပြရာတွင် ဦးစိုင်းပန်းဆိုင် တင်ပြသည့် ပြေစာ ၁၂၇ စောင်တွင် တံဆိပ်ခေါင်းကပ်ထားခြင်းမရှိကြောင်း၊ ယင်းပြေစာ ၁၂၇ စောင်၏ တန်ဖိုးမှာ **၃၄၄၂၂၉၂ ကျပ်** ဖြစ်ကြောင်း ဖော်ပြထားသည်။ ယင်းပြေစာ ၁၂၇ စောင်ကို မြန်မာနိုင်ငံတံဆိပ်ခေါင်းခွန် အက်ဥပဒေအရ ပြေစာတစ်စောင်လျှင် ၅ ကျပ်နှုန်းဖြင့် ထမ်းဆောင်ရမည်ဆိုပါက စုစုပေါင်း ၆၃၅ ကျပ်သာ တာဝန်ရှိမည်ဖြစ်သည်။

သို့ဖြစ်၍ ရွေးကောက်ပွဲခုံအဖွဲ့ (၂) က "ဘောက်ချာအချို့တွင် တံဆိပ်ခေါင်းမကပ်မိမှုကြောင့် တရားမဲ့ ပြုကျင့်သည်ဟု ကောက်ယူရန် သင့်မြတ်မည်မဟုတ်ပေ။ ထို့အပြင် ရွေးကောက်ပွဲကုန်ကျစရိတ်ပုံစံ (၂၀) အပိုဒ် ၂ မှတ်ချက် (၁) နှင့် (၂) ဖော်ပြထားရာ၌ ပြေစာများတွင် တံဆိပ်ခေါင်းကပ်ရန် ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရှိရသည်။ ယင်းကိစ္စကြောင့် လျှောက်ထားခံရသူ မဲပိုရခဲ့သည်ဟု မထင်ရှားပေ" ဆိုသည့် သုံးသပ်ချက်မှာ သင့်မြတ်မှန်ကန်သည်ဟု သုံးသပ်ရသဖြင့် ဤအယူခံရုံးက ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်ပေ။

လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက် ရာတွင် မိမိသုံးစွဲခွင့်ရှိသော ငွေကြေးပမာဏအတွင်းမှ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းကိစ္စ အလို့ငှာ ကျခံသုံးစွဲရမည့် ကိစ္စရပ်များကိုသာ ကျခံသုံးစွဲ၍ ရွေးကောက်ပွဲကုန်ကျစရိတ်ငွေစာရင်းတွင် ထည့်သွင်း ဖော်ပြရန်ဖြစ်သည်။ အခကြေးငွေဖြင့် ခန့်အပ်ခွင့်ရှိသည့်ပုဂ္ဂိုလ်များမှအပ အခြားသူများကို အခကြေးငွေ သို့မဟုတ်

ပစ္စည်းတစ်စုံတစ်ရာပေး၍ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များတွင် အသုံးပြုခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် မသက်ဆိုင်သည့် ကိစ္စရပ်များ၌ ငွေကြေးသုံးစွဲ၍ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတွင် ထည့်သွင်းခြင်းတို့ပြုမည်ဆိုပါက ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မည်မဟုတ်ပေ။

ရွေးကောက်ပွဲပြီးနောက် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာတင်သွင်းရန်အကြောင်းပေါ်ပေါက်သည့်အခါ ငွေစာရင်းတွင် ဖော်ပြမထားသော ကုန်ကျစရိတ်များသည် ကန့်ကွက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းက အမှန်တကယ်ကျခံသုံးစွဲခဲ့သည့် ငွေများဖြစ်ကြောင်း ကန့်ကွက်သူက သက်သေအထောက်အထားခိုင်မာစွာ ကန့်ကွက်လွှာတွင် ဖော်ပြကန့်ကွက်သင့်သည်။ ယင်းသို့မဟုတ်ဘဲ ယူဆချက်သက်သက်ဖြင့် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရာတွင် "ကုန်ကျသုံးစွဲခဲ့သည့် ငွေရှိမှာပဲ" ဟု အထင်ဖြင့် ငွေစာရင်းတွင် ဖော်ပြရန် ပျက်ကွက်ကြောင်း အဆိုပြုကာ ကန့်ကွက်ခြင်းခံရသူက "ရှင်းလင်းဖြေကြားပေတော့" ဟု လွယ်လွယ်ဖြင့် ကန့်ကွက်လွှာတင်သွင်းခြင်းမျိုးမပြုသင့်ပေ။

၃. ၁၁. ၂၀၀၈ ရက်နေ့တွင် ကျင်းပသည့် မန္တလေးတိုင်းဒေသကြီးလွှတ်တော်၊ ရှမ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ရွေးကောက်ပွဲ၌ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် ရရှိသည့် ခိုင်လုံမဲမှာ **၇၁၆၇ မဲ** ဖြစ်ပြီး ဒေါ်နန်းထွေးမွှံရရှိသည့် ခိုင်လုံမဲမှာ **၄၆၅၂ မဲ** ဖြစ်သဖြင့် ခိုင်လုံမဲကွာခြားချက် **၂၅၁၅ မဲ** ဖြစ်သည်။

ဒေါ်နန်းထွေးမွှံက ကန့်ကွက်လွှာတင်ပြရာတွင် ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်ရရှိသောမဲများသည် တရားမဲ့ပြုကျင့်မှုကြောင့်ရရှိသော မဲများဖြစ်သဖြင့် ဒေါ်နန်းထွေးမွှံကသာလျှင် ခိုင်လုံမဲအများဆုံးရရှိသူဖြစ်ကြောင်း ဖော်ပြထားသည်။ အထက်ပါတွေ့ရှိ သုံးသပ်ချက်များအရ ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် သည် တရားမဲ့ပြုကျင့်မှုများပြုခဲ့ကြောင်း၊ ယင်းတရားမဲ့ပြုကျင့်မှုများကြောင့် ရရှိသော မဲများဖြစ်ကြောင်း မထင်ရှားပေ။

သို့ဖြစ်၍ ဤအယူခံလျှောက်ထားချက်ကို အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်။

**အမိန့်**

မန္တလေးတိုင်းဒေသကြီးလွှတ်တော်၊ ရှမ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်း ရွေးကောက်ပွဲခုံအဖွဲ့ (၂) ၏ ဆုံးဖြတ်ချက်ကို အတည်ပြု၍ ဒေါ်နန်းထွေးမွှံ၏ အယူခံလျှောက်ထားချက်အား ပလပ်လိုက်သည်။

ဤအယူခံအမှုအတွက် တရားစရိတ်သတ်မှတ်ခြင်းမပြု။

(ဦးလှသိန်း)
ဥက္ကဋ္ဌ

| | | | | | | |
|---|---|---|---|---|---|---|
| (ဦးအောင်မြင့်)<br>အဖွဲ့ဝင် | (ဦးစိုးရယ်)<br>အဖွဲ့ဝင် | (ဦးထွန်းခင်)<br>အဖွဲ့ဝင် | (ဦးလှတင့်)<br>အဖွဲ့ဝင် | (ဦးမြင့်နိုင်)<br>အဖွဲ့ဝင် | (ဦးသန်းဌေး)<br>အဖွဲ့ဝင် | (ဦးညွန့်စိန်)<br>အဖွဲ့ဝင် |
| (ဦးသက်ထွန်း)<br>အဖွဲ့ဝင် | (ဦးမြင့်အောင်)<br>အဖွဲ့ဝင် | (ဦးစောဒယ်နီရယ်ကြည်)<br>အဖွဲ့ဝင် | (ဦးအောင်စိုးဝင်း)<br>အဖွဲ့ဝင် | (ဦးသန်းအောင်)<br>အဖွဲ့ဝင် | (ဦးမင်းဆွေ)<br>အဖွဲ့ဝင် | (ဦးဆွေတင့်လွင်)<br>အဖွဲ့ဝင် |

**[ ယခင်အပတ် (၂၀၁၉ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂။) ကရင်ပြည်နယ် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဥပဒေမှ အဆက် ]**

## အခန်း (၄)

## ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူနှင့် ၎င်း၏တာဝန်များ

၆။ အစိုးရအဖွဲ့သည် -

(က) ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ခွင့်ပြုခြင်းလုပ်ငန်းများကို ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသော မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် မည်သည့်အဖွဲ့အစည်းကမဆို လျှောက်ထားလာပါက တည်ဆဲဥပဒေနှင့်အညီ လျှပ်စစ်ဆိုင်ရာလုပ်ငန်း ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ လုပ်ငန်းဆောင်ရွက်ရန် ငြင်းပယ်ပါက ငြင်းပယ်ကြောင်း လျှောက်ထားသူထံ ပြန်ကြားရမည်။

(ခ) ခွင့်ပြုမိန့်ထုတ်ပေးရာတွင် လုပ်ပိုင်ခွင့်သက်တမ်းသတ်မှတ်ခြင်းနှင့် တိုးမြှင့်ခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ရမည်။

(ဂ) အစိုးရအဖွဲ့သည် ပုဒ်မ ၆ (က) အရ ဆောင်ရွက်ရာတွင် ပြည်ထောင်စုလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်းဆိုင်ရာလုပ်ငန်းနှင့်ဆက်စပ်ပါက ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၇။ အစိုးရအဖွဲ့သည် လျှပ်စစ်ဆိုင်ရာလုပ်ငန်း ခွင့်ပြုမိန့်များကို အောက်ပါအကြောင်း တစ်ရပ်ရပ်ကြောင့် ရုပ်သိမ်းနိုင်သည် -

(က) လျှပ်စစ်ဆိုင်ရာလုပ်ငန်းနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(ခ) ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း။

## အခန်း (၅)

## လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခွင့်

၈။ အလတ်စားနှင့် အသေးစား လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်လိုသူသည် လုပ်ပိုင်ခွင့်ရရှိရေးအတွက် ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့ထံသို့ လျှောက်ထားရမည်။

၉။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ပိုင်ခွင့်ရရှိသူသည် -

(က) လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်းကို လျှပ်စစ်ဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၌ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ပိုင်ခွင့်အမိန့်အရ သတ်မှတ်ထားသည့် လျှပ်စစ်ဓာတ်အားကိုသာ ထုတ်ရမည်။

(ဂ) လျှပ်စစ်ဓာတ်အားအတွက် အသုံးပြုသည့် လျှပ်စစ်ဓာတ်အားတိုင်းတာရေး ပစ္စည်းကိရိယာများ၊ အကာအကွယ်ပြု ပစ္စည်းကိရိယာများကို စနစ်တကျ တပ်ဆင်အသုံးပြုရမည်။

(ဃ) ရေအားလျှပ်စစ်လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသည့် ရေဝင်ရေထွက် ရေစီးကြောင်းသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုအဖွဲ့အစည်းတွင် ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ရမည်။

(င) စက်လည်ပတ်ရာမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများသည် ပတ်ဝန်းကျင်ညစ်ညမ်းမှု အန္တရာယ်မရှိစေရန် ဆောင်ရွက်ရမည်။

(စ) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသည့် ဆက်စပ်ပစ္စည်းများသည် လူနှင့်တိရစ္ဆာန်အတွက် အန္တရာယ်မဖြစ်စေရန် ဆောင်ရွက်ရမည်။

(ဆ) လျှပ်စစ်ဓာတ်အားသုံးစွဲသူထံမှ သတ်မှတ်နှုန်းထားများနှင့်အညီ လျှပ်စစ်ဓာတ်အားခ ကောက်ခံခွင့်ရှိသည်။

(ဇ) လျှပ်စစ်ဓာတ်အားသုံးစွဲသူက ကျသင့်သည့် လျှပ်စစ်ဓာတ်အားခငွေများကို သတ်မှတ်ထားသည့်ရက်အတွင်း ပေးဆောင်မှုမရှိလျှင် လျှပ်စစ်ဓာတ်အား ဖြတ်တောက်ခွင့် သို့မဟုတ် ယာယီရပ်ဆိုင်းခွင့် ရှိသည်။

(ဈ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းချက်များကို လိုက်နာရမည်။

(ည) လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသူသည် နိုင်ငံတော်ပိုင် လျှပ်စစ်ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများနှင့် ဆက်စပ်ပစ္စည်းများကို ငှားရမ်းသုံးစွဲ၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးလိုပါက သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူကာ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး ခိုင်ကြေး (Royalty Fee) ကို ပေးသွင်းရမည်။

၁၀။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ပိုင်ခွင့်ရရှိသူသည် မဟာဓာတ်အားလိုင်းစနစ်သို့ လျှပ်စစ်ဓာတ်အား ရောင်းချလိုပါက အစိုးရအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၁၁။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ပိုင်ခွင့်ရရှိသူသည် ခွင့်ပြုမိန့်ပါ လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အခြားအဖွဲ့အစည်းများနှင့် ပူးတွဲဆောင်ရွက်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်း စသည့် ကိစ္စရပ်များ ဆောင်ရွက်လိုပါက ခိုင်လုံသော အကြောင်းပြချက်ဖြင့် အစိုးရအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၁၂။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ပိုင်ခွင့်ရရှိသူသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်း လုပ်ငန်းများကို အစိုးရအဖွဲ့တွင် မှတ်ပုံတင်ရမည်။

၁၃။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ပိုင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်ရရှိသော လျှပ်စစ်ဆိုင်ရာလုပ်ငန်းနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့က သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၁၄။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ပိုင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်ကာလ ကုန်ဆုံးချိန်တွင် ပြန်လည် လွှဲပြောင်းပေးရမည့် လုပ်ငန်းနှင့်စပ်လျဉ်း၍ မူလအခြေအနေအတိုင်းသော်လည်းကောင်း၊ ခွင့်ပြုမိန့်ရရှိစဉ်က စည်းကမ်းချက်များအရသော်လည်းကောင်း သဘောတူညီထားသည့်အတိုင်း သက်ဆိုင်ရာသို့ လွှဲပြောင်းပေး ရမည်။

၁၅။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ပိုင်ခွင့်ရရှိသူသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) အသုံးပြုရန်လိုအပ်သော မြေပမာဏကို တည်ဆဲဥပဒေများနှင့်အညီ ရယူအသုံးပြုရမည့်အပြင် ရေအားလျှပ်စစ် ထုတ်လုပ်မှုလုပ်ငန်းဖြစ်ပါက ရေအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ များနှင့်အညီ ရယူအသုံးပြုရမည်။

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့်အညီ ပတ်ဝန်းကျင်နှင့်လူမှုစီးပွားဝန်းကျင်သက်ရောက်မှု တို့ကို ဆန်းစစ်ခြင်း၊ ထိခိုက်မှုအနည်းဆုံး နည်းလမ်းဖြင့် ဆောင်ရွက်ခြင်း၊ ထိခိုက်မှုများအတွက် ပြန်လည်ပေးလျော်ခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေ ထည့်ဝင်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဂ) လျှပ်စစ်ဓာတ်အားစနစ်အတွင်း တည်ဆောက်အသုံးပြုနေသော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် ပို့လွှတ်ရေးလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများနှင့် ဆက်စပ်အဆောက်အအုံများကို တည်ဆဲဥပဒေများနှင့်အညီ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်းနှင့် ပြောင်းရွှေ့တည်ဆောက်ခြင်းတို့ ဆောင်ရွက်ရမည်။

(ဃ) လေယာဉ်ကွင်း၊ ရထားလမ်း၊ မော်တော်ကားလမ်း၊ ထရော်လီကားလမ်း၊ တူးမြောင်း၊ မြစ်ချောင်း၊ ဆိပ်ကမ်း၊ ဆိပ်ခံတံတား၊ သင်္ဘောကျင်း၊ ရေကတုတ် စသည်များကို မည်သည့်နည်းနှင့်မျှ ထိခိုက် ပျက်စီးခြင်း မရှိစေရ။

(င) ကြေးနန်း၊ စကားပြောကြေးနန်း၊ သင်္ကေတသုံးလျှပ်စစ်ကြေးနန်း၊ အချက်ပြကြေးနန်းရိုက်ရာတွင် အသုံးပြုနေသည့် အခြားကြိုးများနှင့် လေလှိုင်းများသို့ လျှပ်စစ်ဓာတ်အားကူးဝင်စေခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းအားဖြင့်ဖြစ်စေ ထိခိုက်နစ်နာပျက်စီးခြင်း မဖြစ်စေရ။

၁၆။ လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ပိုင်ခွင့်ရရှိသူသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ရာတွင် လူ သို့မဟုတ် တိရစ္ဆာန်ကို ဒဏ်ရာရရှိစေခြင်း၊ ကိုယ်အင်္ဂါတစ်ခုခု မသန်မစွမ်းဖြစ်စေခြင်း၊ သေဆုံးခြင်း စသည့် လျှပ်စစ် အန္တရာယ် မတော်တဆဖြစ်ပေါ်ခဲ့လျှင် လျှပ်စစ်ဆိုင်ရာလုပ်ငန်း စစ်ဆေးရေးအဖွဲ့သို့ အမြန်ဆုံး အကြောင်း ကြားရမည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက် ( ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၀၇/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၇) နှင့် မကွေးတိုင်းဒေသကြီးလွှတ်တော်ရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၇) တို့ဖြင့် ဖွဲ့စည်းခဲ့သည့် ဖွဲ့စည်းပုံသစ်နှင့်အညီ မကွေးတိုင်းဒေသကြီးလွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးခိုင် အား သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူခွင့်ပြုချက်အရ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**[ ယခင်အပတ် စိုက်ပျိုးရေးဦးစီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၉ ပိုးသတ်ဆေးဥပဒေမှ အဆက် ]**

၃၁။ ပိုးသတ်ဆေးကို လက်လီလက်ကားရောင်းချလိုသူသည် **ပုံစံ (၉)** ကို ပြည့်စုံစွာ ဖြည့်သွင်း၍ သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးထံသို့ လျှောက်ထားရမည်။ သို့ရာတွင် အပိုဒ် ၂၁ သို့မဟုတ် အပိုဒ် ၂၄ အရ လျှောက်ထားပြီးနောက် လိုင်စင်ရရှိသူသည် တိုက်ရိုက်ဖြန့်ဖြူးရောင်းချသည့်ကိစ္စတွင်မူ အပိုဒ် ၃၀ အရ ထပ်မံလျှောက်ထားရန်မလို။

၃၂။ အပိုဒ် ၃၁ အရ လိုင်စင်လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ လက်လီလက်ကားအရောင်းဆိုင်သည် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်၊ စားသောက်ကုန်ဆိုင် စသည့်ပတ်ဝန်းကျင် အန္တရာယ်ကင်းကြောင်း သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၃၃။ သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးသည် အပိုဒ် ၃၁ အရ လျှောက်ထားလာသော လျှောက်လွှာများနှင့်စပ်လျဉ်း၍ စိစစ်ပြီးနောက် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ထပ်မံလိုအပ်သည့် အထောက်အထားအချက်အလက်များကို လျှောက်ထားသူထံမှ တောင်းခံခြင်း၊

(ခ) လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) အခြားသင့်သည်ဟု ထင်မြင်ယူဆသည့် အမိန့်တစ်ရပ်ရပ်ချမှတ်ခြင်း။

၃၄။ သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးသည် အပိုဒ် ၃၁ အရ လျှောက်ထားလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ လိုင်စင် ထုတ်ပေးပါက **ပုံစံ (၁၀)** ဖြင့် လိုင်စင်ထုတ်ပေးရမည်။

၃၅။ ပိုးသတ်ဆေးတင်သွင်းဖြန့်ဖြူးသူ၊ လက်လီလက်ကားရောင်းချသူ၊ ပြန်လည်ထုပ်ပိုးရောင်းချသူ၊ ဖော်စပ်ထုတ်လုပ်ရောင်းချသူနှင့် ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်း လုပ်ကိုင်သူအားလုံးသည် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့မှ ကြီးမှူးဖွင့်လှစ်သော ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲသူသင်တန်း တက်ရောက်ပြီးဖြစ်ရမည်။

## အခန်း (၄)

## ပိုးသတ်ဆေးတင်သွင်းသူ လိုက်နာရမည့်အချက်များ

၃၆။ မှတ်ပုံတင်ထားသည့် ပိုးသတ်ဆေးကိုတင်သွင်းသူက အောက်ပါအချက်များကို လိုက်နာရမည် -

(က) ပြည်ပမှတင်သွင်းသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းများ ရောက်ရှိလာပြီးနောက် စိုက်ပျိုးရေးဦးစီးဌာန၏ စစ်ဆေးမှုကို မပျက်မကွက် ခံယူရမည်။ အရည်အသွေးစစ်ဆေးရန်အတွက် နမူနာရယူရန် သတ်မှတ်သည့်နည်းလမ်းအတိုင်း သတ်မှတ်ထားသည့် နမူနာ အရေအတွက် သို့မဟုတ် အလေးချိန်ကို စစ်ဆေးရေးမှူးအား အခမဲ့ရယူခွင့်ပြုရမည်။

(ခ) သတ်မှတ်ထားသည့် လျှောက်လွှာပုံစံ (၁၁) ကို ဖြည့်စွက်၍ နမူနာယူသည့်လက်မှတ်ပုံစံ (၁၂) ကို စစ်ဆေးရေးမှူးထံမှ တောင်းခံရမည်။

(ဂ) ပိုးသတ်ဆေးများကို မှတ်ပုံတင်အဖွဲ့က ထုတ်ပြန်သည့် လမ်းညွှန်ချက်များအတိုင်း အန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်စေခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် သိုလှောင်ထိန်းသိမ်းခြင်း ပြုရမည်။

(ဃ) ပိုးသတ်ဆေးဖြန့်ဖြူးရောင်းချခြင်းပြုလုပ်ရာတွင် လိုင်စင်ရရှိသူများကိုသာ ရောင်းချခြင်း၊ အရောင်းပြေစာထားရှိခြင်း၊ ပိုးသတ်ဆေးအမျိုးအစားအလိုက် အရောင်းမှတ်ပုံတင် ဖွင့်လှစ်၍ရေးသွင်းခြင်း၊ အရောင်းမှတ်တမ်းထားခြင်း ပြုရမည်။

(င) ပိုးသတ်ဆေး သိုလှောင်သည့် အဆောက်အအုံ၏ မြင်သာသောနေရာတွင် **အန္တရာယ်ရှိသည်** ဆိုသည့်စာတန်းကို ထင်ရှားစွာ ချိတ်ဆွဲထားရမည်။

(စ) ပိုးသတ်ဆေး အထုတ်အသွင်း မပြုလုပ်သည့်အချိန်တွင် သိုလှောင်ရုံကို လုံခြုံစွာသော့ခတ်ထားရမည်။

(ဆ) ပိုးသတ်ဆေး အတင်အချပြုလုပ်ရာတွင် အန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်တတ်သူ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

(ဇ) ပိုးသတ်ဆေးသိုလှောင်ရုံ၏ တည်နေရာနှင့် သိုလှောင်ထားသည့် အမျိုးအစားနှင့် အများဆုံးသိုလှောင်နိုင်သည့် ပမာဏကို အနီးဆုံးမီးသတ်စခန်းသို့ လစဉ်ပေးပို့ထားရမည်။

(ဈ) ပိုးသတ်ဆေးများကို လူနေအိမ်ခန်းများ၊ ပတ်ဝန်းကျင်အန္တရာယ်ဖြစ်စေနိုင်သောနေရာများတွင် သိုလှောင်ထားရှိခြင်းမပြုရ။

(ည) အကြောင်းတစ်ခုခုကြောင့် စွန့်ပစ်ရန်ရှိသော ပိုးသတ်ဆေး၊ အဆိပ်ရှိပစ္စည်း သို့မဟုတ် ထုပ်ပိုးပစ္စည်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာနက ညွှန်ကြားထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဋ) မိမိလက်ဝယ်ရှိ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းများ အာနိသင်လျော့နည်းသွားကြောင်းကို တစ်နည်းနည်းဖြင့်သိရှိပါက ရောင်းချခြင်းမပြုရန်နှင့် ဖျက်ဆီးစွန့်ပစ်ရန်တို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက ညွှန်ကြားထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဌ) ပိုးသတ်ဆေးများကို လုံခြုံစွာထုပ်ပိုး၍ရောင်းချခြင်း၊ ပေါက်ပြဲနေသည့် ပိုးသတ်ဆေးအိမ်များကို လုံခြုံအောင်ပြန်လည်ထုပ်ပိုးပြီး မှတ်ပုံတင်အဖွဲ့မှ အတည်ပြုထားသော မြန်မာအညွှန်းစာဖြင့် ရောင်းချခြင်းပြုလုပ်ရမည်။

(ဍ) ပိုးသတ်ဆေးများ၏ အာနိသင်နှင့်စပ်လျဉ်း၍ မမှန်မကန်ကြော်ငြာရောင်းချခြင်း မပြုရ၊ မှတ်ပုံတင်အဖွဲ့က ခွင့်ပြုသည့်အတိုင်းသာ ကြော်ငြာရောင်းချရမည်။

(ဎ) ပိုးသတ်ဆေး စစ်ဆေးရေးမှူးမှ လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည့်အပြင် လိုအပ်သည့်အကူအညီများပေးရမည်။

(ဏ) ပိုးသတ်ဆေးများကို မြန်မာဘာသာ အညွှန်းစာဖြင့်သာ တင်သွင်းခြင်း၊ ပြန်လည်ထုပ်ပိုးရောင်းချခြင်းနှင့် ဖော်စပ်ထုတ်လုပ်ရောင်းချခြင်းပြုလုပ်ရမည်။

(တ) ပြည်ပနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ရရှိထားသော ထုတ်လုပ်သူ သို့မဟုတ် အခွင့်အာဏာလွှဲအပ်ထားသူထံမှ ဝယ်ယူကြောင်း အထောက်အထား တင်ပြရမည်။

[ ဆက်လက်ဖော်ပြပါမည်။ ]

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက် ( ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၅၈ (ခ) အရ အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီမှ အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီသို့ ပြောင်းလဲမည်ဖြစ်ကြောင်း ကြေညာခြင်း

ကျွန်တော်များ **အရှေ့နမ့်ခုံးကြီးပွားတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** ၏ ၂၄-၈-၂၀၁၉ ရက်နေ့တွင် ကျင်းပသောရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ အထူးအစည်းအဝေးမှ ကုမ္ပဏီအား အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီမှ အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီသို့ ပြောင်းလဲမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ အမည်ကိုလည်း **အရှေ့နမ့်ခုံးကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက်** သို့ ပြောင်းလဲပြင်ဆင်ရန်နှင့် ကုမ္ပဏီ၏ ဖွဲ့စည်းပုံစည်းမျဉ်းကိုလည်း မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) အရ သတ်မှတ်ဖော်ပြထားသည့် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပုံစံကို ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များမှ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

အဆိုပါ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်း သတ်မှတ်ပုံစံကိုလည်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီမှ အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီသို့ ပြောင်းလဲရန် အတွက် ကန့်ကွက်လိုသူရှိပါက အောက်ဖော်ပြပါ ကုမ္ပဏီ၏ရုံးခန်းလိပ်စာသို့ဆက်သွယ်ပြီး ကန့်ကွက် နိုင်ကြောင်း ကြေညာအပ်ပါသည်။

**အရှေ့နမ့်ခုံးကြီးပွားတိုးတက်ရေး**
**အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**
အမှတ် (၂/၁၃၆)၊ ဘုရင့်နောင်လမ်း၊ မြန်မာမေဖလားဝါးစင်တာ
မကာဟိုခမ်းရပ်ကွက်၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း။
၀၉-၄၃၀၀၆၆၈၀၊ ဖက်(စ်) ၈၄-၅၁၁၀၆

NOTICE

**CHIA TAI SEEDS COMPANY LIMITED**
**(BRANCH OFFICE)**

In Liquidation

In pursuant of Section 55 of Myanmar Companies Law, I hereby given notice that **CHIA TAI SEEDS COMPANY LIMITED (BRANCH OFFICE)** in liquidation since 4th January 2019, will finally wind up its affairs in Myanmar on 30th August 2019.

No claim or claims whatsoever against the Company will be entertained after 30th August 2019.

U Papo Ganesan
[B.A (English), R.L],
Advocate (Registration No. 4647)
Khin Su Htay & Associates
Legal and Tax Consultants Ltd.
Liquidator

Building No. C 1, Room No. 005, Ground Floor, Hninnsi Street,
Yuzana Highway Complex, Kamayut Township, Yangon, Myanmar.

NOTICE

**HITACHI ASIA (THAILAND) COMPANY LIMITED**
**(YANGON BRANCH)**

In Liquidation

In pursuant of the Ministry of National Planning and Economic Development's Press Release No.2/94 dated 14th January 1994, I hereby given notice that **HITACHI ASIA (THAILAND) COMPANY LIMITED (YANGON BRANCH)** in liquidation since 17th March 2017, will finally wind up its affairs in Myanmar on 30th August 2019.

No claim or claims whatsoever against the Company will be entertained after 30th August 2019.

U Papo Ganesan
[B.A (English), R.L],
Advocate (Registration No. 4647)
Khin Su Htay & Associates
Liquidator

Building No. C 1, Room No. 005, Ground Floor, Hninnsi Street,
Yuzana Highway Complex, Kamayut Township, Yangon, Myanmar.

## အကောင်းဆုံးကံကောင်းခြင်း ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်
## (SUPER LUCKY GEMS & JEWELLERY COMPANY LIMITED)

အစုရှင်များ၏ဆန္ဒအရ နောက်ဆုံးအပြီးသတ် အစည်းအဝေးဖိတ်ကြားခြင်း

**SUPER LUCKY GEMS & JEWELLERY COMPANY LIMITED** ၏ နောက်ဆုံးအပြီးသတ် အစည်းအဝေးကို (၃၀-၉-၂၀၁၉) ရက်နေ့ နံနက် (၉:၀၀) နာရီတွင် အမှတ် (၅၄)၊ လမ်းမတော်လမ်း၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့၌ နောက်ဆုံးအပြီးသတ် အစည်းအဝေးကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များ အားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

KYAWT MG
[B.A., CPA., R.A., I.C.M.A., PART II (LONDON)]
Certified Public Accountant & Auditor

## Mizzima Myanmar Development Group Company Limited

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၄၈ အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာခြင်း

၁။ **Mizzima Myanmar Development Group Company Limited (မဇ္ဈိမမြန်မာ ဖွံ့ဖြိုးတိုးတက်ရေး အုပ်စု ကုမ္ပဏီလီမိတက်)** ကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၆. ၈. ၂၀၁၉) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်အဖြစ် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးသန်းအောင် [B.Com (Q),CPA, D.C.Sc] တိုက်(သစ်) (၂)၊ အခန်း (၄)၊ ဖဆပလအိမ်ရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို (၃၀. ၉. ၂၀၁၉) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

ဦးတင်မောင်ဌေး
မန်နေးဂျင်းဒါရိုက်တာ
မဇ္ဈိမမြန်မာ ဖွံ့ဖြိုးတိုးတက်ရေးအုပ်စု ကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဦးသန်းအောင်
[B.Com (Q), CPA, D.C.Sc]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
U THAN AUNG & ASSOCIATES

(အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းဆဲကုမ္ပဏီ)

**Myanmar Machinery Manufacturing Co.,Ltd**

**Final Meeting - နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅၀-ခ (၂၀၁၇) အရ **Myanmar Machinery Manufacturing Co.,Ltd** ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၁၀၃၃၃၉၉၄ (၃၀. ၁၁. ၂၀၁၈) ဖျက်သိမ်းခြင်းကို (၃၀. ၉. ၂၀၁၉) နေ့ နံနက် ၉း၀၀ နာရီတွင် အပြီးသတ်စာရင်းရှင်းလင်းမည်ဖြစ်ပါ၍ အစုရှင်များအားလုံး နောက်ဆုံးအစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

Daw Khin Win Yi
[B.Com (A.A), CPA]
Registered Accountant, Auditor
Financial Consultant
Liquidator
No.189, 2nd Fl (left), Middle Block, 39th Street,
Kyauktada Township, Yangon.

**နိုင်ငံသားစီးပွားရေးအာမခံ အများပိုင်ကုမ္ပဏီလီမိတက်**

**(Citizen Business Insurance Public Co.,Ltd)**

အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခုသို့ပြောင်းလဲခြင်း

(၁၂. ၁၂. ၂၀၁၈) ရက်နေ့တွင် ကျင်းပသော အထူးအထွေထွေအစည်းအဝေး ဆုံးဖြတ်ချက်အရ **နိုင်ငံသားစီးပွားရေးအာမခံ အများပိုင်ကုမ္ပဏီလီမိတက်** အား အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီလီမိတက် အဖြစ်သို့ ပြောင်းလဲရန် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၅၈၊ ပုဒ်မခွဲ (က) နှင့်အညီ (၂၃. ၈. ၂၀၁၉) ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန မှတ်ပုံတင်အရာရှိထံ တင်ပြထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၅၈၊ ပုဒ်မခွဲ (ခ) အရ အများသိရှိနိုင်ရန် ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့ကိုယ်စား

ဦးသောင်းဟန်
မန်နေးဂျင်းဒါရိုက်တာ
နိုင်ငံသားစီးပွားရေးအာမခံ အများပိုင်ကုမ္ပဏီလီမိတက်

**Ntegrator Myanmar Limited**

(Company Registration No. 112311696)

**Notice of Final General Meeting**

**For Members' Voluntary Winding-Up**

**Pursuant to Section 348 and 357 (b)**

1. Pursuant to Section 348 and 357 (b) of the Myanmar Companies Law 2017, notice is hereby given that the Final General Meeting of **Ntegrator Myanmar Limited** (the "**Company**") shall be held at Myanmar Centre Tower 1, Floor 07, Unit 08, No. 192, Kaba Aye Pagoda Road, Bahan Township, Yangon on 27th September 2019 at 10:00 am for the purpose of laying the Liquidator's account of the winding up and giving any explanation thereof.
2. The Liquidator's account of winding up shall show how the winding up has been conducted and the property of the Company has been disposed of.
3. All members are invited to attend the Final General Meeting of the Company.

U Kyaw Swa Myint

Liquidator

Myanmar Centre Tower 1, Floor 07, Unit 08,

No. 192, Kaba Aye Pagoda Road, Bahan Township, Yangon.

**GRP SERVICES MYANMAR CO., LTD**

**In the matter of the myanmar company act and GRP services myanmar Co., Ltd**

**Notice For Voluntary Winding Up**

**Under Section 206 (1) & Claims Notice**

At an Extraordinary General Meeting of the shareholders of the Company held at its Registered Office at No.26, Hlaing Myint Mo Lane (4), Kan Street, 10th Quarter, Hlaing Township, Yangon, Myanmar at 9:00 am on 15th July 2019, the following resolutions were passed as special resolutions: -

(1) "that the Company, be, and is hereby decided to be wound up voluntarily"

(2) "that U Thein Htay, be, and is hereby appointed Liquidator of the Company for the purpose of such winding up and authorized to carry on the business of the Company to such extent and for such period as may be necessary for the voluntary winding up thereof and be granted such other powers as may be deemed fit or proper".

(3) Claim Notice is also hereby issued by liquidator: -
I, the under signed Liquidator of the above named company, have fixed the date for liquidation at 30th September 2019. The creditors of the above named company are requested to submit their claims together with the detail evidence of the debts and the claims after the Liquidation date will not be considered for the benefit as creditors.

Mr. Kwan Chee Hong
Director
GRP Services Myanmar Co.,Ltd

U Thein Htay
Liquidator

**BAN HOCK HIN MYANMAR LTD**

Notification

For Final Meeting of All Shareholders

Under Section 308 (E) of the Myanmar Companies Act, It is hereby notified to all shareholders to be present at the Final General Meeting of the above-mentioned Company situated at No. 91, 39th Street (Ground Floor), Kyauktada Township, Yangon, Myanmar to be held at 10:00 am, 30.9.2019. The Liquidator U Khin Win will submit the final liquidation accounts, liquidation latest conditions, and if agreed, will submit the liquidation statement to the Company Registration Office.

Maj. Khin Maung Win (Rtd.)
Co-Liquidator
Ban Hock Hin Myanmar Ltd

ဦးခင်ဝင်း
[B.A., H.G.P., R.L., D.B.L, D.I.L, D.M.L
P.G.D.I.T (New Delhi); D:Jap; M.P.A, M.A (B.L)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(Liquidator's office) No. 175 (first floor), 48th Street,
Botahtaung Township, Yangon, Myanmar. (Phone 09500883)

**HTOOT YADANAR PHYO COMPANY LIMITED**

**ဖျက်သိမ်းရန်ကြော်ငြာချက်**

၁။ **HTOOT YADANAR PHYO COMPANY LIMITED** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက် ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့ စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

Su Mon Phyo
Managing Director
Htoot Yadanar Phyo Co., Ltd

ဦးဇင်ဝေ
[B.Com (AA)., CPA (210)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ARNO (Myanmar) Co., Ltd**

Notification

For Final Meeting of All Shareholders

Under Section 308 (E) of the Myanmar Companies Act, It is hereby notified to all shareholders to be present at the Final General Meeting of the above-mentioned Company situated at No. 175 (1st Floor), 48th Street, Botahtaung Township, Yangon, Myanmar to be held at 10:00 am, 30.9. 2019. The Liquidator U Khin Win will submit the final liquidation accounts, liquidation latest conditions, and if agreed, will submit the liquidation statement to the Company Registration Office.

ဦးခင်ဝင်း

[B.A., H.G.P., R.L., D.B.L, D.I.L, D.M.L

P.G.D.I.T (New Delhi); D:Jap; M.P.A, M.A (B.L)]

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(Liquidator's office) No. 175 (first floor), 48th Street,

Botahtaung Township, Yangon, Myanmar. (Phone 095008583)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ၃၅၇ (က) အရ ကြော်ငြာစာ

**ဥရောပ အာရှ စက်မှုနည်းပညာ ကုမ္ပဏီလီမိတက်**

**EURO-ASIAN ENGINEERING COMPANY LIMITED**

(အစုရှယ်ယာရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း

**ဥရောပ အာရှ စက်မှုနည်းပညာ ကုမ္ပဏီလီမိတက်** ၏စာရင်းများကို အပြီးသတ် ရှင်းလင်းဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

နေ့ရက် ။ ။ ၃၀. ၉. ၂၀၁၉ (တနင်္လာနေ့)

အချိန် ။ ။ နံနက် (၁၀း၀၀) နာရီ

နေရာ ။ ။ အမှတ် (၄၅/၅၅) စီ၊ လေဆိပ်လမ်းသွယ် (၁)၊
စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ကုမ္ပဏီ၏ အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပါရန် ဖိတ်ကြားပါသည်။

Daw Helen

Managing Director

Euro-Asian Engineering Company Ltd

ဒေါ်နော်ဆည်းဇာ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

တိုက် (၈)၊ ၄ လွှာ (ဘီ)၊ ခေမာလမ်း၊

(၈) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ၃၅၇ (က) အရ ကြော်ငြာစာ

**2Sparrow Company Private Limited**

(အစုရှယ်ယာရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း

**2Sparrow Company Private Ltd** ၏စာရင်းများကို အပြီးသတ် ရှင်းလင်းဖျက်သိမ်းနိုင်ရန် အတွက် နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

နေ့ရက် ။ ။ ၃၀. ၉. ၂၀၁၉ (တနင်္လာနေ့)

အချိန် ။ ။ နံနက် (၁၀း၀၀) နာရီ

နေရာ ။ ။ အမှတ် (၄၅/၅၅) စီ၊ လေဆိပ်လမ်းသွယ် (၁)၊
စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ကုမ္ပဏီ၏ အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပါရန် ဖိတ်ကြားပါသည်။

Ma Cherry Trivedi
Managing Director
2Sparrow Company Private Limited

ဒေါ်နော်ဆည်းဇာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
တိုက် (၈)၊ ၄ လွှာ (ဘီ)၊ ခေမာလမ်း၊
(၈) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

**BIGTREE COMPANY LIMITED**

**(YANGON BRANCH)**

In Liquidation

In pursuant of Section 55 of Myanmar Companies Law, I hereby given notice that **BIGTREE COMPANY LIMITED (YANGON BRANCH)** in Liquidation since 24th April 2019 will finally wind up its affairs in Myanmar on 22.8.2019.

No claim or claims whatsoever against the Company will be entertained after 22.8.2019.

U Thaung Aye
[B.A.,CPA (R.A), D.B.L, D.M.L, D.I.L]
Liquidator
No. (406), 4th Floor, Bo Myat Tun Tower (B),
Bo Myat Tun Road, Botahtaung Tsp, Yangon.

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၃၀-၈-၂၀၁၉။